www.burmeseclassic.com

BURMESE CLASSIC .com

# လယ်တွင်းသားစောချစ်

# လီမိုညှာဘေားမှ ဝေးပါစေ

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

ပန်းမြိုင်လယ်စာပေ
၅၇(က)၊ ခရေပင်လမ်း၊ ၂(ခ)ရပ်ကွက်၊
မင်္ဂလာဒုံ။ ဖုန်း – ၆၃၅၂၆၂

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၄၀၁၃၇၉၁၂၀၈
အဖုံးခွင့်ပြုချက် - ၄၀၀၁၄၂၀၂၀၉
မျက်နှာဖုံးဒီဇိုင်း - ဝင်းယုမောင်
ထုတ်ဝေသူ - ဦးသိန်းလွင်၊ ဝ၄၁၃၇(မြ)
ရွှေဟသ်ာစာပေ၊
အမှတ်(၂၆၃)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးခင်းလှိုင် (မြ-၀၅၃၆၆)
ရွှေဟသ်ာပုံနှိပ်တိုက်
အမှတ် (၃၁)၊ ဦးရွှေဥနိုးလမ်း၊
ပုဇွန်တောင်၊ ရန်ကုန်။
ပုံနှိပ်ခြင်း - ဒုတိယအကြိမ်
ပုံနှိပ်ပြီးစီးသည့်လ - ၂၀၀၉-ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ - [illegible]
တန်ဖိုး
ဖြန့်ချိရေး [illegible] စာပေ
၅၇(က)၊ ခရေပင်လမ်း၊ ၂(ခ)ရပ်ကွက်၊
မင်္ဂလာဒုံ။ ဖုန်း - ၆၃၅၂၆၂

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

| |
|---|
| ၁၇၀ |
| စောချစ်၊ လယ်တွင်းသား |
| လိမ်ညာဘေးမှဝေးပါစေ / ဦးဟင်လှိုင် - ရန်ကုန် |
| ရွှေဟသ်ာစာပေ ၊ ၂၀၀၉၊ ဒုကြိမ်၊ ၁၃၇ - စာ၊ ၁၃ x ၁၈.၅ စင်တီ။ |
| (၁) လိမ်ညာဘေးမှဝေးပါစေ |


# လယ်တွင်းသားစောချစ်

# လိမ်ညာဘေးမှ ဝေးပါစေ

www.burmeseclassic.com

## ပန်းမြိုင်လယ်စာပေတွင် ရရှိနိုင်သည့် လယ်တွင်းသားစာချစ်၏ စာအုပ်များ

၁။ ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး
၂။ ရွှေမြင်းမိုရ်မြို့မှာစိုးတယ်
၃။ အောင်မိတ်မြင့် ထူးချွန်စွာအောင်မြင်နည်း
၄။ သားသမီးကို ပေးချင်သောအမွေ
၅။ ပန်းရည်တာတ် စာစီစာကုံးများ
၆။ ဥပဓိရုပ်
၇။ ပန်းကြာမြူနင်းအာဆိပ်မိး
၈။ ဝန်းချစ်သူနေခြည်
၉။ ပန်းလိုချင် အပင်ကိုပျိုးတတ်မှ
၁၀။ ဝယ်သူ့စိတ်ကြိုက် လူ့စိတ်ကြိုက်
၁၁။ စကားလက်ဆောင်
၁၂။ ဘဝလမ်းညွှန်စကားမှန်
၁၃။ လိမ်ညာဘေးမှ ဝေးပါစေ
၁၄။ အချစ်အိမ်လေးတည်ဆောက်မယ်
၁၅။ စကားပုံမှပေးသော အတွေးအမြင်
၁၆။ မုဒ္ဒကယာဘုရားဖူး
၁၇။ မြန်မလော့မြစ်မှ နာဂစ်ပုံပြင်များ

## မာတိကာ


| | | |
|---|---|---|
| ၁။ | လမ်းပေါ်မှ ပိုက်ဆံအိတ် | ၁ |
| ၂။ | ပြောင်းလဲတတ်သော ပရိမိနာ | ၁၇ |
| ၃။ | ဆိုင်နှစ်ဆိုင်နှင့် ဆန်တစ်အိတ် | ၂၁ |
| ၄။ | နာရေးကြော်ငြာမှ လိပ်စာ | ၂၄ |
| ၅။ | နောက်ဖေးပေါက်မှ ဝင်နိုင်သူ | ၂၈ |
| ၆။ | မှတ်တိုက်ခံရသော ရွှေအတု | ၃၂ |
| ၇။ | ငွေညာပြီးလျှင် လူကိုပါ | ၃၅ |
| ၈။ | ရုပ်ရှင်ရုံမှ တည်ကြက်မ | ၄၀ |
| ၉။ | ကျားရူဝင်၍ ကျားဖမ်းသောမိန်းမ | ၄၄ |
| ၁၀။ | အားနွဲ့သူ၏ အန္တရာယ် | ၅၀ |
| ၁၁။ | မျက်ပြောင်၍ ကြောင်ရဲသည် | ၅၈ |
| ၁၂။ | တစ်သိန်းတန် ရိုက်ချက် | ၆၃ |
| ၁၃။ | မှန်လိုက်လေ ဆရာရယ် | ၇၁ |
| ၁၄။ | မတာတ်ဘဲနှင့် အတာတ်ပေါာဝုံသည် | ၈၀ |
| ၁၅။ | အလိမ်ခံချင်ကြသူများ | ၈၆ |
| ၁၆။ | လက်လှည့်ဘိုးတော် | ၉၂ |
| ၁၇။ | အချက်မသိလျှင် အထင်ကြီးသည် | ၉၈ |
| ၁၈။ | ကောက်သော် မစားလောက် | ၁၀၅ |
| ၁၉။ | မိန်းကလေးများ သတိထား | ၁၁၁ |
| ၂၀။ | မိန်းကလေးများ လိမ်ညာဘေးမှဝေးပါစေ | ၁၁၇ |
| ၂၁။ | လိမ်ရောင်း လိမ်ဝယ် လိမ်လည်သူများ | ၁၂၄ |
| ၂၂။ | ခုနှစ်သိန်းကျော် လိမ်ညာနည်း | ၁၂၉ |
| ၂၃။ | စာသင်တိုက်ကြီးသို့ ဆန်အိတ် ၁၀၀ | ၁၃၂ |
| ၂၄။ | ထိလက်မှတ်နှင့် လိမ်ညာဘေး | ၁၃၅ |


www.burmeseclassic.com

www.burmeseclassic.com

## လိမ်ညာခံဘေးမှ ဝေးပါစေ

ကိုယ့်အားကိုယ်ကိုး ရိုးရိုးသားသား လုပ်မစားချင်၊ သူများ လုပ်စာ လိမ်ညာစားချင်သူများရှိသည်။ အချို့က တစ်ဦးချင်းလိမ်ညာစားသည်။ အချို့က အဖွဲ့နှင့် လိမ်ညာသည်။ လိမ်ညာနည်းအမျိုးမျိုး ကိုလည်း အသုံးပြု ကြသည်။

လိမ်ညာနည်းများကို သိထားလျှင် ရှောင်နိုင်သည်။ သတိရှိလျှင်လည်း လွတ်မြောက်နိုင်သည်။ လိမ်ညာနည်းကို မသိ၊ သတိလည်း မရှိလျှင် လိမ်ညာခံရတတ်သည်။

အလိမ်ခံရလျှင် ရှက်စရာလည်းကောင်းသည်၊ ဒေါသလည်း ဖြစ်သည်၊ ကိုယ့်ပစ္စည်းလည်း ဆုံးရှုံးသည်။

များသောအားဖြင့် လိမ်ညာခံရသူများမှာ -

သူများပစ္စည်းအချောင်လိုချင်သော လောဘကြီးသူများ၊

ယုံလွယ်တတ်သူများ၊

အားနာတတ်သူများ၊

ဆင်ခြင်တုံတရား နည်းပါးသော ရိုးအလွန်းသူများဖြစ်သည်။

လူလိမ်တို့ ကျင်လည်ကျက်စားရာနေရာများမှာ လူစည်ကားရာ မြို့ကြီးများမှာ ဖြစ်သည်။

လူဦးရေများပြားသော မြို့ကြီးများမှာ တစ်ယောက်နှင့်တစ်ယောက် မသိကြ၊ မြို့ငယ်များတွင် တစ်ယောက်နှင့်တစ်ယောက် သိကြသည်။ လူစိမ်း လာလျှင်လည်း သိသာသည်။ လိမ်ညာရန် မလွယ်။

မြို့ကြီးများတွင် မသိသူများကို အလွယ်နှင့်မယုံနှင့် သတိထား သင့်သည်။

လိမ်ညာနည်းများကိုသိထားနိုင်ခြင်းဖြင့် လိမ်ညာဘေးကင်းဝေးကြပါစေ။

## လမ်းပေါ်မှပိုက်ဆံအိတ်

လမ်းပေါ်မှာ ပိုက်ဆံအိတ်တစ်ခု ကျနေသည်။ တစ်ယောက်ကမြင်၍ သွားကောက်သည်။ တခြားတစ်ဦးရောက်လာပြီး ကောက်မည်လုပ်ပါသည်။ ပထမလူက ဦးသွားသည်။

"ကျွန်တော်လည်း မြင်တာပဲ ကောက်မလို့၊ ခင်ဗျားဦးသွားတယ်။ လမ်းပေါ်ကရတာပဲ ဘယ်သူ့ပစ္စည်းမှန်းလဲမသိဘူး။ ကိုယ်နဲ့ထိုက်လို့ ကိုယ်ရတာ ခင်ဗျားချည်းတော့မလုပ်နဲ့၊ ကျွန်တော်လည်း အတူတူတွေ့တာပဲ။ ကျွန်တော့်လဲ ခွဲပေးပေါ့။ မျှမျှတတပေါ့ဗျာ . . .။"

ကောက်ရသူက မပေးလိုကြောင်းပြောလျှင် ရဲသွားပြောမည်၊ ရ ယ က သွားပြောမည်ဟု ခြိမ်းခြောက်လိမ့်မည်။

ကောက်ရသူ လောဘတက်လာ၍ ခွဲပေးမည်။ သို့သော် သူကရသူ ဖြစ်၍ သူ့ကိုပိုပေးရမည်ဟုပြောလျှင်၊ လူရှင်းရာကိုခေါ်သွားပြီး အိတ်ကိုဖွင့် ကြမည်။ အိတ်ထဲမှာ ငွေအနည်းငယ်နှင့် ရွှေလက်ကောက်၊ ရွှေဆွဲကြိုး စသည့် အဖိုးတန်ပစ္စည်း ပါတတ်သည်။

ယုတ္တိရှိအောင် အပေါင်လက်မှတ်ကလေးပင် ပါတတ်သေးသည်။ အပေါင်ဆိုင်မှရွေးလာပြီးမှ ကျခဲ့သည့်ဟန်။

ခွဲယူရန်ခက်နေသည်။ တစ်သိန်းကျော်တန်မည်မှန်းပြီး ငါးသောင်း ခွဲပေးရန် တောင်းလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကောက်ရသူမှာ ငါးသောင်းမပါ။ နှစ်သောင်းခန့်သာ ပါသည်။ လူလိမ်မကျေနပ်။ လက်ပတ်နာရီနှင့် လက်စွပ်ပါတောင်းမည်။

ကောက်ရသူက တစ်သိန်းကျော်တန်ကိုမက်၍ မြန်မြန်ကိစ္စပြတ်အောင် ပေးလိုက်မည်။

လူလိမ်က သုံးသောင်းဖိုးနီးပါးယူပြီး ထွက်သွားမည်။

နောင်တွင်မှ ရွှေအတုဖြစ်၍ လိမ်ညာခံရမှန်းသိတော့သည်။

သူများပစ္စည်းကို အချောင်ရချင်သော လောဘကြောင့် အချောင်သမား၏ လိမ်ညာခံရခြင်းဖြစ်သည်။

ကောက်ရသူက လောဘကိုသိမ်းဆည်းနိုင်လျှင် လိမ်ညာ၍မရ၊ ရဲစခန်းတိုင်မည်၊ ရ ယ က တိုင်မည် ခြိမ်းခြောက်၍မရ။ ကိုယ်ကပင် ရ ယ က မှာအပ်ပြီး ပိုင်ရှင်စုံစမ်းပေးမည်ဆိုက လူညာလိုက်ဝံ့မည်မဟုတ်။ လစ်ထွက်သွားလိမ့်မည်၊ သူ၏ ပစ္စည်းလေးပင် ဆုံးရှုံးသွားဦးမည်။

(အချောင်လိုချင်လျှင် အညာခံရတတ်သည်)

■

## မော်ဆရာ၏ ဖဲပညာ

ကျွန်တော်တို့ရွာမှ ကိုလှဆွေမှာ နွားကုန်သည်ဖြစ်သည်။ သူလိုချင်သော နွားအမျိုးအစားရှိသည်ဆို၍ ပုသိမ်ကြီးဘက်သို့ သွားသည်

မန္တလေးထမင်းဆိုင်မှာ ထမင်းစားပြီး ဆေးပေါ့လိပ်တစ်လိပ်မှာ၍ထွက်လာသည်။

"နောင်ကြီး . . . မီးတစ်တို့လောက်"

အသက်လေးဆယ်ခန့်လူတစ်ယောက် ဆေးလိပ်မီးတောင်း၍ မီးပါသောဆေးလိပ်ကို ဦးလှဆွေ လှမ်းပေးသည်။

လူငယ်က ဆေးလိပ်ချင်းမီးတို့နေစဉ် အသက်(၅၀)ခန့်လူတစ်ဦးရောက်လာသည်။

"ဒီမှာ . . . လုံမလေးတွေရှိလား"

"ရှိတာပေါ့ မိန်းကလေးတွေအများကြီး"

ဆေးလိပ်တောင်းသူက ဖြေသည်

"မဟုတ်ဘူး၊ ပျော်ဖို့လို့ လုံမလေးပြောတာ"

"ဟာ အရေးထဲမှ သူ့နေရာနဲ့သူ ရှိမှာပေါ့ဗျာ"

"နေရာသိရင် လိုက်ပြပါ။ သုံးထောင်ပေးမယ် . . . လက်ဖက်ခြောက်လာရောင်းတာ . . . ပျော်ချင်ပါးချင်လို့"

လူကြီးပြောပုံမှာ ရှမ်းသံဝဲဝဲဖြစ်သည်။ ပုံကလည်းရှမ်းပုံ။

လက်ထဲမှာ ငွေအိတ်နှင့်တူသောလွယ်အိတ်ကိုဆွဲလျက် –

www.burmeseclassic.com

www.burmeseclassic.com



"သုံးထောင်တော့နည်းတယ်ဗျာ။ ရှစ်ထောင်ပေး၊ ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်လေးထောင်စီပေါ့"

ဆေးလိပ်မီးတောင်းသူကပင် ပြောသည်။

"သူက၊ မင်းနဲ့အသိလား"

"ဟာ ကျွန်တော့်ဦးလေးဗျ"

"ဟုတ်လား"

ရှမ်းကြီးက ဦးလှဆွေကို လှမ်းမေးသည်။

ဦးလှဆွေက ငွေလေးထောင်အချောင်ရချင်၍ –

"ဟုတ်ပါတယ်" ဟု ပြောလိုက်သည်။

"ဒါဆိုရင် ပေးမယ်ကွာ ရှစ်ထောင်၊ လိုက်ပို့ပေးပါ"

"လာ ဦးလေး . . . လိုက်ပို့လိုက်ရအောင်"

ဦးလှဆွေလိုက်သွားသည်။ ရှမ်းကြီးက နောက်ဘက် ခပ်လှမ်းလှမ်းမှ ပါလာသည်။

"ဦးလေးရေ နေရင်းထိုင်ရင်း ကျွန်တော်တို့ လေးထောင်စီတော့ရဦးမယ် အဲ့ဒီမိန်းမတွေရှိတဲ့အိမ် ကျွန်တော်သိတယ်၊ သိပ်မဝေးဘူး။ ဆေးလိပ်မီးပေးတဲ့ကျေးဇူးနဲ့ ဦးလေးပါရအောင် ငါးထောင်ပိုတောင်းလိုက်တာ၊ ရှမ်းကြီးက ရက်ရောတယ်"

ဦးလှဆွေမှာ သူ့အတွက်ပါ တောင်းပေးသူကို ကျေးဇူးတင်လိုက်မိသည်၊ ကိုယ်က ထိုအိမ်မျိုးကို သိပ်သိတာမဟုတ်ဘဲနဲ့ အဖော်လိုက်ပြီး အချောင်လေးထောင်ရတော့မည်။

လမ်းကြိုလမ်းကြား တစ်လမ်းဝင် တစ်လမ်းထွက်နှင့် တော်တော် သွားရသည်။

ဘယ်ရပ်ကွက် ဘယ်နေရာရောက်နေမှန်းပင် ဦးလှဆွေမသိ။

နောက်ဆုံးမှာ အိမ်လေးတစ်အိမ်ရောက်သည်။ တံခါးပိတ် သော့ခတ် ထားသည်။



"ဟာ ဒီကောင်မလေးတွေ ဘယ်များသွားနေလဲ မသိဘူး။ ကျွန်တော် သွားရှာလိုက်ဦးမယ်။ ဒီအိမ်ပဲဗျ၊ ဒီမှာစောင့်နေဦး"

ရှမ်းကြီးက ခေါင်းညိတ်သည်။

အသက် (၄၀)ခန့်လူ ထွက်သွားသည်။

"လုံမလေးရှိပါ့မလား"

"ရှိပါတယ်"

ဦးလှဆွေက အာမခံတာခံနေသည်။

"ဖဲကစားတတ်လား"

ရှမ်းကြီးက ဦးလှဆွေကိုမေးသည်။

"နည်းနည်းပါးပါးတော့ ကစားတတ်ပါတယ်။ ဒါပေမဲ့ မကစားပါဘူး"

ဦးလှဆွေက အမှန်အတိုင်းပြောခြင်းဖြစ်သည်။

"ဟ ကျွန်တော်ကတော့ ဝါသနာပါတယ်။ ကျွဲယှဉ်းလုံး၊ နွားယှဉ်းလုံး လောင်းကစားတာပဲ"

ဦးလှဆွေ ရယ်လိုက်သည်။

"သူသွားရှာတာတွေ့ပါ့မလား"

ရှမ်းကြီးက ဦးလှဆွေကိုမေးသည်။

"တွေ့မှာပါ"

ရှမ်းကြီးက သူဖဲကစားသည့် အကြောင်းများ ဆက်ပြောသည်။

ခဏအကြာတွင် လုံမလေးသွားရှာသူ ပြန်လာသည်။ လက်ထဲမှာ သော့တစ်ချောင်းပါလာသည်။

"တွေ့ခဲ့တယ်၊ ရေတိုင်မှာ ရေချိုး၊ အဝတ်လျှော်လုပ်နေတယ်။ ခဏကြာမယ်တဲ့၊ အိမ်ထဲကစောင့်ပါတဲ့"

တံခါးသော့ဖွင့်ပြီး အိမ်လေးထဲမှာ ဝင်ထိုင်ကြသည်။

"ဖဲထုတ်ရှိရင်ကောင်းမှာပဲ လုံမလေးစောင့်ရင်း အပျင်းပြေ ကစား ရတာပေါ့။"

www.burmeseclassic.com

www.burmeseclassic.com



“သူတို့က အပျင်းပြေကစားတတ်တာပဲ၊ ရှိချင်ရှိမှာပေါ့၊ ဘယ်နားထား လဲမှ မသိတာ”

ခေါ်လာသူကပြောသည်။

“အပေါ့သွားချင်တယ် အိမ်သာရှိလား”

“ဟိုရှေ့ဘက်နား သွားလိုက်”

ရှမ်းကြီး အိမ်လေးထဲမှ ထွက်သွားသည်။

လမ်းပြသူက ဖဲထုတ်လိုက်ရှာသည်။

“ဟော ဒီမှာ၊ တွေ့ပြီ”

အိမ်တံခါး ပေါင်ပေါ်မှာ ဖဲထုပ်ကိုရှာရှုရသည်။

“ဖဲထုပ်တော့တွေ့ပြီ ဦးလေးရေ။ ရှမ်းကြီးကတော့ ငွေတော်တော် များများ ပါပုံရတယ်၊ အပေါ့သွားတာတောင် သူ့အိတ်ကို မထားခဲ့ဘူး။ ဟင်း . . . ဟင်း အပျင်းပြေ ကစားရင်းနဲ့ ရှမ်းကြီးဆီကရသလောက် ချူယူ ရမှာပဲ ဦးလေးရှေ့ကရိုက်၊ ကျွန်တော်နောက်ကနေ ဖဲလဲပေးမယ်၊ ရှမ်းကြီး လူအကြီး၊ ဘာမှသိတာမဟုတ်ဘူး”

ဦးလှဆွေမှာ သွားရင်းလာရင်း လေးထောင်ထက်ပိုရဦးမည်ကို လောဘ တက်လာသည်။

ခဏကြာတော့ ရှမ်းကြီးပြန်ရောက်လာသည်။

“ဒီမယ် ဖဲထုတ်တော့တွေ့တယ် . . အပျင်းပြေ ကစားမလား”

လမ်းပြကမေးသည်။

“အား ကောင်းတယ်၊ ကစားမယ်”

ရှမ်းကြီးက ထိုင်သည်။

“ကျွန်တော့်ဦးလေးနဲ့ ခင်ဗျားနဲ့ သက်တူရွယ်တူချင်း ကစားကြ ကျွန်တော်နောက်ကကြည့်မယ်”

“ကောင်းတယ်၊ နိုင်အောင်ကစား။ ဒီအိတ်ထဲမှာငွေတွေ အများကြီး ပါတယ်။ ကြိုက်သလောက်ကစားရတယ်”



လမ်းပြက ဦးလှဆွေ၏ခါးကို နောက်မှ အသာတို့လိုက်သည် ဦးလှဆွေ ရှေ့မှ ထိုင်လိုက်သည်။

“ဘာကစားမလဲ” ရှမ်းကြီးကမေးသည်။

“သုံးချပ်ကိုးမီးပေါ့။ ဟုတ်တယ်မို့လား ဦးလေး”

နောက်မှလူက အဖြေပေးရင်း ဦးလှဆွေကိုမေးသည်။

ဦးလှဆွေ ခေါင်းညိတ်ပြသည်။ သုံးချပ်ကိုးမီးမှာ သူကစားတတ်သော နည်းဖြစ်၍ အဆင်ပြေသည်။

“ကျွန်တော်ဒိုင်ကိုင်မယ်။ ခင်ဗျားကြိုက်သလောက်ထိုး”

ရှမ်းကြီးက ဖဲထုပ်ကို ကုလားဖန်ထိုးပြီး ဦးလှဆွေကို အချိုးနိုင်းသည်။

ဦးလှဆွေချိုးပေးလိုက်သည်။ ရှမ်းကြီးက သုံးချပ်စီဝေသည်။

ဦးလှဆွေက ငါးရာထိုးသည်။ နောက်မှလူက တစ်ထောင်ထိုးသည်။

ဦးလှဆွေက ငါးပေါက် ရှမ်းကြီးက နှစ်ပေါက်။

ဦးလှဆွေတို့ စားရသည်။

နောက်တစ်ကြိမ်တွင် ဦးလှဆွေလက်ရဲလာသည်။ တစ်ထောင် ထိုးသည်။ နောက်မှလူက နှစ်ထောင်ထိုးသည်။

ဦးလှဆွေက ခြောက်ပေါက် ရှမ်းကြီးက ဘူကျနေသည်။

ဦးလှဆွေတို့ ဆက်တိုက်စားရသည်။

ရှမ်းကြီးမှာ သူ့ဖဲကိုသာ မကျေနပ်ကြည့် ကြည့်နေ၍ နောက်မှလူက ဖဲသုံးချပ်ကို အပုံထဲသို့ မထည့်ဘဲ နိုးယူထားလိုက်သည်။

နောက်တစ်ကြိမ် ရှမ်းကြီးကဝေပြန်သည်။

ဦးလှဆွေ၏ဖဲမှာ နှစ်ပေါက်သာရှိသည်။ သို့သော် နောက်မှလူက နိုးထားသော ဖဲချပ်များနှင့် အလဲအလှယ်လုပ်၍ ကိုးပေါက်ဖြစ်သွားသည် ဦးလှဆွေကိုပြပြီး ဖဲသုံးချပ်ကို ပြန်မှောက်ထားလိုက်သည်။ ပိုသောဖဲများကို နောက်မှလူက ဦးလှဆွေ၏ပေါင်အောက်ကို ထိုးသွင်းပြီး ဝှက်ထားပေးလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းကြီးဘာမျှမသိ၊ သူ့များကိုလည်းမကြည့်၊ သူ့လက်ထဲမှ ဖဲနှစ်ချပ်ကိုသာ အသေအချာပွတ်ကြည့်နေသည်။ အောက်မှ မကြည့်ရသေးသော ဖဲတစ်ချပ်ကျန်သေးသည်။

''ကဲ ထိုးကြလေ၊ ဖဲကြည့်ပြီးပြီလား''

''မကြည့်ရသေးဘူး''

နောက်မှလူကဖြေသည်။

''မကြည့်ရသေးရင် ကြိုက်သလောက်ထိုး။ ကျွန်တော်လည်း တစ်ချပ်မကြည့်ရသေးဘူး''

''ငါးထောင်ထိုးမယ်၊ ရမလား''

နောက်ကလူက မေးသည်။

''ငါးထောင်မကဘူး၊ ငါးသောင်းတစ်သိန်း ကြိုက်သလောက်ထိုး''

ရှမ်းကြီးက သူ့အိတ်ထဲမှ တစ်ထောင်တန်အထပ်လိုက် အထုပ်ကြီးကို ထုတ်ယူလိုက်သည်။

''ဟောဒီမှာ ငါးသိန်းရှိတယ်။ ကြိုက်သလောက်ထိုး ခင်ဗျားတို့ နိုင်ရင် တစ်ခါတည်းနဲ့ အကုန်ယူသွား''

''ကောင်းပြီ၊ ဒါဆိုရင်ထိုးမယ်''

နောက်မှလူက ငွေတစ်သောင်းနှင့်အတူ သူ့လည်ပင်းမှ ဆွဲကြိုးကိုပါ ဖြုတ်ထိုးသည်။

''ဒါ သုံးသိန်းတန်တယ်''

ဟုလည်း ပြောပြီး ဦးလှဆွေကို ခါးကုတ်လိုက်သည်။

''ဦးလေးထိုးဗျ၊ ကျွန်တော်တို့နိုင်ရင် တစ်ဝက်စီခွဲယူမယ်''

ဦးလှဆွေ ရင်ခုန်သံတွေ မြန်လာသည်။

ကိုယ့်ဖဲက ကိုးဂဏန်းဖြစ်တာ သေချာနေပြီ။ သူ့ဖဲမှာ တစ်ချပ်မကြည့်ရသေး။ ကိုယ်ကနိုင်ဖို့ သေချာနေသည်။ အလွန်ဆုံး ကိုးတိုက်ရုံသာ ရှိမည်။

ရှမ်းကြီးပုံကြည့်ရသည်မှာ အူတူတူ အတတာဖြစ်၍ ဖဲလဲထားသည်ကို



မသိဘဲ အတင်းထိုးခိုင်းနေသည်။ နိုင်၍ တစ်ယောက်တစ်ဝက်စီခွဲယူလျှင် နှစ်သိန်းငါးသောင်း အချောင်ရမည်။

နွားတစ်ကောင်သာမက နွားနှစ်ကောင်ဝယ်၍ရမည်။

ဦးလှဆွေ လောဘတက်လာသည်။

နွားဝယ်ရန် ယူလာသော အိတ်ထဲမှ ငွေနှစ်သိန်းကို ထုတ်ယူ၍ ထိုးလိုက်သည်။

''ဒါပေါ့ ဦးလေးရ''

နောက်မှလူက အားပေးသည်။

''ဘယ်လောက်လဲ''

ရှမ်းကြီးကမေးသည်။

''နှစ်သိန်း''

ဦးလှဆွေက ရဲရဲတင်းတင်း ဖြေသည်။

''ကောင်းပြီ၊ သူကသုံးသိန်း၊ ချင်ဗျားက နှစ်သိန်း၊ ခင်ဗျားတို့ နိုင်ရင် ငါးသိန်းထုပ်ကိုယူသွား ...''

ရှမ်းကြီးက သူ့ပိုက်ဆံထုပ်ကို ပုတ်ပြသည်။

ဦးလှဆွေ မြန်မြန်ကိစ္စပြတ်ပြီး ပိုက်ဆံကို မြန်မြန်ယူ မြန်မြန်ပြန်ချင်လှပြီ။ ရွာရောက်ရင် ရွာမှလူများကို ဝမ်းသာအားရ ပြန်ပြောပြချင်သည်။

''ခင်ဗျား သေချာတယ်နော်''

ရှမ်းကြီးက ဦးလှဆွေကို ထပ်မေးနေသေးသည်။

''သေချာပါတယ်''

ဦးလှဆွေက အနိုင်အမာဖြေသည်။

''ခင်ဗျားရှုံးမှ ဘာဘာညာညာ မပြောနဲ့နော်''

''မပြောပါဘူး''

ဦးလှဆွေ ပြုံးလိုက်သည်။

ကိုယ့်ဖဲက ကိုးဖြစ်နေတာ သူမသိပေမယ့် ကိုယ်ကသိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲဒါဖြင့် စိမ်ပြီ၊ ခင်ဗျားဖဲကို ကြည့်လိုက် …"

ဦးလှဆွေက မသိသောဟန်နှင့် ဖဲသုံးချပ်ကိုရိုက်ပြီး လှန်လိုက်သည်။

"ဟာ ဦးလေး ကိုးဗျ၊ ပွပြီ"

နောက်မှလူက ဝမ်းသာအားရ အော်လိုက်သည်။

ဦးလှဆွေက ဖဲသုံးချပ်ကို ရှမ်းကြီးမြင်အောင်ပြသည်။

ရှမ်းကြီးမျက်နှာပျက်သွားသည်။

"ခင်ဗျားဖဲကြည့်လေ"

နောက်မှလူက ရှမ်းကြီးကိုပြောသည်။

ရှမ်းကြီးက ကျန်သောသူ့ဖဲတစ်ချပ်ကို မကြည့်ရဲသေး။

"ကျွန်တော်တို့နိုင်ရင် ခင်ဗျားငါးသိန်း ယူမှာနော်"

နောက်မှလူက သေချာအောင် ထပ်မေးသည်။

"ယူပေါ့၊ သွေးမနည်းပါဘူး၊ ဒီလောက်ငွေများ ကျွဲရှဉ်းလုံး၊ နွားရှဉ်းလုံး တောင် ရှုံးဖူးသေးတယ်"

"ဒါဖြင့် ခင်ဗျားဖဲကိုကြည့်"

ရှမ်းကြီးက ကျန်နေသောတစ်ချပ်ကို ကောက်ယူပြီး လက်ဝါးပေါ်မှာ ရိုက်လှန်လိုက်သည်။

ကုလားဖဲဖြစ်သည်။

"နိုင်တယ်ကွ"

ရှမ်းကြီးက ဘေးဖယ်ထားသော ကြည့်ပြီးသားဖဲနှစ်ချပ်ကို လှန်ပြလိုက်သည်။

ကုလားသုံးကောင်ဖြစ်သည်။

"ဟာ၊ သွားပါပြီ"

ဦးလှဆွေ မျက်လုံးများပြူးသွားသည်။

အမြင့်ဆုံးဖြစ်သည်ဟု စိတ်ချထားသော ကိုးကို ကုလားသုံးကောင်ဖြင့် အနိုင်ရသွားသည်။



ရှမ်းကြီးက ဦးလှဆွေ၏ပိုက်ဆံထုပ်နှင့်တကွ နောက်မှလူ၏ ရွှေခွဲကြိုးကိုပါ သိမ်းယူသွားသည်။

"ကိစ္စမရှိဘူး ဦးလေး ကျွန်တော်တို့ ပြန်နိုင်မှာပါ"

နောက်မှလူက ကိုးပေါက်ကျသော ဖဲသုံးချပ်ကို အပုံထဲပြန်မထည့်ပဲ ဦးလှဆွေ၏ ပေါင်အောက်သို့ ထိုးသွင်းလိုက်သည်။ ရှမ်းကြီးမြင်သွားသည်။

"ခင်ဗျား ဘာလုပ်တာလဲ ပေါင်အောက်မှာပြစမ်း"

ရှမ်းကြီးက ဦးလှဆွေအား ပေါင်ကို ကြွခိုင်းသည်။

ဖဲချပ် ခြောက်ချပ်ထွက်လာသည်။

"ဟင်၊ ခင်ဗျားတို့ ဖဲခိုးတယ်၊ ကျုပ်တစ်ယောက်တည်းဆိုပြီး စမ်းသပ်ဘာလား၊ ဒီမှာကြည့်"

ဖောင်း … ဖောင်း … ဖောင်း … ဖောင်း …

ရှမ်းကြီးက သူ့လည်ပင်းကို သူ့လက်သီးဖြင့် အချက်ပေါင်းများစွာ ထိုးပြသည်။

"ဟာ မလုပ်ပါနဲ့ဆရာကြီး ကျွန်တော်တို့မှားပါတယ်။ ကျွန်တော်တို့ တောင်းပန်ပါတယ်"

နောက်မှလူက ကြောက်ကြောက်လန့်လန့် တောင်းပန်နေသည်။

ဦးလှဆွေမှာ ပိုက်ဆံနှစ်သိန်း ဆုံးရှုံးသွားသည်ကို မေ့လောင်နေ၍ ကြောက်ရမှန်းလည်းမသိ။ တောင်းပန်ရမှန်းလည်းမသိ၊ စိတ်သောကကြီးစွာ ရောက်နေသည်။

"ငါက ရှမ်းဆရာကြီးကွ၊ ငါ့မှာ သိုင်းတပည့် ငါးဆယ်လောက် ရှိတယ်။ ငါ့ကို လာစမ်းရင်သေသွားမယ်၊ တစ်ယောက်တည်းပေမဲ့ ဘယ်သူ့မှ မကြောက်ဘူးကွ"

"ဆရာကြီးခင်ဗျား၊ ကျွန်တော်တို့ အမိုက်အမဲတွေ ဇွဲမယူပါနဲ့ ခွင့်လွှတ်ပါခင်ဗျာ၊ တောင်းပန်ပါတယ်"

နောက်မှလူက ရှမ်းဆရာကြီးကို ထိုင်ကန်တော့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ကန်တော့တောင်းပန်းလိုက်" ဟူ၍ ဦးလှဆွေကိုလည်း ခပ်တိုးတိုးပြောသည်။

"ခင်ဗျားက ကျုပ်ကိုနိုင်မယ်ထင်လို့လား"

ဖောင်း ဖောင်း ဖောင်း ဖောင်း

ရှမ်းကြီးက သူ့လည်ပင်းကို လက်သီးနှင့်ထိုးပြန်သည်။

"ခွင့်လွှတ်ပါဆရာကြီး၊ ကျွန်တော်တောင်းပန်ပါတယ်၊ ဦးလေးက ရှိခိုးတောင်းပန်လိုက်ပါ"

"ကောင်းပြီ၊ ဒီတစ်ကြိမ်တစ်ခါတော့ ခင်ဗျားတို့တောင်းပန်းလို့ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါဆိုရင် ခွင့်မလွှတ်ဘူး၊ ကျွန်တော်က ဖဲမှော်အောင်ထားတဲ့လူဗျ၊ ခင်ဗျားတို့ ကျွန်တော့်ကို ဘယ်လိုညစ်ညစ်မနိုင်ဘူး၊ ခင်ဗျားတို့ အရှုံးပေးမယ့် နောက်ကို တစ်သက်လုံးနိုင်အောင် ကျုပ်က ဖဲမှော်လုပ်ပေးလိုက်မယ်၊ မင်းသွား၊ မီးခြစ်ဘူးခွံတစ်ခုနဲ့ မီးသွေးခဲတစ်ခဲရှာချေ"

ရှမ်းကြီးက နောက်မှ လူကိုခိုင်းသည်။

"ဟုတ်ကဲ့ပါ ဆရာကြီး"

အသက်လေးဆယ်ခန့် သန်သန်မာမာလူက ရှမ်းအဘိုးကြီးကို သိပ်ကြောက်နေကြောင်း ဦးလှဆွေသတိထားမိသည်။ သူပါ ကြောက်လာသည်။

နောက်မှလူက မီးဖိုဘက်သို့ထွက်သွားပြီး ခဏသာကြာသည်၊ မီးခြစ်ဘူးခွံတစ်ခုနှင့် မီးသွေးခဲတစ်ခဲယူလာပြီး ရှမ်းကြီးကိုပေးသည်။

ရှမ်းကြီးက မီးခြစ်ဘူးခွံကို ဦးလှဆွေ၏ နောက်ကျောဘက်မှာ မီးသွေးခဲနှင့် ဝလုံးတစ်လုံး ရေးလိုက်သည်။

"ခင်ဗျားလက်ကို တန်းလိုက်၊ လက်ဖြန့်ထား"

ဦးလှဆွေက ရှမ်းကြီးခိုင်းသည့်အတိုင်း လုပ်သည်။

ရှမ်းကြီးက မီးခြစ်ဘူးခွံ၏လက်ဝဲပေါ်မှာ ဝလုံးပါသည့်ဘက်ကို အောက်ထား၍ တင်လိုက်သည်။



သူ့အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါအဖြူကိုထုတ်၍ ဦးလှဆွေ၏ လက်ဖဝါးပေါ်မှာ အုပ်ထားလိုက်သည်။

ပြီးတော့ ဉ္စာခံ၍ တတွတ်တွတ်မန်းမှုတ်နေသည်။

ခဏအကြာတွင် မန်းမှုတ်ပြီးသည်နှင့် လက်ကိုင်ပဝါကို ဖယ်လိုက်သည်။

ဦးလှဆွေ အံ့ဩမဆုံးဖြစ်နေသည်။

သူ့လက်ဖျံပေါ်မှာ မီးသွေးဖြင့်ရေးထားသော ဝလုံးလေး တစ်လုံး တွေ့ရသည်။

"ခင်ဗျား ဖဲမှော်အောင်သွားပြီ . . ကျွဲရှည်းလုံး၊ နွားရှည်းလုံးဖဲရိုက်စားတော့၊ ဘယ်သူဘယ်လောက်ညစ်ညစ် ခင်ဗျားကို မနိုင်တော့ဘူး"

ဦးလှဆွေမှာ ငွေနှစ်သိန်းအရှုံးကိုကာမိအောင် ဖဲရိုက်စားရတော့ မည်ဟု တွေးစားနေမိသည်။

"ကျွန်တော့်ကိုလဲ လုပ်ပေးပါဦး ဆရာကြီး"

နောက်မှလူက တောင်းဆိုနေပြန်သည်။

ဆရာကြီးက သူ့လက်ထဲသို့ မီးခြစ်ဘူးခွံပြောင်းထည့်ပြီး လက်ဖျံမှာ လက်ကိုင်ပဝါအုပ်၍ ဖဲမှော်သွင်းပေးသည်။ သူလည်း ဖဲမှော်အောင်သွားပြန်သည်။

"မင်းသွား ရေတစ်ခွက်ခပ်ချေ"

ရှမ်းဆရာကြီးအမိန့်အရ လမ်းပြလုပ်သူက သောက်ရေအိုးစင်မှ ရေတစ်ခွက်ခပ်ယူလာသည်။

မင်းတို့နှစ်ယောက် ရေခွက်ကိုင် ငါပြောတဲ့အတိုင်းလိုက်ဆို"

ဦးလှဆွေနှင့် လမ်းပြသူက ရေခွက်ကိုအတူကိုင်ရသည်။

ရှမ်းကြီး ရေ့ကိုတိုင်ပေးသည်ကို နောက်မှလိုက်ဆိုကြရသည်။

"ကျွန်တော်တို့ဟာ ကိုယ်ဆန္ဒနဲ့ကိုယ် ဖဲကစားပြီး ရှုံးတာဖြစ်ပါတယ်၊ ဒီအကြောင်းကို ဘယ်သူမှ ပြန်မပြောပါဘူး ပြောတာနဲ့တစ်ပြိုင်နက် ဒွါရ

www.burmeseclassic.com

www.burmeseclassic.com



ကိုးပေါက်မှ အပ်ကိုးစင်းထွက်ပြီး သေပါစေသား''

သစ္စာဆိုပြီးသည်နှင့် ဦးလှဆွေနှင့် လမ်းပြလုပ်သူတို့ ရေတစ်ခွက်ကို တစ်ဝက်စီသောက်ကြသည်။

''ခင်ဗျားတို့ ကျုပ်ကို ယီးတီးယားတား ထင်မနေနဲ့ ကျုပ်က မှော်ပညာရှင်၊ အခု ခင်ဗျားတို့ သစ္စာရေသောက်ပြီးပြီ၊ တစ်ယောက်ယောက်ကို ပြန်ပြောတာနဲ့ ခင်ဗျားတို့ ဒွါရကိုးပေါက်က အပ်ကိုးစင်းထွက်ပြီး အသေဆိုးနဲ့သေမှာပဲ၊ သေမှာမကြောက်ရင် ပြောကြ''

''မပြောရဲပါဘူးဆရာကြီး ကြောက်ပါတယ်၊ဆရာကြီးကိုလဲယုံပါတယ်''

''ကောင်းပြီ ရော့ ဒါ ခင်ဗျားတို့ကို ကျွန်တော်ပြောထားတဲ့အတိုင်း လုံမလေး အိမ်ခေါ်လာတဲ့အတွက် လေးထောင်စီယူ၊ ခင်ဗျားတို့ လုံမလေးကလဲ ခုထိမလာဘူး၊ ကျုပ်လဲ ဒီနေ့ညနေ့ပြန်ရမှာ ခင်ဗျားတို့လုံမလေးကို မစောင့်နိုင်တော့ဘူး''

ရှမ်းကြီး အိမ်ကလေးမှ ပြန်ထွက်သွားပါသည်။

ဦးလှဆွေတို့ တစ်ဝီးနှစ်ယောက်လည်း အိမ်ကလေးထဲမှ ပြန်ထွက်လာခဲ့ကြသည်။

ဦးလှဆွေ ရွာရောက်သည်နှင့် အိပ်ရာထဲမှ မထတော့ပါ။

နွားလည်းမပါ၊ ငွေလည်းပြန်မပါ၍ သူ့မိန်းမက သံသယဖြစ်နေသည်။

မေး၍လည်းမရ၊ ဦးလှဆွေ ဘာမှပြန်မပြောရဲ၊ ဒွါရကိုးပေါက်မှ အပ်ကိုးစင်းထွက်သေမှာကို ကြောက်နေသည်။

နောက်တော့ သူ့မိန်းမကတစ်ဆင့် ဆွေမျိုးသားချင်းနှင့် ရင်းနှီးသူများ သိကုန်သည်။ အတင်းအကျပ် မေးကြသည်။

ဦးလှဆွေက ဘာမျှမပြော။

သုံးရက်ကျော်၍ လေးရက်ရောက်မှ ဦးလှဆွေ အတွေးတစ်ခုကို စဉ်းစားမိသည်။

''ပြန်ပြောလျှင် ဒွါရကိုးပေါက်မှ အပ်ကိုးစင်းထွက်သေရန်'' သစ္စာ



ဆိုခြင်းဖြစ်သည်ကို စာရေးပြလျှင်ရမည်ဟု စဉ်းစားမိခြင်းဖြစ်သည်။

စာရွက်တစ်ရွက်တွင် စာရေးပြသည်။

ထိုသို့ စာရေးနေရင်းမှာပင် ခဏရပ်ထားရသေးသည်။ မျက်စိက ယားလာသလိုလို၊ ဗိုက်ထဲက နာလာသလိုလို ခံစားရ၍ အပ်ကိုးစင်းထွက်လာမှာကို ကြောက်နေသည်။

နောက်မှ သေချင်လည်း သေပစေတော့ဟု ဆုံးဖြတ်ပြီး စာကိုပြီးအောင်ဆက်ရေး၍ အားလုံးသိအောင် ပြလိုက်သည်။

''ဟာ ဒီကောင် လူလိမ်လူညာတွေနဲ့တွေ့ပြီး အလိမ်ခံလိုက်ရပြီ''

စာဖတ်ပြီးသည်နှင့် စဉ်းစားဉာဏ်ရှိသူများက နားလည်သွားကြသည်။

ထိုအခါမှ ဦးလှဆွေခင်ဗျာ အလိမ်အညာခံရသည်ကို သိသွားတော့သည်။

ဦးလှဆွေမသိ၍ အလိမ်အညာခံခဲ့ရသည် ငွေနှစ်သိန်းလည်း ဆုံးသည်၊ ရွာထဲမှာလည်း အရှက်တကွဲဖြစ်ရသည်။

ဦးလှဆွေ အလိမ်ခံရသည့်နည်းကိုသိပြီး သူများအလိမ်အညာခံရခြင်းမှ လွတ်မြောက်ကြပါစေ။

အကယ်၍ ဤနည်းမျိုးဖြင့် အလိမ်အညာခံရလျှင်လည်း ကူညီပါရစေ ၁၉၉၉ကို ဖုန်းဆက်၍ မည်သည့်နေရာ မည်သည့်အိမ်မှာဆိုသည်ကို ပြောပြီး အကူအညီတောင်းနိုင်ပါကြောင်း သတင်းစကား လက်ဆောင်ပါးအပ်ပါသတည်း။

(မှတ်ချက်။ ။ ရှမ်းဆရာကြီးဆိုသူမှာ ရှမ်းတိုင်းရင်းသားအစစ်မဟုတ်ပါ။ ရှမ်းဆရာကြီး အယောင်ဆောင်ထားသော လူလိမ်လူညာသာဖြစ်ပါသည်။)

■

www.burmeseclassic.com

www.burmeseclassic.com

## ပြောင်းလဲတတ်သော ပရိမိနာ

တာရေးသူ၏အိမ်အောက်မှာ စတိုးဆိုင်တစ်ဆိုင်ရှိသည်။ ဆိုင်တွင် ရောင်းသူနှစ်ဦးသာရှိသည်။

နံနက်ဆယ်နာရီခန့် ဈေးဝယ်များဆိုနိုင်တွင် အမျိုးသမီးသုံးယောက် တစ်ယောက်ပြီးတစ်ယောက် ဆိုင်ထဲဝင်လာကြသည်။

တစ်ယောက်က ပရိမိနာမိတ်ကပ်ဘူးဝယ်လိုကြောင်း ထုတ်ပြနိုင်းသည်။

ဆိုင်မှ မိန်းကလေးက တစ်ဘူးထုတ်ပြသည်။ မကြိုက်သေး နောက်ထပ်ဘူးများကို တစ်ဘူးပြီးတစ်ဘူး ထုတ်ပြခိုင်းပြီး ရွေးချယ်နေသည်။

နောက်အမျိုးသမီးတစ်ဦးရောက်လာသည်။ ဇလာစာအုပ် တစ်အုပ်ဝယ်ပြီး ငါးရာတန်ထုတ်ပေးသည်။

ငွေအမ်းပြီးမှ နောက်ထပ် ဘောပင်တစ်ချောင်းထပ်ဝယ်ပြန်သည်။ ရောင်းသူမိန်းကလေးမှာ အမ်းငွေပြန်ပြင်ပေးရသည်။

"ဒီမှာ ခေါက်ဆွဲထုပ်ရောင်းပေးပါဦး"

အမျိုးသမီးတစ်ယောက်က ခပ်လောလောတောင်းဆိုပြန်သည်။

မှန်ဗီရိုထဲမှ ခေါက်ဆွဲထုပ်ကို တစ်ယောက်က သွားယူပေးရသည်။ ငါးရာတန်ပေးပြန်သည်။

အရောင်းမိန်းကလေးနှစ်ယောက်မှာ လက်မလည်နိုင်အောင် အလုပ်လုပ်နေရသည်။



ပရိမိနာဘူးများ ထုတ်ပြထားခဲ့သော အမျိုးသမီးဆီသို့ ပြန်မလှည့်နိုင်သေး။

ပရိမိနာဘူးဝယ်သူကလည်း ရွေးချယ်၍မပြီးသေး။

ဈေးဝယ်များရှင်းသွားမှ ပရိမိနာဘူးများရောင်းသော ကောင်တာသို့ အရောင်းမိန်းကလေးတစ်ဦး ပြန်ရောက်လာသည်။

တစ်ဘူးဝယ်ပြီး ပြန်ထွက်သွားသည်။

ပရိမိနာဘူးများကို အတုနှင့်အစစ် လဲလှယ်ယူသွားပြီဖြစ်သည်။

သုံးရက်ခန့်ကြာမှ အခြားသူတစ်ဦးက ဆိုင်တွင်တစ်ဘူး လာဝယ်သည်။ မကြာမီပင် ဝယ်သူပြန်ရောက်လာပြီး ပရိမိနာဘူးမှာ ဖွင့်ကြည့်လိုက်မှ အထဲမှာအတုများဖြစ်နေကြောင်း လာပြောသည်။

ဆိုင်မှ မိန်းကလေးက ဤဆိုင်မှာ အတုမတင်ကြောင်း ပြန်ငြင်းသည်။ ဝယ်ယူသူကိုပင် မသင်္ကာဖြစ်သည်။ အိမ်ကျမှ အတုနှင့်လဲယူလာသည်ဟု အထင်ခံရသည်။

ဝယ်သူက အခိုင်အမာငြင်းသည်။

ဆိုင်မှမခံချင်၍ အစစ်ဖြစ်ကြောင်း သက်သေပြရန် ဆိုင်ရှိနောက်တစ်ဘူးကို ဖောက်ပြသည်။ အတုဖြစ်နေသည်။

ဝယ်သူကို ပိုက်ဆံပြန်ပေးလိုက်ရသည်။

မင်္ဂလာဈေးမှ ပရိမိနာဘူးများ ဝယ်ယူသည့်ဆိုင်ကို အတုများရောင်းသည်ဟု မကျေမနပ်ဖြစ်ပြီး သွားပြောကြသည်။

ထိုဆိုင်မှ လုံးဝအတုမရှိကြောင်း အခိုင်အမာပြောပြီး ထိုသို့ပင် အခြားစတိုးဆိုင်များလည်း ရောက်လာမှုကြောင်း၊ ဈေးဝယ်ယောင်ဆောင်ပြီး အလုပ်ရှုပ်ချိန်မှာ အတုနှင့်အစစ်လဲလှယ်သော မိန်းမများရှိကြောင်း၊ ထိုသို့ဖြစ်နိုင်သည်ကို ပြန်လည်စဉ်းစားကြည့်ရန်နှင့် ဘူးများအားလုံး ထုတ်ပြထားမိခြင်း ရှိမရှိမေးသည်။

ထိုအခါကျမှ အဖြေမှန်ကို စဉ်းစားမိကြသည်။ မိန်းမလယ်သုံးယောက်

www.burmeseclassic.com

www.burmeseclassic.com



လက်ချက်ဖြစ်သည်ကို သိသွားကြသည်။

သူတို့သည် အလုပ်လုပ်ရန် သတ်မှတ်ထားသောဆိုင်ကို စောင့်ကြည့်ပြီး ဈေးဝယ်သူရှုပ်ထွေးချိန်မှာ တစ်ယောက်ပြီးတစ်ယောက်ဝင်သည်။ ပရိုမီနာဘူးဝယ်သူထံသို့ ဈေးရောင်းသူများ မျက်စိမရောက်နိုင်အောင် ကျန်နှစ်ယောက်က ထိန်းထားပေးကြသည်။ ထိုအချိန်တွင် ပရိုမီနာဘူးဝယ်သူက အစစ်နှင့်အတု လဲလှယ်ပြီးဖြစ်သည်။

သုံးလေးရက်ကြာမှ သိရသောကြောင့် သူတို့ကို ဘယ်လိုက်ရှာရမှန်းမသိ။ ဘာမှုလည်းမလုပ်နိုင်။ အဆုံးအရှုံးခံလိုက်ကြရသည်။

ဤအုပ်စုသည် ဤနည်းဖြင့် မသမာမှုကို ပြုနေကြသည်။ သူတို့၏နည်းကိုသိလျှင် လွတ်အောင်ရှောင်နိုင်သည်။ ဤမသမာသူများကို အတွေ့အကြုံရှိသောဆိုင်များသည် တစ်မျိုးပြီးမှ နောက်တစ်မျိုးထုတ်ပြသည်။ နောက်တစ်မျိုးထုတ်ပြချိန်တွင် အရင်ပြသည်ကို ပြန်သိမ်းသည်။ ထို့ကြောင့် ရိုးရိုးသားသားဝယ်သူများက ယုံ့ပြီးရွေးခွင့်မရ၍ မကျေမနပ်ဖြစ်သည်လည်းရှိသည်။ အမှန်ကတော့ ခံထားရ၍ ကြိုတင်ကာကွယ်ခြင်းဖြစ်သည်။

ဆိုင်ကြီးများမှာတော့ ကောင်တာအလိုက် တာဝန်ခံတစ်ဦးရှိ၍ အားလုံးမှာ သူ့ရှေ့မှာပင်ရှိနေ၍ လဲလှယ်ရန်မလွယ်ပါ။ မသမာသူများကလည်း မရသေနေရာမှာ မလုပ်၊ ရနိုင်လောက်မှ လုပ်သည်။

ဤနည်းကိုအသုံးပြုပြီး ဆိုင်ထဲသို့ ဝင်ရောက်လာပြီကိုသိလျှင် နောင်တွင် ဤကဲ့သို့မသမာမှုကို မပြုနိုင်ရန် လက်ပူးလက်ကြပ် ဖမ်းဆီးဟန့်တားသင့်ပါသည်။

ရိုးရိုးသားသားနှင့် ကြိုးကြိုးစားစားလုပ်ကိုင်စားလျှင် လူတိုင်းအတွက် ကြီးပွားစရာနည်းလမ်းရှိပါသည်။ မရိုးမသား လိမ်ညာလှည့်ဖြားသူများသည် ပေါ်ပေါက်လျှင် အရှက်တကွဲအကျိုးနည်း ဖြစ်ရသည်။

အချို့သော ဒေါသတကြီး တုံ့ပြန်တတ်သူများနှင့်ကြုံလျှင် အထိုးအကြိတ်၊ အရိုက်အနှက်လည်း ခံရတတ်သည်။ တရားဥပဒေအရ အရေးယူ



အပြစ်ပေးခြင်းလည်း ခံရတတ်သည်။

သူတစ်ပါးလုပ်အားကို အချောင်လိမ်ညာစားချင်သည့် မသမာသူများ သတိထားသင့်ကြသည်။

လူကောင်းများလည်း လိမ်ညာခံရခြင်းဘေးမှ ဝေးစေရန် အရာရာသတိထားသင့်သည်။ မရိုးမသားသော လုပ်ဆောင်မှုတို့၏ အတွင်းဘာဂျာန်များမှာ သတိထားကြည့်လျှင် သိမြင်နိုင်သည်။ လိမ်ညာခံရခြင်း အားလုံးသည် သတိပေါ့လျော့မှုကြောင့် ဖြစ်သည်။ မဖြစ်တန်ပါဘူးဟု အမှတ်မထင် သဘောထားသူများသည် လိမ်ညာသူတို့အကြိုက်ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## ဆိုင်နှစ်ဆိုင်နှင့်ဆန်တစ်အိတ်

ဆန်ဆိုင်တစ်ဆိုင်တွင် လူတစ်ယောက်ဝင်လာ၍ သူ့ဆရာက ဗိုလ်မှူး ဖြစ်သည်။ သူရသည့်ဆန်ကိုရောင်းပြီး ဆန်ကောင်းနှင့်လဲချင်သည်ဟု ဆိုသည်။ သူ့မှာ နမူနာဆန်ပါလာသည်။ ရောင်းမည့်ဆန်က (၂)အိတ်ဖြစ်သည်။

ဆိုင်ရှင်က ဆန်ကိုကြည့်သည်။ သိပ်တော့အဆိုးကြီးမဟုတ်လှ။ သို့သော် ဆန်အိတ်ကပါမလာသေး။

ဆိုင်ရှင်က သူပေးနိုင်သောဈေးကို ပြောသည်။ ရောင်းချင်သူ သဘောတူသည်။

မကြာမီ ဆန်အိတ်တစ်အိမ်ကို စက်ဘီးနှင့်တင်ပြီး တွန်းသူနှင့်အတူ ရောက်လာသည်။

ဝယ်သူက ဆန်အိတ်ကိုဖောက်ကြည့်သည်။ ပြသည့်ဆန်နှင့်တူသည်။ ရောင်းသူက စက်ဘီးသမားကို နောက်တစ်အိတ်သွားသယ်ရန်နှင့် မြန်မြန် ပြန်လာရန် ပြောသည်။ စက်ဘီးသမား ပြန်ထွက်သွားသည်။

ရောင်းသူက သူ့ဆရာထံ (၄)နာရီအမီသွားပေးရမည်ဖြစ်၍ (၂)အိတ်ဖိုးအရင်ပေးနိုင်ရန် ပြောသည်။

ဆိုင်ရှင်က သတိရှိသည်။ သူကိုလည်းမသိ၊ တစ်အိတ်သာရထားသေးသည်။ (၂)အိတ်ဖိုးမပေးနိုင်။



"ဒါဆိုလဲ တစ်အိတ်ဖိုးပေးနှင့်ဗျာ၊ စက်ဘီးသမားလာပို့ရင် နောက်တစ်အိတ်ဖိုး သူ့ကိုပေးလိုက်" ဟု ပြောသည်။

ဆိုင်ရှင်က လက်ခံသည်။ ရထားပြီးဖြစ်သောတစ်အိတ်ဖိုးရှင်းပေးလိုက်သည်။

(၁၅)မိနစ်ခန့်ကြာသောအခါ စက်ဘီးသမားရောက်လာသည်။ ဆန်တစ်အိတ်ကို စက်ဘီးနောက်မှာတင်ပြီး တွန်းယူလာခြင်းဖြစ်သည်။

ဆိုင်ရှင်က နောက်တစ်အိတ်ဖိုးပေးသည်။

"ဈေးက ဒီဈေးမဟုတ်ပါဘူး။ တစ်အိတ်ကိုတစ်ရာလိုနေတယ် နောက်ပြီး နှစ်အိတ်ဖိုးငွေ အကြေပေးရမှာ" ဟု စက်ဘီးသမားက ပြောနေသည်။

ဆိုင်ရှင် နားမလည်ပါ။

တစ်အိတ်ဖိုးသာကျန်ကြောင်း တစ်အိတ်ဖိုးမှာ ပေးလိုက်ပြီဖြစ်ကြောင်း ရှင်းပြသည်။

စက်ဘီးသမားကလည်း တစ်ပြားမျှမရသေးကြောင်း ငြင်းသည်။

အပြန်အလှန် ပြောကြငြင်းကြရင်းနှင့်မှ ဆိုင်ကိုဆန်ရောင်းရန် လာစဉ်သူမှာ လူလိမ်လူညာဖြစ်နေသည်။

ဤဆိုင်၏အမည်ကိုပြောပြီး အခြားတစ်ဆိုင်မှ ဆန်ကိုဝယ်သည်။ ရောင်းသောဆိုင်ကလည်း ဝယ်သောဆိုင်၏ အမည်ကိုသိ၍ ဈေးပြောပြီး သဘောတူရောင်းလိုက်သည်။

သူ့ဆိုင်မှ အလုပ်သမားကို လိုက်အပို့ခိုင်းသည်။ လိုက်ပို့သော အလုပ်သမားကပင် ငွေလက်ခံခဲ့ရမည်ဖြစ်သည်။

အလုပ်သမား ဒုတိယဆန်အိတ်ပြန်ယူနေစဉ် လူလိမ်လူညာက နှစ်အိတ်ဖိုးတောင်းသည်။ မရ၍ တစ်အိတ်ဖိုးယူပြီး လစ်ထွက်သွားခြင်းဖြစ်သည်။

ဆန်ဆိုင်နှစ်ဆိုင် ညှိနှိုင်းပြီး လိမ်ညာသူ၏ဒဏ်ကို တစ်ဝက်စီမျှခံ လိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမဆိုင်အနေနှင့် မသိသောလူလာရောင်းသည့်ဆန်ကို ကြားဖောက်ပြီးမဝယ်သင့်ပါ။ အလိမ်အညာဖြစ်နိုင်သည်။ ခိုးရောင်းသည်လည်း ဖြစ်နိုင်သည်။ ဈေးဆစ်ပြီး အရတော်သည်ထင်၍ ဝယ်လိုက်ခြင်းက ပထမဆိုင်၏ အမှားဖြစ်သည်။

ဒုတိယဆိုင်အနေနှင့်လည်း ထိုလူကိုမသိဘဲ ဆိုင်အမည်တစ်ခုပြောရုံနှင့် ဈေးစကားပြောသည်။ အမြတ်တင်ပြောပြီး ပို့ပေးသည်။

နှစ်ဆိုင်လုံး စေ့စပ်သေချာမှုပေါ့လျော့၍ လူလိမ်လူညာက လက်တစ်လုံးခြား ကပ်လိမ်သွားခြင်းဖြစ်သည်။

(ဤလိမ်နည်းကို ကြိုတင်သိထားခြင်းဖြင့် လိမ်ညာဘေးမှ ကင်းဝေးကြပါစေ။)

■

# နာရေးကြော်ငြာမှ လိမ်ဗျာ

"ဦးအောင်မင်း ရှိပါလားခင်ဗျာ"

အိမ်ရှေ့မှခေါ်သံကြား၍ ဦးအောင်မင်း၏ သမီးကြီး ချိုချိုအောင် ထွက်ကြည့်သည်။

အိမ်ရှေ့မှာ အသက်လေးဆယ်ခန့် ပါးပါးလျားလျား လူတစ်ယောက်ကိုရုပ်လုံးကိုက် တွေ့ရသည်။ တစ်ခါမျှမတွေ့ဘူးသော လူစိမ်းဖြစ်သည်။

"ဘယ်ကပါလဲရှင်၊ ဘာကိစ္စရှိလို့ပါလဲ"

ချိုချိုအောင်က ကျောင်းဆရာမ၊ စေ့စပ်သေချာသည်။ တံခါး မဖွင့်မသေးဘဲမေးသည်။

"ထားဝယ်ကပါ။ ကိုထွန်းထွန်းက စက်ရေယာဉ်ကြီးနဲ့ ပစ္စည်းပါးလိုက်လို့ပါ"

"ဩော် ဟုတ်ကဲ့"

ဆရာမချိုချိုအောင်၏ မျက်နှာပြောင်းသွားသည်။

ကိုထွန်းထွန်းဆိုသည်မှာ သူ့အစ်ကိုဝမ်းကွဲဖြစ်သည်။

အဖေ့ညီအရင်းမှ မွေးသူ၊ အဖေ့ညီဖြစ်သူ ဦးလေးဆုံးသည်မှာ လပိုင်းသာရှိသေးသည်။

"ဟဲ့ သမီး၊ ဘယ်သူတုန်း"

ထားဝယ်က ကိုထွန်းထွန်းဆိုသောအသံကြား၍ ဦးအောင်မင်းက သမီးကိုလှမ်းမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထားဝယ်က ကိုကိုထွန်း ပစ္စည်းပို့လိုက်လို့တဲ့"

ချိုချိုအောင်က ဝင်းတံခါးကိုဖွင့်ပေးသည်။

ဝင်လာသူလက်ထဲမှာ ဘာပစ္စည်းမျှ ပါမလာ။

"ထိုင်ပါကွယ်"

ဦးအောင်မင်းက ဧည့်ခန်းမှာ ထိုင်ခိုင်းသည်။

"ကျွန်တော်လဲ အဲဒီစက်လှေနဲ့ လိုက်လာတာပါခင်ဗျ"

"ဩော် ဟုတ်ကဲ့ပါ"

"ကိုထွန်းထွန်းက အထုပ်နှစ်ထုပ်ပေးလိုက်ပါတယ်၊ ဒီအိမ်လိပ်စာလဲ ပေးလိုက်ပါတယ်၊ ကျွန်တော့်ကိုပို့ပေးဖို့ အကူအညီတောင်းလို့ပါ"

"ဩော် ဟုတ်လား၊ ကျေးဇူးတင်ပါတယ်"

ပစ္စည်းက မမြင်ရသေး၊ ဦးအောင်မင်း ကျေးဇူးတင်နေရပြီ။

"စက်လှေဆရာက ပစ္စည်းတစ်ထုပ်ကို ငါးထောင်ပေးရမယ်လို့ ပြောတယ်ခင်ဗျ၊ ပစ္စည်းရွေးဖို့ တစ်သောင်းကျပါတယ်။ ပို့တာကတော့ ကျွန်တော် လာပို့ပါ့မယ်"

"ဩော်၊ ဖေဖေ ငါးခြောက်နဲ့ ငါးပုတ်ပြားမှာထားတာတွေ ထင်ပါရဲ့ သမီးရယ်"

ဦးအောင်မင်းက သမီးဖြစ်သူ ချိုချိုအောင်ကို လှမ်းပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ မောင်ရင့်နာမည်ပြောပါဦး"

"ရွှေမြပါ"

"သမီးရေ ငွေနှစ်သောင်းအပြင် သူ့အတွက် ကားခငါးထောင်ပါ ပေးလိုက်ပါသမီးရယ်၊ မောင်ရင် တက်(စ်)ဆီငှားလာခဲ့ပါ"

"ရပါတယ်ခင်ဗျ၊ ကျွန်တော့်အတွက် ကားခမပေးပါနဲ့ မဟုတ်ရင်လဲ ကျွန်တော်က မြို့ထဲလာရမှာပါ၊ ကိစ္စမရှိပါဘူး"

"မဟုတ်တာကွာ၊ ခုလိုလာပြောတာ လာပို့တာကိုပဲ ကျေးဇူးတင်လှပါပြီ။ သမီးရေ နှစ်သောင်းငါးထောင်ပေးလိုက်ပါ"



ဆရာမချိုချိုအောင် နှစ်သောင်းငါးထောင်ထုတ်ပေးလိုက်သည်။

"ကျွန်တော် သွားပါဦးမယ်ခင်ဗျ၊ ခုပဲ ပစ္စည်းထုပ်ယူပြီးတာနဲ့ လာပို့ပေးပါ့မယ်"

"အေးအေး ကျေးဇူးတင်ပါတယ်ကွယ်"

ဦးအောင်မင်းက အကြိမ်ကြိမ်ကျေးဇူးတွေ ဖောဖောသီသီ တင်နေပြန်သည်။

လူစိမ်းဧည့်သည် ပြန်ထွက်သွားသည်။

လုံးဝပြန်မလာတော့ပါ။ သူညာသွားသည်က နှစ်သောင်း ဦးအောင်မင်း ကားခထပ်တိုးပေးလိုက်သည်က ငါးထောင်။

လူလိမ်လူညာ နှစ်သောင်းငါးထောင် ရသွားသည်။

အမှန်မှာ ပြီးခဲ့သည့်တစ်လက ဦးအောင်မင်း၏ညီ နာရေးကြော်ငြာကိုဖတ်ကြည့်ပြီး ရန်ကုန်မှာ ရှိသော ဦးအောင်မင်း၏အိမ်လိပ်စာနှင့်တကွ ဖော်ပြ၍ ဦးအောင်မင်း၏ညီ ဦးအောင်ဝင်း ထားဝယ်မြို့မှလိပ်စာကိုဖော်ပြပြီး ကိုထွန်းထွန်း၏ဖခင်ဆိုသည့် အချက်အလက်များကိုယူပြီး ဦးအောင်မင်း၏ အိမ်လိပ်စာအတိုင်း သွားတွေ့ခြင်းဖြစ်သည်။

ထားဝယ်ရှိလူမှ ပစ္စည်းပို့လေဟန်နှင့် စက်လှေခ လိမ်ညာတောင်းခြင်းဖြစ်သည်။

ဦးအောင်မင်းအနေနှင့်လည်း ထားဝယ်မှာ သူ့တူကိုထွန်းထွန်းရှိနေ၍ ပစ္စည်းပေးလိုက်မည်ဆိုခြင်းကို အလွယ်တကူယုံခြင်းဖြစ်သည်။

ယုံလွယ်၍ အလိမ်အညာခံရခြင်းဖြစ်သည်။

ကိုယ်တိုင် စက်လှေကိုလိုက်မဆင်းဘဲ သူတစ်ပါးလာပို့မည်ကို အလွယ်တကူစောင့်ယူချင်၍လည်း အလိမ်အညာခံရခြင်း ဖြစ်သည်။

သာရေးနာရေး ကြော်ငြာစသည်တို့ကို လိပ်စာနှင့်တကွ ထည့်သွင်းဖော်ပြပြီးလျှင် သတိထားသင့်သည်။ အခြားနည်းဖြင့်လည်း လိပ်စာသိပြီး လိမ်ညာနိုင်သည်။ မသိသူ မျက်နှာစိမ်းများကို ငွေပစ္စည်းစသည်နှင့် ပေးရန်အတွက် အယုံလွယ်၍ အလွတ်မပေးမိစေရန် သတိထားသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံးတော့ သေချာသောအချက်အလက် အထောက်အထားများအနိုင်အမာရသည့်ထိ စုံစမ်းမေးမြန်းသင့်သည်။

"စုံစမ်းမေးမြန်းခြင်းသည် အမှန်တရားကို ဖော်ထုတ်ခြင်းဖြစ်သည်" ဆိုသော အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၏ ဆောင်ပုဒ်နှင့်အညီ အမှန်ကိုသေသေချာချာသိအောင် စုံစမ်းမေးမြန်းပြီး နိုင်မာပြီးပာယုံကြည်ရမှ အပေးအကမ်းပြုသင့်ကြပါသည်။

■

## နောက်ဖေးပေါက်မှ ၀င်နိုင်သူ

လူကြီးတစ်ဦး၏ဖနိုးနှင့် ရင်းနှီးခင်မင်၍ နောက်ဖေးမီးဖိုချောင်သို့ ၀င်နိုင်ထွက်နိုင်သည်ကို အခွင့်ကောင်းယူပြီး အကြံအဖန် လုပ်ကိုင်စားသူလည်းရှိ၏။

ဘယ်သူကဘယ်အိမ်ကို ၀င်နိုင်ထွက်နိုင်သည်။ ဘယ်သူ့ဖနိုးနှင့်မည်မျှရင်းနှီးသည်။ ဘယ်မှာ အတူနေခဲ့ဖူးသည်။ လူ့သ ဘင်းသူချင်းဆောင်၍ ကြားရသည်၊ သိရသည်။

အချို့လူများသည် လုပ်ငန်းရရှိရေး ရာထူးခန့်ထားရေး ၊ရာထူးတိုးရေး ကိစ္စများတွင် ကိုယ်အရည်အချင်းနှင့်ကိုယ် ရိုးရိုးသားသား ကြိုးစားယှဉ်ပြိုင်မည့်အစား အပေးအကမ်း အ၀င်အထွက်နှင့်မှ သေချာမည်ဟု အပိုင်ကြံချင်ကြသည်။

အခုံးအဖြတ်ပေးနိုင်သည့် သက်ဆိုင်ရာလူကြီးအိမ်သို့ ၀င်ချင်သည် ပေးချင်သည်။ နည်းလမ်းမျိုးစုံရှာကြသည်။ ရှေ့မှမရလျှင် နောက်မှကွေ့ပြီး လမ်းပေါက်ရှာသည်။ ၀င်နိုင်သူကိုရှာသည်။ တွေ့ပြီးချဉ်းကပ်သည်။ အကူအညီတောင်းသည်။

ရသည်၊ ပြောပေးမည်။ စိတ်ချ မီးဖိုချောင်ကိုပိုင်သည်။ မယုံမရှိနဲ့ ကိုယ်တိုင်လိုက်ခဲ့။ အလိမ်အညာမဟုတ်။ မျက်မြင်တွေ့ရမည်။ အာမခံသည် ပိုင်ပြီ။ ပေးမည်။ အပေးအယူတည့်ကြပြီ။ ကာယကံရှင်၏ မော်တော်ကားနှင့်ပင် ကာယကံရှင်ကိုတိုင်လိုက်၍ အိမ်ကို၀င်သည်။

www.burmeseclassic.com



ရာသီအလိုက်ပေါ်သည့် အသီးအနှံ လတ်လတ်ဆတ်ဆတ် လှလှပပ များကို ခြင်းတောင်းနှင့်ထည့်သွားသည်။

အိမ်အဝင်မှာ နာမည်ပြောတော့ သိဟောင်ကျွမ်းဟောင်ရင်းနှီး၍ ဝင်ခွင့်ရသည်။

နောက်ဖေးမီးဖိုချောင်ကို ရောက်ပြီ။

''မတွေ့တာကြာလို့ အသီးအနှံတွေလဲလတ်ဆတ်လို့ အမှတ်တရလာ ပို့တာ တွေ့ချင်တာလဲပါတာပေါ့'' အိမ်ရှင်မကလည်း ဝမ်းသာအားရ ကြိုဆိုသည်။

လိုက်သွားသူက မိန်းမသားဖြစ်သည်။ အသီးအနှံများကို ကူချပေးပြီး ကားပေါ်မှစောင့်ရသည်။

တရင်းတနှီး ပြောဆိုဆက်ဆံနေကြသည်ကို မျက်မြင်တွေ့၍ ဝမ်းသာ အားရဖြစ်ရသည်။ ကိုယ်ကိစ္စအတွက် အားတတ်ရသည်။

ပြောဆိုနေကြပြီ။ ဟန်ကျတော့မည်။ ပိုင်သည်။ သေချာပြီဟု ကျေနပ်နေရသည်။

သူတို့ပြောကြသည်မှာ ရှေးဟောင်းနှောင်းဖြစ်နှင့် ကလေးများဘယ် အရွယ်ရောက်၊ ဘယ်အတန်းရောက်၊ ဘယ်တုန်းကဘယ်လိုနေခဲ့၊ သွားခဲ့ စားခဲ့သည်များ သတိရကြောင်းများသာဖြစ်သည်။

ပြန်ခါနီးတော့ ရာထူးကြီးလာသည်အမှူ ရတနာသုံးပါးကို မမေ့အလျော့ ဖို့ သတိပေးသည်။ အတိတ်ကံကောင်း၍ယခုကဲ့သို့ ရာထူးကြီးကြီး ရခြင်းဖြစ်သည်။ ရာထူးကြီးလာ၍ လူတိုင်းကို မယုံသင့်ကြောင်း၊ အိမ် အဝင်အထွက်ကစပြီး သတိထားစေချင်ကြောင်း အချို့လူများက လူကြီး နားကပ်ပြီး အခွင့်အရေးယူတတ်ကြောင်း သတိပေးစကားများပြောသည်။

အတော်လေးကြာအောင် ပြောပြီးတော့မှ . . .

''ကဲ ပြန်တော့မယ်''

အိမ်ရှင်မကလည်း ဘာအခွင့်အရေးမှ တောင်းဆိုတာမဟုတ်ဘဲ



သတိတရလာပြီး အသီးအနှံများပေး၍ ကျေးဇူးတင်သည်။ သတိပေးစကား ပြောသည်ကိုလည်း ကျေးဇူးတင်သည်။

''ကဲ သွားမယ်နော် ၊ ကျွန်မပြောတာတွေ မမေ့နဲ့နော်''

''ဟုတ်ကဲ့ပါ၊ မမေ့ပါဘူး''

ကားပေါ်မှ စောင့်နေသူက သူ့ကိစ္စပြောခဲ့သည်ကို မမေ့ရန် သတိပေး နေသည်ဟု နားလည်လိုက်သည်။

ကားပေါ်ရောက်သည်နှင့် လက်ပြနှုတ်ဆက်ပြီး ထွက်ခဲ့သည်။

''ပြောခဲ့ပြီ စိတ်ချပေတော့၊ ထွက်ခါနီးအထိ မမေ့ဖို့သတိပေးခဲ့တယ် ကြားတယ်မလား''

''ကြားပါတယ်၊ မမေ့ပါဘူးလို့တောင် ဟိုကပြန်ပြောလိုက်သေးတယ်''

နှစ်ယောက်သား ဝမ်းသာအားရ ရယ်လိုက်ကြ ပြုံးလိုက်ကြသည် မလိမ့်တစ်ပတ်လုပ်ခြင်းဖြစ်သည်။

မလိမ်သော်လည်း တစ်ပတ်ရသွားသည်။

အမှန်စင်စစ်ကတော့ ဘာမျှပြောခဲ့သည်မဟုတ်။ ပြော၍လည်း ရမည်မထင်။ ပြောလျှင် နောင်တွင် ဝင်ထွက်ခွင့်ရမည်မဟုတ်၍ မပြောရဲ။

သို့သော် ကာယကံရှင်ကတော့ အပိုင်ပြောခဲ့ပြီးဟု ယုံကြည်သွား လေပြီ။

ကျန်သည်အပိုင်းကတော့ သူ့ခွင်ထဲမှာ အဆင်ပြေသလို ဆက်ရိုက် သွားသည်။

အချိန်တန်သည်အခါ ကိုယ်အကြောင်းနှင့်ကိုယ်ရလျှင်လည်း သူ့ကြောင့်ထင်၍ ဆက်ပြီးကျေးဇူးတင်ရမည်။ ထပ်ပြီး ကျေးဇူးသိရှီးမည် အခြားသူများကိုပါ ခေါ်သွားပြီး ဆက်သွယ်ပေးဦးမည်။

မရလျှင်လည်း ကျေနပ်သည်။ ''သူကတော့ အပိုင်ပြောပေးတာပဲ ခြင်တဲ့အတိုင်းပဲ'' ဟုသက်သေထူသည်။ ကာယကံရှင် ဘာမျှပြော၍မရပါ။ ကိုယ်တိုင်လိုက်သွားတာပဲ မျက်မြင်ပဲ။ အပိုင်တော့လုပ်တာပဲဟု

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဘာသာ ဖြေသိမ့်သည်။

ဝင်ခွင်ထွက်ခွင့်ကို လုပ်ကိုင်စားသောက်ခြင်းဖြစ်ပါသည်။

ယှဉ်ပြိုင်ရာတွင် ကိုယ့်အားကိုယ်ကိုး ရိုးသားစွာမကြိုးစား ချင်ဘဲပြိုင်ဖက်များကို အဝင်အထွက် အပေးအကမ်းနှင့် အသ ချေချင်သောကြောင့် လိမ်မည့်ညာမည့်သူကို ရှာသကဲ့သို့ ဖြစ်ပြီး အလိမ်အညာခံရခြင်းဖြစ်သည်။

ကိုယ့်ကိစ္စအတွက် ကိုယ့်အားကိုယ်ကိုးကြိုးစားမှသာ လိမ်ညာခံရမှုဝေးလိမ့်မည်။

# မှတ်တိုက်ခံရသော ရွှေအတု

လိမ်ညာခံရသည့် ကိစ္စများတွင် လိမ်ညာသူက လိမ်ညာရန် စတင်ပြောဆိုပြုမူဆောင်ရွက်ချိန်မှာပင် လိမ်ညာခံရမည့်သူမှာ ပုံမှန်မဟုတ်သော စိတ်ခံစားမှုတစ်ခုခုကို သတိပြုမိလောက်အောင် ဖြစ်စေသည်။ ထိုအချိန်မှာ သတိထားရန်လိုသည်။ အတော်များများမှာလည်း သတိထားမိကြပါသည် သို့သော် ထိုသို့ သတိထားသည့်ကြားမှပင် လိမ်ညာသူ၏ လှည့်စားမှုမှာ သတိပြန်မေ့ပြီး ပါသွားတတ်သည်။

သတိမေ့လျော့စေသော အကြောင်းများမှာ လိမ်ညာသူ၏ ဟန်ပန်မင်းမောင်း သရုပ်ဆောင်ကောင်းမှု အပြောကောင်းမှုမှာ ယုံကြည်သွားခြင်း၊ တော်မောစေလောက်သော မက်လုံးပေးမှုကို လောဘတတ်မိခြင်း၊ မိမိကိုယ်ကို ပါးနပ်သည်ဟု ထင်မိတတ်ခြင်းတို့ကြောင့်ဖြစ်သည်။

လိမ်ညာသူတို့သည် တစ်နပ်စားကြသူများဖြစ်၍ သိဟောင်းမြင်းဟောင်းများ မဟုတ်တတ်ကြ၊ သို့သော် အချို့ အပိုင်လိမ်ညာ သူတို့သည် ကိုယ်နှင့်အဆက်အစပ်ရှိသူ တစ်ဦးဦးအကြောင်းကို ပြောဆိုစပ်၍ ယုံကြည်မှုကို ယူတတ်သည်။

အချို့မှာ လက်လှည့်မျက်လှည့်ပညာလည်းတတ်၍ သတိရှိ အတွေ့အကြုံများသော ရတနာကုန်သည်များ၊ ရွှေဆိုင်ကြီးများပင်ခံရတတ်သည်

သူကျောက်အတုကိုပြပြီး ကိုယ်ကျောက်အစစ်နှင့် လဲသွားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါရင့်ပန်းထိမ်ဆရာကြီးများပင် ရွှေအလိမ်ခံရခြင်းများ ရှိတတ်သည်။

ရန်ကုန်မြို့နှင့် ဆင်ခြေဖုံးမြို့တွင် ပန်းထိမ်ဖိုရှိသော ရွှေဆိုင်သို့ နှစ်ကျပ်သားရှိသောဆွဲကြိုးကို လည်ပင်းမှဖြုတ်ပြီး လာရောင်းသည်။

လာသည်ကလည်း အငှားကားဆလွန်းကားနှင့် ဝတ်ဆင်ထားသည် ကလည်း သားသားနားနားဖြစ်သည်။

''သူ၏သစ်တင်ကားများ အဖမ်းခံနေရကြောင်း၊ သစ်များမှ သယ်ဆောင်ခွင့်ရှိသော တရားဝင်သစ်များဖြစ်ကြောင်း၊ သို့သော် အရည် အကြာ ပြောမနေချင်၍ ပေးကမ်းခြင်းဖြင့် မြန်မြန်ပြီးလိုသောကြောင့် ဆွဲကြိုး ရောင်းရခြင်းဖြစ်ကြောင်း ပြောသည်။

ရွှေဆိုင်က မှတ်တိုက်ကြည့်သည်။ မှန်သည်။ တစ်နေရာတည်းနှ စိတ်မချ၊ ကြိုးတစ်ခုလုံးလှည့်ပတ်ပြီး ဆယ်နေရာခန့် မှတ်တိုက်ကြည့်သည် သေချာသည်။ ရွှေတုမဟုတ်။

ပေါက်ဈေးနှင့်ဆိုလျှင် ဆယ်သိန်းကျော်တန်သည်ကို လေးသိန်းသာ ပေးသည်။ ရောင်းသွားလျှင် တစ်သိန်းခွဲလောက် မြက်မြက်ကလေးရမည်

ရောင်းသူက ဈေးနှိမ်လွန်းသည်ဟု စိတ်ပျက်သွားသည်။

ရောင်းသူက ဆယ်သိန်းပေးရန် တောင်းသည်။ ပန်းထိမ်ဆိုင် ငါးသိန်းထက်ပိုမပေး၍ စိတ်ပျက်သွားသည်။

သူနှင့်အတူပါလာသူကလည်း မရောင်းသင့်ကြောင်း ပြောသည်။

သူတို့အသိကိုရှာပြီး သုံးသိန်းလောက်ချေးရန်တိုင်ပင်ပြီး ဆွဲကြိုး လည်ပင်းမှာပြန်ဆွဲ၍ ထွက်သွားသည်။

သိပ်မကြာ။ ဆယ့်ငါးမိနစ်ခန့်မှာ ပြန်ရောက်လာကြသည်။

''ကဲ ပေးဗျာ၊ မတတ်နိုင်ဘူး။ အသိကလဲ မတွေ့ခဲ့ဘူး၊ ရန် သွားတယ်၊ ကျွန်တော်ကိစ္စကလည်း အမြန်ရှင်းမှဖြစ်မှာမို့ ရောင်းရတာ ဟုပြောပြီး ဆွဲကြိုးကို လည်ပင်းမှဖြုတ်ပေးသည်။

ကားက လမ်းပေါ်မှာရပ်၍ စက်မသတ်ဘဲစောင့်နေသည်။ ပန်းထိမ်



မှ ဆယ်သိန်းကျော်တန်သော ဆွဲကြိုးကို ငါးသိန်းနှင့်ရ၍ ငွေထုတ်ပေး လိုက်သည်။

ရောင်းသူမှာ ငွေယူပြီး အငှားကားပေါ်တတ်၍ ထွက်သွားကြသည်။

ရွှေဆိုင်ကကြိုးကို ပြန်၍ပင်မစစ်တော့ပါ။ အကြိမ်ကြိမ် စစ်ပြီးသားဖြစ်၍ စိတ်ချစွာယူထားလိုက်သည်။

ညနေပိုင်းတွင် အသိပန်းထိမ်ဆရာတစ်ဦးလာ၍ ပြောပြသည်။

အသိပန်းထိမ်ဆရာက တောင်းကြည့်ပြီး သံသယဖြစ်၍ မှတ်ကျောက် တိုက်ကြည့်မှ အတုဖြစ်နေကြောင်း သိရတော့သည်။

ပထမအကြိမ်လာပြစဉ်က ရွှေဆွဲကြိုးအစစ်ဖြစ်သည်။ ထို့ကြောင့် မှတ်ကျောက်အတင်ခံနိုင်သည်။

နောက်တစ်ကြိမ် အလျင်စလိုနှင့် ရောင်းရလေဟန် ပြန်လာပေးသော ဆွဲကြိုးမှာ မူလဆွဲကြိုးနှင့် တစ်ပုံတည်းတူညီသည့်အတု ဖြစ်သည်။

လောဘတက်ကြီး အချောင်ရချင်သောကြောင့် အချောင်သမား၏ ထိမ်ညာခံရခြင်းဖြစ်သည်။

မသိသူများ၏ လှည့်ခါပတ်ခါ ပြောဆိုပြီး အလျင်စလိုရောင်းသည့် ပစ္စည်းကို လောဘတက်ပြီး အလွယ်တကူ မဝယ်သင့်ပါ။

(သတိရှိခြင်း၊ မယုံလွယ်ခြင်း၊ လောဘကို သိမ်းဆည်းနိုင်ခြင်းဖြင့် ထိမ်ညာဘေးမှ ကင်းဝေးကြပါစေ။)

■

www.burmeseclassic.com

www.burmeseclassic.com

## ငွေညာပြီးလျှင် လှကိုပါ

ရန်ကုန်မြို့ပေါ်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ကောင်တာထိုင်သူ မိန်းကလေးတစ်ဦးက ကျွန်တော့်ထံသို့ စာရေးလိုက်၏။ သူ လိမ်ညာခံရသည် ကို အခြားသောမိန်းကလေးများ သင်ခန်းစာယူနိုင်ကြစေရန် စေတနာကောင်း နှင့် သတိပေးလိုခြင်းဖြစ်ပါသည်။

ရှေ့မှာ လိမ်ညာခံရသူများတွေ့များလှပြီ။ နောက်ထပ်လည်း ဆက်၍ ဆက်၍ အလိမ်ညာခံနေကြရသည်။ သူများဖြစ်သည်ကို သင်ခန်းစာယူပြီး သတိထား၍ ရှောင်ရှားနိုင်သင့်သည်။ ကိုယ်တွေ့ ကြုံမှသိလျှင် သိခြင်းနှင့် အတူ ဒုက္ခကိုပါခံစားရမည်ဖြစ်သည်။

ငွေကြေးလိမ်ညာခံရသည် ငွေကြေးဆုံးရှုံးရုံနှင့်ပြီးသည်။ မိန်းကလေးများ လိမ်ညာခံရသည်က ဘဝလမ်းကြောင်းအထိ ပျက်ယွင်းထိခိုက်စေသည် ဆုံးရှုံးမှု ကြီးမားလှ၏။

ရန်ကုန်မြို့ပေါ်မှ စားသောက်ဆိုင်တစ်ဆိုင်တွင် ပိုင်ရှင်မိန်ကလေး ကိုယ်တိုင် ကောင်တာထိုင်၍ငွေသိမ်း၏။ ထိုဆိုင်သို့ လူသုံးယောက် နေ့စဉ် လာ၍ စားသောက်ကြ၏။ ကြာသောအခါ မိန်းကလေးနှင့် မျက်မှန်းတန် မိလာသည်။ တစ်လကျော်ကြာသောအခါ ခင်မင်ရင်းနှီးသော အဆင့်အထ ရောက်ရှိလာ၏။

တစ်ယောက်က အသက်(၅၀)ခန့် ကျန်နှစ်ယောက်က အသက်(၃၀



ဝန်းကျင်ခန့်ဖြစ်သည်။ ဆိုင်ကယ်ကြီးတစ်စီးနှင့်လာ၍ အိတ်အဝါကြီးများကို လွယ်ထားကြသည်။ အသက်သုံးဆယ်ခန့် (၂)ယောက်မှ တစ်ယောက်သည် အနေအထိုင်တည်ကြည်ပြီး ခန့်ခန့်ချောချော ဖြစ်သည်။ လာသူသုံးဦးတွင် အဓိကဦးစီးဦးဆောင်ဖြစ်၏။

သူတို့ပြောပုံဆိုပုံ လေသံများအရ ဆောက်လုပ်ရေးကန်ထရိုက်များ ဖြစ်သည်။ လှပုံပိုချောသူမှာ အဖေနှင့်အမေကွဲနေ၍ အမေကိုလုပ်ကျွေးနေ သူဖြစ်၏။ ရိုးရိုးအေးအေးနေတတ်ပြီး မိန်းကလေးများကို စိတ်ဝင်စားခြင်း လုံးဝမရှိသူဖြစ်၏။

မိန်းကလေးကြားအောင်၊ သိအောင် နည်းအမျိုးမျိုးနှင့် ပြောဆိုထုတ် ဖော်နေကြခြင်းဖြစ်သည်။ တမင်ပြောလျှင် ယုံချင်မှ ယုံမည်။ အမှတ်မထင် ကြားနေရသည်များက ယုံကြည်လေးစားစရာ။

သို့သော် ဒီယုန်မြင်၍ ဒီချုံထွင်နေကြခြင်းဖြစ်သည်ကို ခံရပြီးမှ သိရ၏။

နောင်တွင် ရင်းနှီးခင်မင်လာကြသောအခါ အသက်(၅၀)အရွယ်ရှိသူက ခန့်ခန့်လူ၏ ရိုးအေးပုံ၊ လိမ္မာပုံ၊ စိတ်ကောင်းရှိပုံ၊ မိဘကို လုပ်ကျွေးနေပုံများကို အမွှန်းတင်၍ မိန်းမချောများဝိုင်းဝိုင်းလည်နေပုံ၊ သို့သော် မည်သူကိုမျှ စိတ်မဝင်စားဘဲ ယနေ့ထိအောင် ရှောင်နိုင်ပုံတို့ကိုလည်း ချီးကျူးပြောဆိုသည်။

ထိုလူကိုယ်တိုင်ကလည်း သူ့ဘဝမှာဒုက္ခရောက်ခဲ့ရပုံ ထိုအထဲမှ ကြိုးစား၍ ခုအခြေအနေထိ ဖြစ်ခဲ့ရပုံများကို သနားစရာ၊ အားကျစရာ ပြောပြသည်။

သူတို့သည် ဆိုင်၏သဘာဝကို အသေအချာလေ့လာပြီးမှ အကွက် ချကြစည်ကြခြင်းဖြစ်သည်။ ကောင်တာထိုင်သော မိန်းကလေးမှာ မနက်ပိုင်း တွင်မရှိ။ ညနေ(၆)နာရီတွင်မရှိ။ မိန်းကလေးရှိသည့် အချိန်မှာ လာသည်။ ကျန်အချိန်များတွင် အခြားသောလက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင် သည်တို့မှ ရောင်းပန်းဝယ်ပန်းကောင်းသော မိန်းကလေးများ၏ ဆိုင်များကို အစီအစဉ်တကျ လှည့်လည်သွားရောက်၍ ယုံလောက်အောင် ပေါင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်မှုလိမ်ညာကြသည်။

မိန်းကလေးမှာ သူ့ကို သနားရာမှတစ်ဆင့် စာနာစိတ်ဖြစ်ရသည်။ ကြာသောအခါ သံယောဇဉ်ဖြစ်လာ၍ ချစ်သူဘဝသို့ရောက်ကြသည်။

သူဟာ အင်မတန်တည်ကြည်လေးနက်တဲ့ ယောက်ျားဖြစ်ကြောင်း ခပ်ညံ့ညံ့ယောက်ျားထဲမှာ မပါကြောင်း၊ မိန်းကလေးတိုင်းကိုလည်း မနှစ်သက်တတ်ကြောင်း ပြောသည်။

နောက်ဆုံးတွင် မိန်းကလေးကို အပိုင်ကြံရန်အတွက် ချောင်းသာလိုက်မလား၊ ပဲခူးလိုက်မလား ခေါ်သည်။ မိန်းကလေးက ဆိုင်ကိုပစ်၍ မလိုက်နိုင်သောကြောင့် လူကိုတော့ ထိပါးစော်ကား၍မရ၊ ထို့ကြောင့် ငွေဘက်သို့လှည့်လာသည်။ ဘေးကျပ်နံကျပ် အခက်အခဲ ဖြစ်နေသောကိစ္စတစ်ခုကိုအကြောင်းပြပြီး ငွေချေးသည်။

မချေးလျှင် ဒုက္ခဖြစ်တော့မည်ဆိုသည်ကို စိုးရိမ်၍ ကိုယ့်တွင်မရှိဘဲ သူများထံမှ တစ်ဆင့်ချေးငှားပြီး အတိုးမဲ့ချေးငွေအဖြစ် ငွေ (၃၀၀၀၀၀)ကျပ် ချေးလိုက်ရသည်။

နောက်ထပ် လေးငါးလခန့်ကြာသောအခါ အိမ်ဂရန်ကို ခဏပေးထားရန် ချော့မော့တောင်းပြန်သည်၊ အတိုးငွေကောင်းကောင်းပေးမည်ဟုလည်းပြောသည်။

လိမ်ညာသူကို ယုံမိပြီးခါမှ လူတစ်ယောက်က ထိုလူများအကြောင်းကို ဖုန်းဆက်ပြီး သေသေချာချာပြောပြသည်။ မိန်းကလေးစုံစမ်းကြည့်တော့ မှန်နေသည်။ အခြားမိန်းကလေးများကိုလည်း အတည်ယူမည်ပြောပြီး လူကိုယူ၊ ငွေကိုချူလုပ်နေကြောင်း သိလာရသည်။ သူ့ပိုက်ဆံအိတ်ထဲမှာ မိမိကိုပေးသောဓာတ်ပုံမျိုး စာမျိုး အခြားမိန်းကလေးများအားပေးရန် ရေးထားသည်ကိုလည်း တွေ့ရသည်။

သိတော့ နောက်ကျနေပြီ။ လူမပါသော်လည်း ငွေတော်တော်များများ ပါသွားခဲ့ပြီ။ ပြန်တောင်းသော်လည်း နည်းအမျိုးမျိုးအကြောင်းပြ၍



လှည့်စားနေကြပြီ။ ကိုယ့်ပိုက်ဆံနှင့်ကိုယ် စိတ်မောရပြီ။ ကိုယ့်မေတ္တာကို လှည့်စားခံရ၍ ရှက်စိတ်နှင့်တကွ ရင်ထဲမှာနာကျင်ကြေကွဲ ပင်ပန်းဆင်းရဲဖြစ်ရသည်။ ယုံလွယ်ခဲ့မိသော ကိုယ့်ကိုယ်ကိုလည်း မကျေမနပ်ခံစားရသည်။

အချို့မိန်းကလေးများမှာ ငွေရောလူပါဖြစ်၍ ပိုပြီးခံစားရမည်ကို ကိုယ်ချင်းစာမိသည်။ လူညာများကို နာကြည်းခြင်းနှင့်အတူ မိန်းမအချင်းချင်း စိုးရိမ်စိတ်ဖြစ်ရသည်။

သူတို့မှာ မိန်းကလေးများအား လိမ်ညာခြင်းကို အလုပ်တစ်ခုအဖြစ် အစီအစဉ်တကျ ဆက်လက်လုပ်ဆောင်နေကြသူများဖြစ်သည်။ သူတို့လိပ်စာများမှာ ရေရေရာရာ တိတိကျကျမရှိ။

သူတို့အကြောင်းသိသွားလျှင်လည်း သူတို့မှာပြဿနာမရှိ။ ထိုဆိုင် ထိုမိန်းကလေးကိုခွာ၍ နောက်ဆိုင်မှာ နောက်မိန်းကလေးရှာမည်။

ခန့်ခန့်ချောချောနှင့် ခေါင်းဆောင်၍ လိမ်ညာသူမှာ အသားနည်းနည်းညိုသော်လည်း ဥပမိရုပ်ကောင်းသည်။ စကားပြောလျှင် အပေါ်သို့မော့ကြည့်ပြီး နှုတ်ခမ်းနှစ်လွှာကို ဖိဖိပြီးပြောလေ့ရှိသည်။ စကားပြောလျှင် လက်နှစ်ဖက်ကိုပိုက်ထားလေ့ရှိသည်။ အင်္ကျီကော်လံလည်ကတုံး လက်ရှည်လက်ဖြူ၊ ကချင်လုံချည်အကွက်၊ ကတ္တီပါဖိနပ်နှင့် ဘိုကေကိုကော့နေအောင်ဖြီးထားတတ်ကြောင်းကို လိမ်ညာခံရသောမိန်းကလေးက ပုံဖော်ပြ၍ သတိပေးထား၏။

အသက်ငါးဆယ်ကျော်လူမှာ အလံရှူးဖြစ်၍ သူလူအကြောင်း ဘေးတီးကောင်းသူဖြစ်သည်။ မင်မောင်းလည်း အလွန်ကောင်းသူဖြစ်သည်။ ကျန်တစ်ယောက်မှာ ပိုက်ဆံအိတ်အပြာကြီးကို လက်မှာကိုင်ထားပြီး ဘောင်းဘီကို စတိုင်ကျကျဝတ်လေ့ရှိသည်။ မိန်းကလေးများ သတိထားကြရန်ဖြစ်သည်။ လူလိမ်လူညာများကိုလည်း သတိပေးလိုပါသည်။ ဤတိုင်းပြည်သည် မင်းမဲ့တိုင်းပြည်မဟုတ်၊ ဥပဒေမဲ့ တိုင်းပြည်မဟုတ်၊ ယခုအခါတွင် နိုင်ငံတော်အေးချမ်းသာယာရေးအတွက် တရားဥပဒေစိုးမိုးရေးကို အလေး

www.burmeseclassic.com

www.burmeseclassic.com



အနက်ထား ဆောင်ရွက်နေသည်။ လွတ်နေသေးသမျှ ဟန်ကျသည်ဟု ထင်ရသော်လည်း အရေးယူခံရလျှင် ကျူးလွန်ခဲ့သော မကောင်းမှုများနှင့် အညီ ပြန်လည်ပေးဆပ်ရတတ်သည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ။ တစ်နေ့တွင် မကောင်းသောအကျိုး တူညီစွာခံစားရတတ်သည်။

ကောင်းသောအကြံအစည်နှင့် သမာအာဇီ ကောင်းစွာအသက်မွေးကြလျှင် ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြလိမ့်မည်။

(လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ . . .။)

■

## ရုပ်ရှင်ရုံမှ တည်ကြက်မ

အမျိုးသားများက လိမ်ညာ၍ အမျိုးသမီးများနစ်နာရခြင်းရှိသကဲ့သို့ အမျိုးသမီးများက လိမ်ညာ၍ အမျိုးသားများနစ်နာရခြင်းလည်း ရှိပါသည်။ မည်သူက လိမ်ညာသည်ဖြစ်စေ မကောင်းပါ။ အလိမ်အညာခံရသူမှာ နစ်နာပါသည်။ စိတ်ဆင်းရဲမှုလည်း ဖြစ်ရပါသည်။

ရုပ်ရှင်ရုံတွင် အမျိုးသားတစ်ယောက် နောက်ဘက်ကျကျနေရာတွင် ရုပ်ရှင်ကြည့်နေစဉ် ဘေးဘက်မှနေရာလွတ်ခုံတွင် အမျိုးသမီးတစ်ယောက် လာထိုင်သည်။ နောက်မကြာခင် ထိကပါးရိကပါး အခြေအနေပေးသည်။ ထိုမှရှေ့တစ်ဆင့်တက်၍ နှုတ်ဆက်ခေါ်ပြော စကားရင်းနှီးမှုပြု၍ အခွင့်အလမ်းပေးသည်။

ယောက်ျားဖြစ်သူမှာ ယောက်ျားပဲ အခွင့်ရှိသူမဟုတ်ဟု အခွင့်အရေးယူလိုစိတ် ဖြစ်လာတတ်သည်။ အနည်းဆုံး ရုပ်ရှင်ကြည့်ရင်း အပျင်းပြေစရာအဖော်အဖြစ် သဘောထား၍ ခြေဆော့လက်ဆော့ပြုလာတတ်သည်။ တစ်ဖက်မှ ကန့်ကွက်ခြင်းမရှိသည်နှင့် ရှေ့သို့အဆင့်ဆင့်တက်၍ မွေ့လားဖက်လားပြုရာမှ မျက်နှာချင်းထိကပ်သွားသည်နှင့် . . .

ဟော့လူ . . .

နောက်ဖက်မှ ပုခုံးကိုခပ်ကြမ်းကြမ်း အပုတ်ခံလိုက်ရသည်။ လှည့်ကြည့်သောအခါဒေါသဖြစ်သောမျက်နှာနှင့် ယောက်ျားတစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘေးမှာ အခြားယောက်ျားကြီးနှစ်ယောက် . . .

"ဟင် . . သစ္စာမဲ့တဲ့မိန်းမ၊ အိမ်ကျမှ နင့်ကိုအသေသတ်မယ်၊ ငါ့သတင်းရနေတာကြာပြီ၊ နင်အငယ်နေတာ ဒီနေ့မှ အပိုင်သတင်းရလို့ အရပ်လူကြီးနှစ်ယောက်ကို ခေါ်လာပြီးဖမ်းတာ၊ လာထွက်ခဲ့၊ အပြင်ကျမှ ရှင်းမယ် ဟေ့လူ . . လိုက်ခဲ့၊ ခင်ဗျားကိုမယားခိုးမှုနဲ့ တရားစွဲမယ်၊ ဒါ . . ကျုန်တော့် မိန်းမဗျ"

ရုပ်ရှင်ကြည့်ရင်း အပျော်သဘောထားမိသော အမျိုးသားမှာ ခုမှ ထိတ်ထိတ်ပျာပျာဖြစ်ရပြီ။

အမျိုးသမီးက မျက်စိမျက်နှာပျက်ပြီး ကြောက်ကြောက်လန့်လန့်နှင့် သူ့ယောက်ျားခေါ်ရာ လိုက်ပါသွားပြီ။

အမျိုးသား ဘာလုပ်ရမှန်းမသိ။

"လိုက်ခဲ့ပါမိတ်ဆွေ၊ ရုပ်ရှင်ရုံထဲမှာ ရန်ရှင်းဆန်ခတ်ဖြစ်ရင် မကောင်းပါဘူး၊ ဗိုပြီးတော့ အရှက်တကွဲဖြစ်နေလိမ့်မယ်၊ လင်ရှိမယား ဖြစ်နေတော့ မိတ်ဆွေအတွက် ပိုဆိုးပါတယ်၊ အပြင်ကျမှ ပြောကြရှင်းကြ တာပေါ့"

ရပ်ကွက်လူကြီးဆိုသူက ရှင်းပြရင်း အပြင်သို့ခေါ်ထုတ်နေသည်။

မတတ်နိုင်။ သူတို့ခေါ်ရာသို့ လိုက်ပါလာရသည်။

တက်ဆီငှားပြီး လူရှင်းသောနေရာတစ်နေရာသို့ ခေါ်သွားသည်။

နည်းမျိုးစုံနှင့် ခြိမ်းခြောက်ခြင်း အကျပ်ကိုင်ခြင်းများကို စိတ်ဆင်းရဲစရာ တွေ့ကြုံခံစားရသည်။ အရပ်လူကြီးဆိုသူနှစ်ဦးကလည်း ဝိုင်းဝန်းပြီး ခြိမ်းခြောက်လိုက်၊ အကြံကောင်းပေးလိုက်၊ ညှိနှိုင်းပေးလိုက်နှင့် ဘေးတီးခြင်း အလုပ်ကို ဆောင်ရွက်ကြသည်။

နောက်ဆုံးတွင် မတတ်သာသည့်အဆုံး မယားခိုးမှုမဖြစ်အောင်၊ အရှက်တကွဲမဖြစ်အောင် တောင်းဆိုညှိပေးကြသည်၊ နာရီပါသွားပြီလက်စွပ် ပါသွားပြီ၊ အဖိုးတန်ပစ္စည်းကုန်ပြီ။

ယောက်ျားဖြစ်သူက ဒေါသကြီးနေဆဲ။ နောက်ဆုံးမှာ ခါးဝတ်ပုဆိုးနှင့်



အင်္ကျီကိုပါ ချွတ်ပေးလိုက်ရသည်။ ဘောင်းဘီတိုနှင့် ပြန်လာရသည်။ ဘောင်းဘီတိုမပါလျှင် သူတို့ကပင် ပေးလိုက်ကြသည်။

မိန်းမတစ်ယောက်ကို တည်ကြက်လုပ်ပြီး ဝိုင်းဝန်းပူးပေါင်း အကျပ်ကိုင်၍ အပိုင်ကြံခြင်းဖြစ်ပါသည်။ ကိုယ်ကလည်း ချောင်ရသည့်ထင်၍ အခွင့်အရေးယူခဲ့မိသည်။ လက်ပူးလက်ကျပ် အဖမ်းခံရခြင်းလည်းဖြစ်သည်။ သူ့ဘက်မှာ သက်သေနှစ်ယောက်ကလည်းရှိနေသည်။

နောက်ပိုင်း ပူးပေါင်းလုပ်ကြံခြင်းဖြစ်သည်ဟု ရိပ်မိလာသည်၊ သို့သော် သူတို့လက်မှာ အပိုင်ဖြစ်နေသည်။ သူတို့ကိုဆန့်ကျင်၍ ပြဿနာပိုကျယ် သွားလျှင် အမျိုးသားမှာ လူသိရှင်ကြားဖြစ်မှာကို စိုးရိမ်သည်။ အိမ်ထောင်ရှိသူဖြစ်လျှင် မိမိအိမ်ထောင်ရေးအထိ ပြဿနာဖြစ်နိုင်သည်။ ဘာမျှ မတတ်နိုင်။ မကျေနပ်သော်လည်း သူတို့တောင်းဆိုသမျှ လိုက်လျော ရတော့သည်။

ယခုနောက်ပိုင်းတွင် ဤနည်းကို ရုပ်ရှင်ရုံသာမက၊ ပန်းခြံထဲမှာ၊ စားသောက်ဆိုင်မှာ၊ ကားမှတ်တိုင်မှာ၊ ဘတ်စ်ကားပေါ်မှာ စသည့်နေရာ များမှာလည်း ပစ်မှတ်အမျိုးသားကို ရွေးချယ်ရှာဖွေပြီး အဆင့်ဆင့်အခွင့်သာ သလို လုပ်ဆောင်တတ်ကြသည်။

မသိ၍ခံရခြင်းဖြစ်သလို မိမိကိုယ်တိုင်၏ အချောင်ကြိုက်၍ အငိုက်ဖမ်း ခံရခြင်းလည်း ဖြစ်ပါသည်။

ထိုလူစုသည် လောဘကြီးရုံသာမက ရက်စက်တတ်သူများလည်း ဖြစ်သည်။ ပါသမျှအကုန်ယူသည့်အပြင် ပုဆိုးအင်္ကျီအားလုံးချွတ်၊ စွပ်ကျယ် ပါမကျန်ယူသည်၊ ဘောင်းဘီတိုနှင့်သာပြန်လွှတ်သည်။

တစ်နည်းအားဖြင့် သူတို့အန္တရယ်ကင်းရေးအတွက် ဆောင်ရွက် ခြင်းလည်း ဖြစ်သည်။

လိမ်ညာခံရသူသည် မခံချင်စိတ်နှင့် ရဲစခန်းသွားတိုင်ရန်ပင် မလွယ်ပါ။ အဝတ်အဆင်က အဆင်အပြေ။ အိမ်ပြန်၍လည်းမဖြစ်။ ဆိုင်တစ်ဆိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



သွားဝယ်ရန်ကလည်း လက်ထဲမှာ ပိုက်ဆံတစ်ပြားမှမကျန်။ ငွေရလျှင်ပင် အကျိုးမပါ။ ဘောင်းဘီတိုလေးနှင့် ဆိုင်ထဲသို့ဝင်ဖို့မလွယ်။

အလိမ်ခံရသူမှာ အတော်ပင်ဒုက္ခရောက်စေသည်။ အနီးဆုံးမှာရှိမည် ယုံကြည်ရသော သူငယ်ချင်းကိုစဉ်းစားရသည်။ ဘတ်စ်ကားစီး၍ မရတော့ ဆီဖိုးမရှိ။ ခြေကျင်လျှောက်ရသည်။ သူငယ်ချင်းမိသားစု မြင်မှာလည်း ရှက်သည်။ သူငယ်ချင်းနှင့် နှစ်ယောက်တည်းတွေ့နိုင်ဖို့ စောင့်ရသည် ကိုယ် အားကိုးသွားသည့် သူငယ်ချင်းက အိမ်မှာမရှိလျှင်ဒုက္ခ။ လိမ်ညာခံရသည့်ထဲ မှာ စိတ်ပျက်စရာအကောင်းဆုံးနှင့် ရှက်စရာ အကောင်းဆုံးလည်း ဖြစ်ပါ သည်။

ဤဆောင်းပါးကိုဖတ်မိခြင်းဖြင့် အလားတူကိစ္စလိမ်ညာခံရခြင်းမှ လွတ်ကင်းကြပါစေ။

အချောင်ရ၍အခွင့်သာတိုင်း မသမာသောတဏှာလောဘဖြင့် အခွင့် အရေးယူမိခြင်းမှ ရှောင်ကြဉ်နိုင်ခြင်းဖြင့် မတရားအနိုင်ကျင့် အကြပ်ကိုင် ခံရခြင်းမှ ကင်းဝေးကြပါစေ။

■

# ကျားရုပ်ဝင်၍ ကျားဆန်းသောမိန်းမ

ကျွန်တော်၏ညီဝမ်းကွဲ ကိုချောသည် ရန်ကုန်တက္ကသိုလ် နောက်ဆုံး နှစ်တွင် ပညာသင်ကြားလျက်ရှိ၏။ သွက်လက်ချက်ချာ၍ တက်တက် ကြွကြွရှိသည်။ ကြည့်လင်၍ရွှင်လန်းစွာ ပြောဆိုဆက်ဆံတတ်သည်က နှစ်လိုဖွယ်ဖြစ်သည်။

သူတွင် ညီအစ်ကိုမောင်နှမအားလုံး(၁၀)ယောက်ရှိသည်။ မိဘများမှာ သားသမီးများ၍ ပင်ပန်းသည်။ သို့သော် ကားလုပ်ငန်းဝင်ငွေနှင့် သားသမီးများ ကို ကျောင်းထားနိုင်ပါသည်။

ကိုချောက သိတတ်သည်။ တက္ကသိုလ်မှာ တတိယနှစ်လောက်ရောက် ကတည်းက ကိုယ့်အားကိုယ်ကိုးပြီး ကျောင်းစားရိတ်ရအောင် ကြိုးစားသည်။

ကမာရွတ်မှ လက်ဖက်ရည်ဆိုင်တစ်ခုမှာ မနက်ပိုင်းနှင့် ညပိုင်းတွင် ဘုညီလုပ်ပေးရင်း ထမင်းစားရသည်။ ထိုက်သင့်သည့် ကျောင်းစရိတ်လည်း ရသည်။ ကျောင်းလည်းတက်ခွင့်ရသည်။

တက္ကသိုလ်နောက်ဆုံးနှစ် ရောက်သောအခါ တက္ကသိုလ် ကျောင်းဝင်း ထဲမှာပင် သူငယ်ချင်းများနှင့်စုပေါင်း၍ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ဦးစီးပြီး ဖွင့်နိုင်သည်။ ကိုချောအတွက် ကျောင်းစရိတ် လုံလောက်ရုံမက သုံးနိုင်စွဲ နိုင်ပင်ရှိလာသည်။ ဆင်းရဲသော သူငယ်ချင်းများကိုပင် ထောက်ပံ့နိုင် သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆိုင်သို့လာ၍ လက်ဖက်ရည်သောက်သော မိန်းကလေး တစ်ယောက်သည် ကိုချော၏လုပ်ပုံကိုင်ပုံကို သဘောကျသည်။ ကျောင်း သားကတည်းက စီးပွားရေးလုပ်ငန်းဘက်တွင် လာဘ်မြင်သည်။ အောင်မြင် အောင်လုပ်နိုင်သည်ကို သတိထားမိဟန်တူသည်။ သူ့အပေါင်းအသင်း များကိုခေါ်လာပြီး ကိုချောဆိုင်မှာ လက်ဖက်ရည်သောက်သည်။ ကိုချော ဆိုင်မှာပင်သူတို့ ထမင်းဘူးလေးများနှင့် ထမင်းစားသည်။

ထိုမိန်းကလေးမှာ တတိယနှစ်သာရှိသေးသည်။ ရုပ်ရည်ကလည်း ရွက်ကြမ်းရေကျိုမျှသာဖြစ်သည်။ အိမ်တွင် အမေကလည်းမကျန်းမာ၊ စီးပွား ရေးအခြေအနေကလည်း အထည်ကြီးပျက်။

ကိုချောဆိုင်သို့ နေ့စဉ်လာရင်း ကိုချောနှင့် ရောရောနှောနှော ဖြစ်လာသည်။

"ကိုချောကတော့ သူ့ဆိုင်ကိုအားပေးသော မိန်းကလေးဖြစ်၍ ရင်းရင်း နှီးနှီးဆက်ဆံသည်။

"ကိုချော သိပ်တော်တာပဲ၊ ကိုယ့်ဘာသာအလုပ်လုပ်ရင်း ကျောင်း ဆက်တက်နိုင်တယ်" ကိုချောကို ချီးမွမ်းသည်။

"ကိုယ်အခြေအနေက ဒီလိုလုပ်မှဖြစ်မှာမို့ လုပ်ရတာပါ"

ကိုချောက လျှော့ပြောသည်။

"နေတော့ ဘယ်မှာနေလဲ"

"ဇာတိမြို့ကိုမေးတာလား"

"မဟုတ်ပါဘူး။ အခု ရန်ကုန်မှာနေတဲ့ နေရာပြောတာ .."

"ကမာရွတ်မှာနေတယ်"

"လိပ်စာအတိအကျပြောမှပေါ့"

ကိုချောကလည်း အမှတ်တမဲ့နှင့် ပြောလိုက်မိသည်။

"ဘာလုပ်မလို့လဲ"

"လာလည်မလို့ပေါ့"



မိန်းကလေးက ပြုံးချိုသောအမူအရာနှင့် ခေါင်းကလေးငဲ့ပြသည်။

"မဟုတ်လဲ . . . မဟုတ်ဘဲနဲ့ဗျာ"

ကိုချောပါ ချော်လဲရောထိုင်ဖြစ်သွားသည်။

"တကယ်လာလည်မှာ၊ ဘယ်လိုလဲ .. လာရမှာလား"

"လာပေါ့၊ ဒါပေမယ့် ကျွန်တော်က ကျောင်းတတ်ရ၊ ဆိုင်ဖွင့်ရနဲ့ ညနေပိုင်း ညပိုင်းလောက်ပဲ အိမ်မှာရှိတာ"

"မချိုကလဲ ညနေပိုင်း ကျောင်းဆင်းချိန်လောက်မှ လာနိုင်မှာပါ"

ဘာလိုလိုနှင့် အချိန်းအချက်လုပ်နေကြသလို ဖြစ်နေသည်။

သို့သော် ကိုချောစိတ်ထဲမှာ တကယ်လာမည်မထင်။ မိန်ကလေးမှာ ရုပ်အလှကြီးမဟုတ်သော်လည်း ဝတ်ပုံဆင်ပုံက အထက်တန်းကျသည်။ တစ်ခါတစ်ရံတွင် လက်ဝတ်ရတနာအဖိုးတန်များ ဝတ်လာတတ်သည် ကိုလည်း တွေ့ရသည်။ ကိုယ့်မိဘက လုပ်လုပ်စားစားထဲက။ ညီအစ် ကိုမောင်နှမလည်းများသည်။ ကိုယ့်ဝမ်းနာကိုသိ၍ ဘာမျှမျှော်လင့်ရဲသည် မဟုတ်။

သို့သော် မချိုဆိုသောမိန်းကလေးက တစ်ညနေမှာ တကယ်ရောက် လာ၍ ကိုချောအံ့သြရသည်။

ကိုချောနေသည်က အိမ်ဆိုသော်လည်း တန်းလျားရှည်ကြီးဖြစ်သည်။ တက္ကသိုလ်ကျောင်းသားများ စုပေါင်းနေခြင်းဖြစ်သည်။ ကိုချောက နေသော နှစ်ကြာ၍ အစွန်ဆုံးမှသီးသန့်ခန်းမှာ တစ်ယောက်တည်းနေခွင့်ရသည်။ သူများထက်လည်း နှစ်ဆပိုပေးရသည်။

"ဒါ . . . ကိုချောအခန်းလား"

မချိုက သူ့တွဲနေကျ သူ့သူငယ်ချင်းနှင့်လာချင်းဖြစ်သည်။

အောက်တွင်ထိုင်စရာနေရာမရှိ၊ အခန်းထဲမှာပင် စာကြည့်စားပွဲမှာ ထိုင်နိုင်းရသည်။ ခုံကတစ်ခုသာရှိ၍ တစ်ဖက်ခန်းမှ ထိုင်ခုံတစ်လုံးငှားရသည် ကိုချောက ခုတင်ပေါ်မှာပင်ထိုင်ရသည်။ ကိုချောက တစ်ဖက်ခန်းမှ

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းကိုပင် အကူအညီတောင်း၍ အကြော်ပူပူလေးဝယ်ခိုင်းပြီး အချဉ်ရည်၊ တို့စရာနှင့် ညှိခံသည်။ မချိုနှင့်သူသူငယ်ချင်း သိပ် သဘောကျသည်။

"နောက်တစ်ခါလာရင် ကိုချော ထမင်းနဲ့စားဖို့ ငါးခြောက်ထောင်းကြော် လုပ်ယူခဲ့မယ်"ဟု မချိုကဆိုသည်။

"နေပါစေ မချိုရယ် .. ကျွန်တော်က ဖြစ်သလိုစားတာပါ"

"အဲဒါကြောင့်မို့ ပေးချင်တာပါ"

မချိုပြောသည်ကို သဘောကျ၍ ကိုချောပြုံးသည်။

နောက်ထပ် (၄) ရက်သာကြာသည်၊ သောကြာနေ့တွင် ငါးခြောက်ထောင်းကြော်တစ်ဘူးနှင့်အတူ မချိုရောက်လာ၏ ကိုချောစိတ်ထဲမှာ လည်းသာယာသလိုလို၊ ကြည်နူးသလိုလို ဘာလိုလို ညာလိုလို စိတ်ကူးယဉ်မှုများစွာ ခံစားရသည်။

မချိုရောက်လာသည်ကလည်း ယခင်တစ်ခါလို အဖော်မပါ။ တစ်ယောက်တည်းဖြစ်သည်။ ကိုချောအခန်းမှာ နှစ်ယောက်တည်း။ မချိုက စာကြည့်စားပွဲမှ ကုလားထိုင်တွင်ထိုင်သည်။ ကိုချောက ခုတင်ပေါ်မှာထိုင်သည်။

မချိုမေး၍ ကိုချောက သူ့မိသားစုအကြောင်း ပြောပြသည်။ မချိုကလည်း သူ့မိသားစုအကြောင်း ကိုချောကိုပြောသည်။ အချိန်တွေက ကုန်မှန်းမသိ။

သမီးရည်းစားလည်း မဟုတ်၊ ချစ်စကား ကြိုက်စကားလည်းမဟုတ်၊ သူ့အကြောင်း၊ ကိုယ့်အကြောင်း၊ သူ့မိသားစုအကြောင်း၊ ကိုယ့်မိသားစုအကြောင်း။

ခြောက်နာရီကျော်တော့ ဆောင်းကာလမို့ မှောင်ရီသန်းလာပြီ၊ ကိုချောက မီးခလုတ်ဖွင့်လိုက်သည်။

မချို ပြန်သင့်ပြီ၊ သို့သော် မပြန်သေး၊ စကားတွေပြောနေဆဲ၊ ကိုချောက



သတိပေးရမှာ အားနာနေသည်။

(၇)နာရီခန့်ကျမှ မချိုက ပြန်ရန်ပြင်ဆင်ပြီး အခန်းအပြင်သို့ထွက်ကြည့်လိုက်သည်။

"ဟင် .. ဒုက္ခပါပဲ၊ မိုးတစ်အားချုပ်သွားပြီ"

မချို၏လေသံက ထိတ်ထိတ်ပျာပျာ။

"ကျွန်တော် ဘတ်စ်ကားမှတ်တိုင် လိုက်ပို့ပေးမယ်လေ"

ကိုချောက ခုတင်ပေါ်ထိုင်နေရာမှ မတ်တပ်ရပ်လိုက်သည်။

"ဟင့်အင်း .. မချိုမပြန်ရဲဘူး၊ ဒီအချိန်မှပြန်ရင် မေမေ .. ဒေါသကြီးတော့မှာ"

မချိုကပြောရင်းဆိုရင်း ငိုနေပြီ။

"ဟင် .. ဒါဆို ..."

ကိုချော ဘာလုပ်ရမှန်းမသိ။

"မေမေကဒေါသဖြစ်ရင် တအားရိုက်တာ၊ မိုးကလဲချုပ်နေပြီ"

မချို အခန်းထဲပြန်ဝင်လာပြီး ကုလားထိုင်မှာထိုင်၍ စားပွဲပေါ်မှာ ကိုယ်အထက်ပိုင်းမှောက်လျက်ဖြင့် ရှိုက်ကြီးတငင်ငိုနေသည်။

"ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"အို ... ပိုဆိုးမှာပေါ့"

"ဗျာ .."

ကိုချော ဘာလုပ်ရမှန်းမသိ။

မချိုက ငိုနေဆဲ။

"ကျွန်တော် ရှင်းပြပေးမှာပေါ့ ... ဗျာ"

"ယောကျ်ားလေးတစ်ယောက်အခန်းမှာ နှစ်ယောက်ထဲ ဒီအချိန်အထိ နေတယ်ဆိုတော့ ရှင်းပြရင်လဲ ဘယ်သူကယုံမှာလဲ"

မချိုပြောရင်း ငိုပါသည်။

"ဟင် ... အဲဒါမှ ... ဒုက္ခ ..."

www.burmeseclassic.com

www.burmeseclassic.com



သူ့ဒုက္ခက ကိုယ့်ဒုက္ခဖြစ်လာသည်။

ပြောရင်းဆိုရင်း ငိုရင်းနှင့် ည(၉)နာရီလောက်ရောက်သွားပြီ။

"မချို … မပြန်ရဲတော့ဘူး"

ကိုချော ဘာမှမတတ်နိုင်။

ထိုနေ့ညက ကိုချောအခန်းမှာပင် မချိုနှင့်အိပ်လိုက်ရသည်။

ကိုချောခမျာ သမီးရည်းစားလည်းမဟုတ်၊ သူ့အကြောင်းလည်း ဘာမှမသိ၊ စဉ်းစားချိန်လည်းမရ၊ စဉ်းစားချိန်လည်းမရှိ၊ မိဘကိုလည်း မတိုင်ပင်နိုင်၊ အိမ်ထောင်ဦးဘုရားတည်ကိစ္စကို မရေမရာနှင့် ဆေးမင်ရည်စုတ်ထိုးလိုက်ရသည်။

ရည်းစားပင်မထားလိုက်ရဘဲ မိန်းမယူလိုက်ရသော ကိုချော၏အဖြစ်

အိမ်ထောင်ရေး မသာယာကြပါ။ ကိုချော အမြဲတမ်းရွှင်လန်းနေသော မျက်နှာထားမှာ အစဉ်ထာဝရ ညှိုးညှိုးနွမ်းနွမ်းဖြစ်နေသည်။ တက်တက်ကြွကြွရှိခဲ့သော ကိုချောမှာ လေးလေးထိုင်းထိုင်း ဖြစ်သွားသည်။

အပိုင်အကြံခံလိုက်ရသော သူ့အဖြစ်ကိုလည်း သိသွားသည်။ ရှက်လည်းရှက် စိတ်လည်းပျက်သွားဟန်တူသည်။

ကိုချောတို့အိမ်ထောင်ရေးမှာ သာယာပျော်ရွှင်ခြင်းမရှိပါ။

မိန်းကလေးက ကိုချောကို ချုပ်ကိုင်နိုင်ရန်ကြိုးစားသည်။ ကိုချောက ဘာမျှထက်ထက်မြက်မြက်မရှိသည့် ထုံထုံထိုင်းထိုင်း လူညံ့တစ်ယောက်အဖြစ်သို့ ပြောင်းလဲသွားသည်။

(၂)နှစ်ခန့်ပေါင်းပြီး အိမ်ထောင်ကွဲသွားပါသည်။

ကိုချောကတော့ မူလကလို သွက်လက်တက်ကြွသောပုံမျိုး ပြန်ဖြစ်မလာတော့ပါ။ ကိုချောတစ်ယောက် မပျော်လင့်ဘဲ ဘဝပြောင်းသွားရ၍ ဘဝပါဆုံးရှုံးသွားရသည်။

ယောက်ျားလေးများ လိမ္မာသော်း(?)မှ ဝေးကြပါစေ။

■

# အားနွဲ့သူ၏ အန္တရာယ်

မောင်အောင်သည် စားသောက်ဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်သည်။ ရာမဆိုင်ကြီးမဟုတ်၊ လမ်းဘေးမှာရှိသော စားသောက်ဆိုင်မျှသာဖြစ်သည်။ သို့သော် မောင်အောင်တို့ဆိုင်က ရောင်းကောင်းသည်။ မောင်အောင်မှာ ဆိုင်ရှင်၏တူဖြစ်၍ ဦးလေးကိုယ်စားကောင်တာထိုင်ပြီး ရောင်းချရေးကိစ္စ ဆောင်ရွက်ရသလို ဆိုင်မှလိုသော ပစ္စည်းများကိုလည်း ဈေးထဲသွားဝယ်ရသည်။

ထိုသို့ဝယ်ရင်းမှ ဖြူဖြူချောချော ပုံဟန်သွက်သွက် မျက်လုံးလှလှ မိန်းကလေးကို အကြည့်ချင်းဆုံ၍ သတိထားမိသည်။ မိန်းကလေးကလည်း မောင်အောင်ကို သိမှတ်ထားဟန်တူပါသည်။ မောင်အောင့်ပုံကလည်းဖြူဖြူ သန့်သန့် အရုပ်မြင့်မြင့်။

တစ်နေ့တွင် မိန်းကလေးက မောင်အောင်တို့ဆိုင်သို့ ဝင်လာသည်။

"ကိုအောင်ရှိလား" ဟုမေးပြီး ဝင်လာခြင်းဖြစ်သည်။

မိန်းကလေးကိုကြည့်ပြီး ဆိုင်မှလူများ အံ့သြနေကြသည်။ ဤချောချောလေးနှင့် မောင်အောင် ဘယ်လိုပတ်သတ်ပါလိမ့်ဟူသော အကြည့်မျက်လုံးများနှင့် မောင်အောင်ကို ကြည့်ကြသည်။

မောင်အောင်ကိုယ်တိုင်လည်း မိန်းကလေးက သူ့ကို မေးပြီးဆိုင်ထဲ ဝင်လာ၍ အံ့သြနေသည်။ ဤအနေအထားမျိုးစိတ်ပင်မကူးခဲ့၊ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



အံ့ခြေအနေက ဆိုင်ရှင်တူဆိုသော်လည်း စားပွဲထိုးအလုပ်သမားသာဖြစ်သည်။

"ဘာစားမလို့လဲ၊ ထိုင်လေ"

မောင်အောင်က ကြိုးဆိုပြီး စားပွဲလွတ်တစ်လုံးမှာ နေရာချပေးသည်။

"အပြင်မှာ မိုးရွာနေလို့ ထီးမပါတာနဲ့ ခဏဝင်လာတာ"

မိန်းကလေးက ဝင်လာသည့်အကြောင်းကို ရှင်းပြရင်း ခုံတစ်လုံးမှာ ထိုင်လိုက်သည်။

"တစ်ခုခုစားပါလား"

"ကိုအောင့် ကျွေးမှာလား"

"စားရင်ကျွေးမှာပေါ့"

"တကယ်နော်"

"တကယ်ပါ"

မိန်းကလေးကပြုံးပြီး မောင်အောင်ကိုကြည့်နေသည်။

"မောင်အောင် ရင်ခုန်နေပြီ"

"ကော်ပြန့်ကြော်စားမလား"

"ဟင့်အင်း .. မစားချင်ဘူး"

"ဆီချက်စားပါလား"

"မစားချင်ပါဘူးဆို ဗိုက်မှမဆာတာ"

"ဒါဖြင့် အအေးသောက်မလား"

"ဟို့ဘူးသောက်မယ်"

မိန်းကလေးက မှန်ကောင်တာထဲမှာ လှမ်းမြင်ရသော ဘူးများဆီသို့ လက်ညှိုးထိုးပြ၍ မောင်အောင် မျက်လုံးပြူးသွားသည်။

"အဲဒါ .. ဘီယာဘူးတွေ .."

"ဘီယာ ဘာဖြစ်လဲ"

"သောက်ရင် မူးမှာပေါ့"



"မမူးပါဘူး။ ကိုအောင်သောက် .. မဖြူတိုက်မယ်"

"ဟာ .. မသောက်ချင်ပါဘူး"

"သောက်ပါ .. ကိုအောင်သောက်ရင် မဖြူနည်းနည်းမြည်းကြည့်ချင်တယ်၊ တစ်ခါမှ မသောက်ဘူးလို့ .."

" ဟာ .. မရဘူး။ အလုပ်ချိန်မှာ ဘီယာသောက်ရင် ဦးလေးဆူမှာပေါ့"

"သူမှမရှိတာ ... လာ ... ဟိုထောင့်မှာသွားထိုင်မယ်"

မဖြူဆိုသောမိန်းကလေးက ဆိုင်ထောင့်မှ စားပွဲဆီသို့ ပြောင်းသွားသည်။

"ဟာ ... ဘယ်လိုပါလိမ့်" မောင်အောင် လိုက်သွားရသည်။

"ထိုင်လေ ... ချက်ချင်းလဲလိုက်မလာဘူး"

မဖြူက နှုတ်ခမ်းစူပြီး မူမူလေးပြော၍ မောင်အောင့်ရင်ထဲမှာ ကြည်ကြည်နူးနူးခံစားရသည်။ မျက်နှာကလည်း ပြုံးစိစိဖြစ်လာ၏။

ဤချောမောလှပသော မိန်းမလေးနှင့် ဤသို့ရင်းနှီးစွာနေထိုင်ခွင့်ရရန် လုံးဝမမျှော်မှန်းရ အိပ်မက်လိုဖြစ်နေသည်။ မောင်အောင်က သူ့သူငယ်ချင်း စားပွဲထိုးလှရွှေကို လှမ်းခေါ်ပြီး ဘီယာတစ်ဘူးယူခိုင်းသည်။

ဘီယာဘူးရောက်လာသည်နှင့် မဖြူက ထိပ်မျက်နှာမှ သံပြားကွင်းလေးကိုဆွဲခွာပြီး ဖောက်လိုက်သည်။

"ရော ... သောက်"

မောင်အောင်က သောက်လေ့မရှိ၍ မယူသေးဘဲ ကြည့်နေသည်။

"သောက်ပါဆိုမှ ..."

မဖြူက မူမူလေးလုပ်၍ အနိုင့်အထက်ပြောနေသည်။

မောင်အောင့်စိတ်ထဲမှာ မေ့မေ့လျော့လျော့ဖြစ်လာပြီး မဖြူကို သူ့ချစ်သူဟုပင် ထင်လာသည်။

ဘီယာဘူးကိုယူ၍ နည်းနည်းမော့လိုက်သည်။ ခါး၍ မျက်နှာရှုံ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရော .."

ဘီယာဗူးကို မဖြူလက်ထဲထည့်ပေးသည်။

မဖြူက မရှုံ့မပွဲသောက်ပြသည်။

"ကောင်းလား"

"ကောင်းတယ်"

မဖြူမျက်နှာ ပြုံးစိစိ။

ကျန်သည့်ဘီယာများကို မောင်အောင်ဆက်သောက်သည်။ မဖြူက နည်းနည်းသောက်သည်။

မိုးချုပ်လာပြီ။ အပြင်မှာမိုးက ဖွဲဖွဲလေးရွာနေဆဲ။ မဖြူထိုင်နေပုံက ပြန်မည့်ပုံမဟုတ်သေး။ မောင်အောင် ဆက်ထိုင်နေရသည်။ စားပွဲထိုးကောင်လေးများက မသိမသာရော သိသိသာသာပါ လာကြည့်ကြရင်း ပြုံးစိစိလုပ်နေကြ၍ မောင်အောင် အနေခက်လာသည်။

"မပြန်သေးဘူးလား"

"ခေါင်းထဲမူးနေတယ်"

"ဟင် .."

မောင်အောင် စိုးရိမ်သွားသည်။

မဖြူက စားပွဲပေါ် လက်နှစ်ဖက်ကွေးယှက်တင်ပြီး လက်နှစ်ဖက်ပေါ်မှာ မျက်နှာအပ်၍ တင်ထားသည်။

"ချောလိုက်တာ"

မဖြူကိုကြည့်ပြီး မောင်အောင့် ရင်ထဲမှာ တအံ့တသြပြောနေမိသည်။ ဤမျှချောသော မိန်းကလေးကို စိတ်ကူးပင်မယဉ်ဝံ့။ ကိုယ့်အဖြစ်က မယုံနိုင်စရာ။ မဖြူ၏လည်တိုင်ကြောကလေးက ဖြူဝင်း၍ သွေးကြောလေးများက စိမ်းစိမ်းနုနေ၏။ သားမှုဖြင့်နေရသော ကိုယ်လုံးလေးက အချိုးအဆစ်ပြေပြစ်လွန်းသည်။ ဖြူဝင်းညက်သော လက်မောင်းလေးက မထိရက်မကိုင်ရက်စရာ။



"မဖြူ .."

မောင်အောင်က အရဲစွန့်ပြီးခေါ်လိုက်သည်။

"ဟင် .. အင်း .."

မဖြူက မူးနေသောလေသံနှင့် ညည်းညည်းညူညူထူးသည်။

"မိုးချုပ်နေပြီ"

"မိုးချုပ်ရင်လဲ မပြန်တော့ဘူး"

"အဲဒီလို မလုပ်နဲ့လေ၊ မကောင်းပါဘူး"

မောင်အောင် စိတ်ပူသွားသည်။

"မကောင်းလဲ မတတ်နိုင်ဘူး။ မူးနေတာ ဘယ်လိုလုပ်ပြန်မလဲ၊ ဘီယာအနံ့တွေနဲ့ ဒီအချိန်မှပြန်သွားရင် အမေနဲ့အဖေက သတ်မှာပေါ့"

"ဒါဖြင့် .."

"မပြန်တော့ဘူး။ ကိုအောင်နဲ့ပဲအတူနေမယ်"

"ဟာ .. ဖြစ်ပါ့မလား .."

"ဖြစ်ပါတယ်"

ရဖို့ စိတ်ပင်မကူးရဲသော မိန်းမချောလေးကို မမျှော်လင့်ဘဲ တကယ်ရမည်ဆိုတော့ မောင်အောင်ဘာလုပ်ရမှန်းမသိ။

"ဟုတ်မှဟုတ်ရဲ့လား" ဟုလည်း သံသယဖြစ်မိသည်။

စားပွဲထိုးကောင်လေးတွေကလည်း ပြုံးစိပြုံးစိနှင့် လာလာကြည့်နေကြဆဲ။

မဖြူက မောင်အောင်ပခုံးပေါ် လက်ထောက်ပြီး မတ်တပ်ထရပ်လိုက်သည်။

မောင်အောင်ပါ မတ်တပ်ရပ်လိုက်သည်။

မိန်းကလေးက မောင်အောင့်ပခုံးကို ကိုင်ထားဆဲ။

"ဖြစ်ချင်ရာဖြစ် မောင်ဘချစ်ပဲကွာ" မောင်အောင် ပြတ်သားစွာ ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် .. မောင်ညွန့် .. မင်းတာဝန်ယူပြီး ဆက်ရောင်းလိုက်တော့ကွာ"

မောင်အောင်က နောက်ဘက်မှာရှိသောအိမ်သို့ မဖြူကိုခေါ်သွားသည်။ ထိုအိမ်လေးသည် စားပွဲထိုးများ စုနေသောအိမ်ဖြစ်သည်။ မောင်အောင်က အတွင်းပိုင်းမှာ အခန်းနှင့်နေရသူဖြစ်သည်။ ကျန်သောကောင်လေးများမှာ အပြင်မှ ကွပ်ပျစ်ကြီးပေါ်မှာ အိပ်ကြသည်။

မောင်အောင့်နှလုံးသားမှာ အချစ်တံခါးကြီးပွင့်သွားသည်။

မဖြူမှတစ်ပါး တခြားဘာမျှမသိတော့။ အန္တရာယ်ရှိလျှင်လည်း ရှိသည့် အန္တရာယ် ရင်ဆိုင်မည်။

မဖြူကို သူ့အခန်းသို့ခေါ်သွားသည်။ မဖြူက လိုက်လာသည်။ မဖြူကို သိမ်းပိုက်နိုင်ရန်ကြိုးစားသည်။ သို့သော် ဘာအခက်အခဲမျှမရှိ။ မထင်ရဲလောက်အောင် လွယ်လွန်းနေသည်။ မဖြူကကြည်ဖြူစွာ လိုက်လျောသည်။

ဖြစ်ပြီးမှတော့ ဘာမျှမတတ်နိုင်။ မောင်အောင်၏ဦးလေးမှာ မောင်အောင်နှင့်မဖြူကို ပေးစားလိုက်ရသည်။ မဖြူ၏မိဘများက မကျေနပ်၍ ရဲတိုင်သေးသည်။ သို့သော် မောင်အောင်နှင့်မဖြူက ဦးလေးဖြစ်သူ၏ စီစဉ်ပေးချက်အရ ရပ်ကွက်ရုံးမှာ လူကြီးစုံရာနှင့် တရားဝင်လက်ထပ်ထားပြီးဖြစ်၍ ဘာမျှလုပ်၍မရ။

မောင်အောင်၏ဦးလေးက ဆိုင်မှာ ငွေသိမ်းကောင်တာ အထိုင်နိုင်းသည်။ မောင်အောင်နှင့်မဖြူတို့ ဆိုင်မှာ အတူအလုပ်လုပ်ရသည်။ ပျော်စရာကြည်နူးစရာ။

အထူးသဖြင့် မောင်အောင့်ခမျာ မိုးမမြင်လေမမြင် ကြည်နူးပျော်ရွှင်ဖြစ်နေသည်။ အချောအလှဝန်းလေး မဖြူကို ချစ်လိုက်ရသည်မှာလည်း တုန်နေသည်။

ရန်ဖြစ်ပြီးသော်လည်း ရည်းစားလို အချစ်ကြီးချစ်၍ မျက်စိအောက်မှ အပျောက်မခံနိုင်ဖြစ်နေသည်။



မဖြူ၏ ချစ်စဖွယ်တဲ့ပြန်မှုလေးတိုင်းအတွက် မောင်အောင် အသည်းနှင့်အောင် ချစ်ရသည်။ ကြည်နူးစရာအကောင်းဆုံး ရသမျှကို ခံစားနေရသည်။ သို့သော် သိပ်မကြာ။ တစ်လခန့်မှာ ပြဿနာအကြီးကြီးပေါ်ပါသည်။ မဖြူ၏ သုံးလကျော်ကိုယ်ဝန်က ပွံပွံလေးပေါ်လာခြင်းဖြစ်သည်။

မောင်အောင်သိသည်နှင့် နှလုံးသားတစ်ခုလုံး ပေါက်ကွဲသွားသလို ခံစားရသည်။ ဘာလုပ်ရမှန်းမသိ၊ ဆုပ်လည်းစူး၊ စားလည်းရူး။ ပေါင်းကြသည်မှာလည်း တစ်လခန့်ရှိ၍ အချစ်ကြီးချစ်နေမိပြီ။ ရှုမတတ်ခံစားရပြီ။

အသေအချာ စဉ်းစားကြည့်ပြန်တော့လည်း ပေါ်တင်ကြီးလှည့်စား၍ နွားလုပ်ခံရသောအဖြစ်။

မုန်းစိတ်နှင့် သတ်ပစ်ချင်သည်။

ချစ်စိတ်နှင့် မထိရက်။

"ရက်စက်လိုက်တာ မဖြူရာ"

ဒိုင်း .. ဒိုင်း .. ဒိုင်း .. ဒိုင်း

အိမ်နံရံကို ခေါင်းဖြင့်အကြိမ်ကြိမ် ဆောင့်ပစ်လိုက်သည်။

"ဟော့ကောင် မောင်အောင် မင်းမရူးစမ်းနဲ့၊ ဘာမှ ဒီလိုလုပ်စရာ မလိုဘူး။ ဒီလောက်ဖြစ်နေစရာလဲ မရှိဘူး"

မောင်အောင်၏ဦးလေးက ပြတ်သားစွာဆုံးဖြတ်နိုင်အောင် လမ်းညွှန်ပြသည်။

မဖြူက ကိုယ်ဝန်ရှိသည်ကို ဝန်ခံသည်။ ဘယ်သူနှင့် ဘာညာဆိုသည်ကိုတော့ ဘာမျှမေး၍မရ။

သို့သော် အပြင်မှာသိကြပါသည်။ သူ့ကောင်လေးက ဂျင်းဘောင်းဘီ အမြဲဝတ်သော ကောင်လေး။

မဖြူနှင့် အတွဲကြီးတွဲပြီး ကိုယ်ဝန်ရှိမှရှောင်သွားသည်။

"အဖေခေါ်စရာ လူရှားလားဗျာ၊ ကျွန်တော့်ဘာသာ အေးအေးဆေးဆေးနေတဲ့လူကိုမှ အသည်းကွဲအောင် လာလုပ်ရသလား"

www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်ခမျာ ပစ်သွား၍လည်းမသွားရက်၊ ဆက်၍လည်းမပေါင်းနိုင်။ ကြက[illegible]ထားသလို မချိမဆံ့ခံစားရသည်။

ရှက်လည်းရှက်သည်။ နာလည်းနာသည်။ ဝမ်းလည်းနည်းသည်။

နောက်ဆုံးတွင်မူ လွမ်းဆွတ်ကြေကွဲစွာဖြင့် သူ့မိဘများရှိရာ အထက်အညာမှ ရွာကလေးသို့ ပြန်သွားသည်။

မိန်းကလေးများကို စိတ်အနာကြီးနာသွားပြီ .. ဆိုလေသည်။

■

## မျက်နှာပြောင်၍ ကြောင်ရဲသည်

ရိုးရိုးလွယ်လွယ်လေးနှင့် ရန်ကုန်မြို့လယ်မှာ လိမ်ညာသောနည်းတစ်ခုရှိသည်။

လိမ်သူက နည်းနည်းတော့မျက်နှာပြောင်သည်။ အလိမ်အညာခံရသူကတော့ တော်တော်ကြောင်သောအဖြစ်နှင့် ကြုံရသည်။

ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံနေရာတစ်ဝိုက်တွင် ကားများစည်ကားသကဲ့သို့ လူများလည်းစည်ကားသည်။ ဟိုတယ်ကြီးများရှိသည်။ အရေးကြီးသော ကုန်ပစ္စည်းအရောင်းဆိုင်များ ရှိသည်။ ဘုတာကြီးသက်မှတ်ရုံများ ရှိသည်။

ဤနေရာဘက်သို့ရောက်လျှင် နှစ်ပေါင်းများစွာကွဲကွာနေသော ကျောင်းနေဖက်များ၊ သူငယ်ချင်းများ၊ အသိအကျွမ်းများနှင့် အမှတ်မထင်တွေ့ရတတ်သည်။

ထရိတ်ဒါးဟိုတယ်အနီးမှ မီးပွိုင့်အရောက်တွင် အသက်လေးဆယ်ကျော်လူတစ်ယောက် ဆရာဦးမြင့်ဆွေ၏လက်ကို ဖမ်းဆွဲထားသည်။

''ဆရာ .. ဘယ်သွားမလို့လဲ''

ဦးမြင့်ဆွေက တိုက်ပုံအကျႌနှင့်၊ လက်ထဲမှာလည်း(၃၃)လမ်းမှ ဝယ်လာသော စာအုပ်တစ်အုပ်နှင့်ဖြစ်သည်။ လက်ဆွဲထားသူကို ဦးမြင့်ဆွေ ကြည့်လိုက်သည်။ အသေအချာမသိ၊ ဖဝေဖဝါဖြစ်နေ၏

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ .. ကျွန်တော့်ကို မမှတ်မိဘူးလား"

လက်ဆွဲထားသူက တရင်းတနှီးလေသံနှင့် မကျေမနပ်မေးနေသည်။ ဦးမြင့်ဆွေ အားနာသွားသည်။

"ဟာ .. ဆရာကလဲဗျာ၊ ဘယ်လိုဖြစ်နေတာလဲ၊ မတွေ့တာလေး နည်းနည်းကြာတာနဲ့ ကိုယ့်တပည့်ကိုတောင် မေ့ပစ်လိုက်ပြီလား"

"မဟုတ်ပါဘူး။ ကျွန်တော် .. အဲ"

ဦးမြင့်ဆွေ ဘာဆက်ပြောရမှန်း မသိ။

ပြောသူက လူမှားသောပုံမဟုတ်၊ အပိုင်သိသောပုံ။ ကိုယ်ကတော့ သူ့မျက်နှာကို အသေအချာကြည့်သော်လည်း လုံးဝမမှတ်မိ။ သိသလိုလို မသိသလိုလို။

"အားလေး .. ကိုယ်ကလဲ လူတွေကိုမှတ်တဲ့ဉာဏ်က ခပ်ညံ့ညံ့"

ကိုယ့်ကိုယ်ကို စိတ်မချ။

"ကိုယ့်တပည့်လို့ဆိုတော့ ..

ဦးမြင့်ဆွေက တက္ကသိုလ်ဆရာဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မှာ အကြာကြီးလုပ်ဖူးသလို၊ နယ်ကောလိပ်များမှာလည်း လုပ်ဖူးသည်။ ကျောင်းဆရာ အပြင်ဟိုသင်တန်း ဒီသင်တန်းများမှာလည်း နည်းပြ လုပ်ရသည်။ လုပ်ငန်းခွင်မှာလည်း ဆုံခဲ့ဖူးသောတပည့်များစွာရှိသည်။

"ဆရာ့ကလေးတွေကော ဘယ်နှစ်တန်းတွေရောက်ကုန်ပြီလဲ"

"ဟာ .. ပြဿနာပဲ"

ဦးမြင့်ဆွေစိတ်ထဲမှာတွင် ရရှက်ခြင်းဖြစ်ပါသည်။ ဤလူသည် ကိုယ့်ကလေးများကိုပါ သိနေသည်။ မိသားစုကိုပါ ရင်းနှီးသူဖြစ်ဟန်တူသည်။

ကလေးများအကြောင်းကို ပြောပြလိုက်သည်။

"ဆရာ့ .. အမေရော .."

"ဟာ .. အားနာစရာတော့ အတော်ကောင်းနေပြီ"

ဦးမြင့်ဆွေရင်ထဲမှာ ညည်းညူရပြန်သည်။ သူ အမေကိုပါ သိသည်။



အတော်ရင်းနှီးသူဖြစ်ပါလျက် ကိုယ်ကခုထိ သူ့ကိုစဉ်းစား၍မရသေး။

"ဟုတ်တယ် .. အမေက ရန်ကုန်လိုက်နေတာကြာပြီ၊ ဒါပေမယ့် အခု အညာပြန်သွားတာ သုံးလလောက်ရှိပြီ"

"ကျန်းမာရေးတော့ ကောင်းတယ် မဟုတ်လား .."

"ကောင်းပါတယ်"

"ဆရာ .. ကျွန်တော့်ကို မှတ်မိပြီလား"

"မှတ်မိပါတယ်"

ဦးမြင့်ဆွေက မေးနေသူကို လိမ်ညာလိုက်ခြင်းဖြစ်သည်။ ဤမျှရင်းနှီးခဲ့သူကို မမှတ်မိသည်မှာ ကိုယ့်ဘက်ကသိပ်ကို အားနာစရာကောင်းနေ၍ ဖြစ်သည်။

"သေချာလို့လား ဆရာ .."

လက်ဆွဲထားသူက အပိုင်ထပ်မေးနေပြန်သည်။

"သေချာပါတယ်"

ဦးမြင့်ဆွေက လေသံမြှင့်ပြီးဖြေသည်။

"မှတ်မိတယ်သာဆိုတယ်၊ ဆရာ့မျက်နှာကလဲ မရေမရာ ဖြစ်နေသလိုပဲ"

"ဟာ .. မဟုတ်ပါဘူး။ မှတ်မိပါတယ်"

ဦးမြင့်ဆွေ မျက်နှာအမူအရာကိုပါပြင်ပြီး အနိုင်အမာပြောလိုက်သည်။

"သေချာတယ်နော် ဆရာ .."

"ဟာ .. သေချာပါတယ်"

ဦးမြင့်ဆွေက ပြန်လည်ရောနှောမိပြီးဖြစ်သွားသည်။

စိတ်ကျဉ်းကျပ် လူကျဉ်းကျပ်မှ မြန်မြန်လွတ်ပြီး မြန်မြန်သွားချင်ပြီ။

"သေချာရင်တော့ ကိုယ့်ဆရာကို အားနာစရာမရှိပါဘူး။ ကျွန်တော် အခု မနက်စာမစားရသေးဘူးဆရာ၊ သိတဲ့အတိုင်းပဲ၊ အိမ်ပြန်မရောက်တာလဲ ငါးရက်ရှိသွားပြီ၊ အဲဒါ ဆရာ့တပည့် ထမင်းဖိုးလေး နှစ်ထောင်လောက် ပေးခဲ့ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုက် . . ခံရပြီကွာ၊ တော်တော်ကြောင်ရဲ့တဲ့လူ . ."

စိတ်ထဲမှာ မကျေမနပ် တွေးလိုက်မိသည်။

သို့သော် ကိုယ်ကလည်း သူ့ကိုမှတ်မိကြောင်း အခိုင်အမာပြောမိထားပြီး တကယ်လည်း တပည့်ဖြစ်နိုင်သေးသည်ဟု စဉ်းစားရသည်။ သို့သော် သူတောင်းသောနှစ်ထောင်ကိုလည်း မပေးချင်။

ငွေရှစ်ထောင်ကျော်ထည့်ထားသော ရှပ်အင်္ကျီအိတ်ထောင်ကို မနှိုက်ဘဲ ငွေနည်းနည်းပါသော တိုက်ပုံအင်္ကျီအောက်အိတ်ကို နှိုက်လိုက်သည်။

နှစ်ရာတန်တစ်ရွက်နှင့် တစ်ရာတန်သုံးရွက်။

"ကျွန်တော်မှာလဲ ဒါပဲပါတယ်၊ ရော့ . . နှစ်ရာယူသွား။ သုံးရာ ကျွန်တော့်ဖို့ချန်ခဲ့ . ."

"ဟာ . . ဆရာကလဲဗျာ၊ လက်ဖက်ရည်တစ်ခွက်ဖိုးတောင် မရှိဘူး"

"ရော့ဗျာ"

တစ်ရာတန်သုံးရွက် သူ့ကိုပေးလိုက်သည်။

ကျွန်တော်က စာအုပ်တွေဝယ်လိုက်တော့ ဒါပဲကျန်တယ်ဗျ။ ဘတ်စ်ကားခတော့ ကျန်ဦးမှဖြစ်မယ်"

ဦးမြင့်ဆွေရင်ထဲမှာ မကျေနပ်။ တကယ်အကြောင်းရိုက်ပြီး ညာတဲ့လူလား၊ ကိုယ်မမှတ်မိတဲ့ တပည့်တစ်ယောက်လား၊ သိချင်သည်။ တပည့်ဆိုလျှင် ငွေသုံးရာသာပေးသည်မှာ နည်းသည်။

ဦးမြင့်ဆွေ လေးငါးခြောက်လှမ်းသွားပြီးမှ နောက်ဘက်သို့ ပြန်လှည့်ကြည့်သည်။ ထိုလူက ဆူးလေဘုရားလမ်းအတိုင်း တောင်ဘက်သို့ ဆက်သွားနေသည်။

မကြာမီပင် တော်ဝင်တံတားပေါ်မှ ဆင်းလာသူတစ်ဦးကို လက်ဆွဲပြီး ကြောင်ပွဲကြီးစတင်ပါသည်။

ဦးမြင့်ဆွေ အဆောက်အဦးတစ်ခု၏ ဘုတ်တိုင်နှင့်ကွယ်၍ လှမ်းကြည့်နေသည်။



လက်ဆွဲခံရသူမှာ မအီမသာမျက်နှာနှင့် ဖြစ်နေသည်။ လူကြောင်က ဆက်ပြီးကြောင်နေဆဲ။

သိပ်မကြာလိုက်ပါ၊ လက်အဆွဲခံရသူ အိတ်ထောင်နှိုက်နေပါပြီ။

ဦးမြင့်ဆွေ သက်ပြင်းတစ်ချက်ချလိုက်သည်။ အကြောင်ရိုက်သူဖြစ်ကြောင်း သေချာသွားပါပြီ။

တစ်ယောက်ကို သုံးရာပေးလျှင်ပင် လူဆယ်ယောက်ဆိုက သုံးထောင်ရမည်။ အချို့က သူတောင်းသည့်အတိုင်း နှစ်ထောင်ပေးသူလည်း ပါနိုင်သည်။ ဤအနားမှာပင် နှစ်နာရီခန့်အကြောင်ရိုက်ရုံနှင့် ငွေလေးငါးထောင် ရသွားနိုင်သည်။

သူမှန်းဆပြောသည်နှင့်များ လွဲချော်၍ တစ်ဖက်လူက သူမေးသည်မှာ တော်ကြောင်းငြင်းလျှင်လည်း "လူမှားသွားလို့ပါ . ."တောင်းပန်လျှင် ပြီးသွားနိုင်သည်။ ကြောင်တော့ကြောင်ရသည်။

သို့သော် သူကြောင်ရသည်ထက် အလိမ်အညာခံရသူကြောင်ရသည် ထို့ကြောင့် စိတ်ပျက်စရာကောင်းလိမ့်မည်။

ဤအကြောင်းကို သိထားပြီးသူများအနေဖြင့် အားမနာပါနှင့်၊ သူမေးသည် ပြောသည်ချည်း အကြောင်းသာ နားထောင်မနေပါနှင့် သူ့ကိုပြန်မေးပါ။

"စိတ်မရှိနဲ့နော်၊ ဘယ်မှာဆုံခဲ့တာလဲ၊ ဘယ်တုန်းကလဲ၊ နာမည် ဘယ်လိုခေါ်လဲ၊ အခုဘယ်မှာနေလဲ၊ ဘာလုပ်နေသလဲ"

ကိုယ်မှတ်မိနိုင်သည်အထိ သူ့ကိုပြန်မေးပါ။ မဟုတ်လျှင် "လူမှားလို့ပါ" ဟုတောင်းပန်ပြီး သူထွက်သွားလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

# တစ်သိန်းတန်ရိုက်ချက်

မြတ်ညွန့်ကို ကျွန်တော် ကောင်းကောင်းသိပါသည်။ ငယ်ငယ် ကတည်းက ကျောင်းနေဘက်ဖြစ်သည်။ သူငယ်ချင်းအဖြစ်နှင့် ပေါင်းသည် အထိတော့ မရင်းနှီးခဲ့ပါ။ သူ့စရိုက်ကို ကျွန်တော်မကြိုက်။ လူလိမ် လူညာ လူညစ်။

မြတ်ညွန့် ကျောင်းမှန်မှန်မတက်၊ စာမှန်မှန်မကျက်၊ အတန်းထဲမှာ စာမတော်ပါ။ သို့သော် စာမေးပွဲဖြေတိုင်း မြတ်ညွန့်အောင်သည်။ နည်းမျိုးစုံနှင့် ခိုးချရာတွင် မြတ်ညွန့်သည် အတော်ဆုံးဖြစ်သည်။ ထို့ကြောင့် အတန်းတင် စာမေးပွဲများ၌ သူထက်သာသူများကျသော်လည်း မြတ်ညွန့်အောင်သည်။

သူဖြေသောစာမေးပွဲအခန်းကို စောင့်ရသည့် ဆရာဆရာမများ စိတ်ညစ်ကြရသည်။ နည်းအမျိုးမျိုးနှင့် ခိုးချရန်ကြိုးစားသည်ကို တစ်ချိန်လုံး ဟန့်တားနေရသည်။ စာမေးပွဲခန်းအဝင်မှာပင် မြတ်ညွန့်ထံမှ စာရွက် အပိုင်းအစသေးသေးလေးပေါင်းများစွာ ခိုးယူလာသည်ကို သိမ်းဆည်း လိုက် သည်။

သို့သော် ပေတံပေါ်မှာ အင်္ကျီအောက်အနားမှာ ပေါင်ပေါ်မှာ ကွန်ပါ ဘူး၏ အောက်ဘက်မှာ ကွန်ပါဘူးအဖုံး၏အတွင်းမှာ စာလုံး သေးသေး လေးများနှင့် ရေးမှတ်ထားသည်များလွတ်သွားသည်။

နောက်တစ်နေ့ကျတော့ ခက်ခက်ခဲခဲခိုးယူသည်များကို ဆ



ဆရာမများသိ၍ ရှာသော်လည်း ခပ်လွယ်လွယ် လက်မှာရေးထားသည်များ လွတ်သွားပြန်သည်။

လက်ကိုကြည့်ပြီး ကူးရေးနေသည်ကို ဆရာတစ်ဦးက အမှတ်မထင်တွေ့သွားသည်။ သို့သော် မြတ်ညွန့်ကူးပြီးသွားပြီ။ ဆရာက မြတ်ညွန့်ကို ဖြန့်အပြခိုင်းသည်။ မဖြန့်မီ မြတ်ညွန့်က ချွေးစေးထွက်နေသော လက်နှစ်ဖက်ကို ပွတ်ပစ်လိုက်သည်။ ဘာမှမရှိတော့ပါ။ မင်စမင်နများသာ တွေ့ရတော့သည်။

နောက်တစ်ရက်တွင် စာမေးပွဲဖြေနေရင်း အိမ်သာတက်သည်မှာ ကြာ၍ တာဝန်ကျဆရာလိုက်သွားသည်။ မသင်္ကာ၍ အိမ်သာတံခါးခေါက်ပြီး မေးသည်။

"ဗိုက်နာလို့ပါ" ဆိုပြီး အိမ်သာထဲမှာဝှက်ထားခဲ့သော စာအုပ်မှ ဖြေရမည့်စာကို ပြီးအောင်ဖတ်သည်။

ဆရာက စောင့်နေသည်။ တံခါးဖွင့်လျှင် အပိုင်ဖမ်းမည်။

မြတ်ညွန့်က ကြည့်ချင်သည့်စာကိုကြည့်ပြီးသည်နှင့် စာအုပ်ကို အိမ်သာကျင်းထဲပစ်ချလိုက်သည်။

စာအုပ်ကျသံကို အပြင်မှဆရာ ကြားသည်။

ဆရာကမေးတော့ အပြတ်ငြင်းသည်။ အိမ်သာကျင်းထဲမှစာအုပ်ကို ခက်ခက်ခဲခဲဆယ်ယူပြီး သက်သေခံမပြချင်သောကြောင့် ဆရာလက်လျှော့လိုက်ရသည်။

ဤနည်းဖြင့် မြတ်ညွန့် ဆယ်တန်းအောင်ခဲ့သည်။

တက္ကသိုလ်ရောက်တော့ မြတ်ညွန့်အတွက် ပိုလွယ်သွားသည်။ ဘာမျှ အခက်အခဲမရှိ ဘွဲ့တစ်ခုရသွားသည်။

ဌာနဆိုင်ရာတစ်ခုမှာ အရာရှိဖြစ်သွားသည်။ သို့သော် သိပ်မကြာ အလုပ်ပြုတ်သွားသည်။ နောက်တော့ ကိုယ်ပိုင်စီးပွားရေးအလုပ်ကို လုပ် သည်။ တကယ်လုပ်သည်ကတော့ လိမ်ခြင်း ညာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိသူများက သူ့ကို "ဆူးလှည်းကြီး" ဟု ခေါ်သည်။ ထိသမျှငြိသည်။ သူနှင့်ပတ်သက်မိသူမှန်သမျှကို လိမ်သည်၊ ညာသည်၊ ညစ်သည်။ အကြံအဖန်တစ်ခုခုနှင့် အမြတ်အညွန့်ရအောင် ညစ်သွားသည်ချည်းဖြစ်သည်။

တစ်နေ့တွင် ကျွန်တော့်ရုံးသို့ သူရောက်လာသည်။ သတိကြီးစွာထား၍ ဆက်ဆံသည်။ သူက တရင်းတနှီးပြောဆို ဆက်ဆံနေသည်။ သူနှင့်အတူ လူနှစ်ယောက်လည်းပါလာသည်။

"ထိုင်ကြပါ။ ကျွန်တော်နဲ့ ငယ်ငယ်ကတည်းက ကျောင်းနေဘက် သူငယ်ချင်း။ ဘာမှ အားနာစရာမရှိဘူး။ သိပ်ရင်းနှီးတယ်၊ ကဲ . . . သူငယ်ချင်း လက်ဖက်ရည်တော့တိုက်ဦးကွာ၊ ဆာတယ်။"

သူလူနှစ်ယောက်နှင့် သူက မိတ်ဆက်ပေးသည်။ ကျွန်တော်က တပည့်ကိုခေါ်၍ လက်ဖက်ရည်သုံးခွက် အမှာခိုင်းလိုက်ရသည်။

"သူငယ်ချင်း မင်း . . . ဆရာဦးတိုးအောင်ကို မှတ်မိတယ် မဟုတ်လား"

"မှတ်မိတာပေါ့၊ လေးတန်းမှာ သင်္ချာသင်တဲ့ဆရာ"

ကျွန်တော်က မှတ်မိကြောင်း အဖြေပေးလိုက်ပါသည်။

"ကိုယ်ကတော့ ငါးတန်းကျမှ အဲဒီကျောင်းရောက်တော့ သူ့တပည့် မဖြစ်ခဲ့ပါဘူး"

သူပြောနေပုံက ကိုယ့်ကျောင်းမှဆရာဖြစ်သော်လည်း သူ့ကိုမသင်ခဲ့၍ ဆရာဟုမှတ်ယူခြင်းမရှိသော သဘောဖြစ်သည်။

"သူနဲ့ကိုယ်နဲ့ မော်လမြိုင်ကရုံးမှာ သွားဆုံကြတယ်လေကွာ၊ ဟား ဟား လက်ဖက်ရည်တော့ နေတိုင်းအလကားသောက်ရတယ်။ သိပ်အတဲ့လူ"

သူက နေ့စဉ် လက်ဖက်ရည်အလကားသောက်ရအောင် လိမ်ညာနည်းကို ရှင်းပြသည်။

ကျန်လူများနှင့် ကြိုညှိထားပြီး မဲလိပ်အားလုံး ပေါက်မဲတွေချည်း ရေးထားလိုက်သည်။



ဦးတိုးအောင်ကို အရင်အနှိုက်ခိုင်းလိုက်သည်။ ဦးတိုးအောင် ပေါက်သွား၍ ကျန်လူများမှာ ဆက်နှိုက်ရန်မလိုတော့ဘဲ လက်ဖက်ရည်ဆိုင်သို့ သွားကြသည်။

"ဘယ်လိုလဲ ဒီနေ့ရော အရင်နှိုက်ဦးမလား"

"နှိုက်မယ်ကွာ"

မကျေနပ်အောင်ခွပေးလိုက်၍ ဦးတိုးအောင် မဲလိပ်အရင်နှိုက်သည်။ အားလုံးပေါက်မဲရေးထား၍ ဦးတိုးအောင်ပင် မဲပေါက်သွားပြန်သည်။

သုံးရက်အထိ ဦးတိုးအောင် အဦးဆုံးပေါက်မဲကို နှိုက်ယူပြီးမှ . . .

"ကဲ . . . ဒီနေ့တော့ ခင်ဗျားအရင်မနှိုက်နဲ့၊ နောက်ဆုံးကျမှ နှိုက်"

မြတ်ညွန့် အစီအစဉ်ပြောင်းထားပြီး မဲလိပ်အားလုံးကို ဗလာများလုပ်ထားသည်။ သူက စနှိုက်သည်။ ဦးတိုးအောင်ကိုပြုံးပြသည်။ ဗလာ . . .။

တစ်ယောက်ပြီးတစ်ယောက် နှိုက်ကြပြန်သည်။ ဗလာ . . .။

နောက်ဆုံးနှစ်လိပ်ကျန်ချိန်မှာ မဲနှိုက်သူ၏မဲကို ဦးတိုးအောင်စိတ်ဝင်စားစွာ ကြည့်နေသည်။

"ရော . . . ခင်ဗျားပဲကြည့်တော့ . . ."

မဲနှိုက်သူက ပေးလိုက်သည်။ ဦးတိုးအောင် ဖြေကြည့်သည်။ ဗလာ။ အားလုံးရယ်ပြီး ဝမ်းသာအားရ လက်ခုပ်တီးကြသည်။

"ကဲ . . . ဒီလောက်တောင် ဒကာကျချင်လှတာ သွားစို့ကွာ"

ကျန်မဲလိပ်ကို ဦးတိုးအောင်နှိုက်မကြည့်ဘဲ လက်ဖက်ရည်ဆိုင် လိုက်တိုက်ရသည်။

သူပြောသည်ကို သဘောကျ၍ သူနှင့်ပါလာသူနှစ်ယောက် ရယ်နေသည်။ ထိုအချိန်တွင် ကျွန်တော့်တပည့်က လက်ဖက်ရည်ခွက်များ လာချသည်။

"ကဲ . . . ဒါကတော့ ကျွန်တော့်သူငယ်ချင်းက စေတနာနဲ့တိုက်တာပါ ဗျာ၊ သောက်ကြ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူကပင် သူလူနှစ်ယောက်ကို ဧည့်ခံနေပါသေးသည်။

ထိုအချိန်မှာပင် ကျွန်တော့်လက်အောက်မှ ဦးစီးအရာရှိ ဒေါ်လှလှထွန်း ခွင့်ပြုမိန့်လက်မှတ်ထိုးရန် ဖိုင်တွဲတစ်ခုလာတင်သည်။

ဒေါ်လှလှထွန်းက မြတ်ညွန့်ဆီ လှမ်းကြည့်သည်။ မြတ်ညွန့်က ဒေါ်လှလှထွန်းကို ပြန်ကြည့်ပြီး မသိမသာ ခေါင်းညိတ်ပြသည်ထင်၍ ကျွန်တော့်စိတ်ထဲမှာ မသင်္ကာဖြစ်သွားသည်။

ဒေါ်လှလှထွန်းတင်သွားသော ခွင့်ပြုမိန့်ကို အသေအချာစစ်ဆေးမိသည်။ သို့သော် ဘာမျှထူးခြားမှုမရှိ၊ အစကတည်းက အစည်းအဝေးဆုံးဖြတ်ချက်နှင့်တကွ ခွင့်ပြုထားသောကိစ္စ ဖြစ်သည်။

ဘာမျှ ပြဿနာမရှိသည်မှာ သေချာ၍ လက်မှတ်ထိုးပေးလိုက်သည်။

ဒေါ်လှလှထွန်းက ဦးမြတ်ညွန့်ကို လှမ်းကြည့်သွားသေးသည်၊ မြတ်ညွန့် မျက်နှာက ပြုံးနေသလိုလို မပြုံးသလိုလို။

"ဩော် ... နေဦးကွ၊ ပြောရင်းနဲ့ သတိရလာလို့ မေ့သွားမှာစိုးလို့" မြတ်ညွန့်ကပြောမည်လုပ်ပြီး သူ့လူနှစ်ယောက်ဘက်ကိုလှမ်းကြည့်ပြီး"

"ခဏလောက် သူငယ်ချင်းရာ"

အခန်းတံခါးအပြင်ဘက်ရောက်ရုံလေးခေါ်ထုတ်သွား၍ ကျွန်တော် သတိထားလျက် လိုက်ပါသွားပါသည်။

"ဟိုလူတွေရှေ့ မပြောချင်လို့ပါကွာ၊ ဟိုကောင်လေ ... ထွန်းမြင့်ကြိုင် မှတ်မိလား၊ အရှည်ကြီးကွာ ..."

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

သူက ထွန်းမြင့်ကြိုင် မယားငယ်ယူ၊ အရက်သောက် မဟုတ်တာတွေ လုပ်ပြီး ဖိုးတွမ်တီးဖြစ်နေကြောင်း၊ ကျောင်းနေဖက်သူငယ်ချင်းများကို လိုက်ပြီး ညာနေကြောင်း၊ သူကိုယ်တိုင် ငွေတစ်သောင်းချေးလိုက်မိ၍ ပြန်မရတော့ ကြောင်း လွှမ်းအောင်ပြောလည်း မလွှမ်းဖို့အကြောင်းများ သတိပေးသည်။

ကျွန်တော်က ကျေးဇူးတင်ကြောင်း ပြောလိုက်မိပါသေးသည်။



ကျွန်တော်တို့အခန်းထဲမှာ ပြန်ထိုင်မိကြသည်။

ပြန်ကာနီးတော့ ..

"ကဲ ... သူငယ်ချင်းလဲ အလုပ်ချိန်တွေ အတော်ထိခိုက်သွားပြီ။ ပြန်မယ်ကွာ၊ ခုနကကိုယ်ပြောတာတော့ မမေ့နဲ့နော်။

"ဩော် မမေ့ပါဘူး၊ စိတ်ချပါ"

"အေး ... ဒါဆိုရင်တော့ အိုကေ ... သွားမယ်"

သူ့လူနှစ်ယောက်နှင့်အတူ ပြန်သွားပါသည်။

တစ်ချိန်လုံး သတိထားပြီးနေခဲ့ရသည်။ ဘာမျှလိမ်ညာမသွား၍ အထင်မှားမိသည်ကိုပင် အားနာစိတ်ဖြစ်လိုက်ရသေးသည်။

တစ်ပတ်ခန့်ကြာသောအခါ မြတ်ညွန့်နှင့်အတူလာခဲ့ဖူးသော လူနှစ်ယောက် ကျွန်တော့်ရုံးခန်းကို ရောက်လာသည်။

"ကျွန်တော်တို့ တင်ထားတဲ့ကိစ္စလေး ဒီနေ့ခွင့်ပြုမိန့်ချပေးမယ်ဆိုလို့"

"ဗျာ ဘ ကိစ္စပါလိမ့်"

ကျွန်တော် နားမလည်ပါ။ သူတို့က သူတို့တင်ထားသောကိစ္စကိုရှင်းပြသည်။

"အဲဒီကိစ္စဆိုရင်တော့ မြို့နယ်၊ ခရိုင်၊ တိုင်း၊ အဆင့်ဆင့်ထောက်ခံပြီး တက်လာရမှာ၊ အဲဒါတွေရော ပါပြီလား"

မေးသာမေးရသည်၊ မဖြစ်နိုင်မှန်းသိပါသည်။ ထိုကိစ္စများကို ထပ်မံခွင့်ပြုတော့မည်မဟုတ်၍ တင်ပြခြင်းမပြုကြရန် ပြည်နယ်နှင့်တိုင်းများသို့ စာထုတ်ထားပြီးဖြစ်သည်။ ပြည်နယ်နှင့်တိုင်းများက ခရိုင်နှင့်မြို့နယ်များသို့ စာထုတ်ပြီးဖြစ်သည်။

"ဦးမြတ်ညွန့်က ဆရာလုပ်ပေးရင် အောက်ကတက်စရာမလိုဘူး။ ဒီကိစ္စလောက်တော့ ဆရာပြီးရင် ပြီးတယ်ပြောလို့"

"ဟာ ... မဟုတ်တာ၊ ဒီရုံးမှာ အဲဒီလို အဆင့်ဆင့်တက်လာတာ မဟုတ်ရင် လက်မခံရဘူးလို့ စာတွေကပ်ထားတာ မတွေ့ဘူးလား၊ ဘယ်သူမှ

www.burmeseclassic.com

www.burmeseclassic.com



လက်မခံပါဘူး''

"မဟုတ်ပါဘူး ဆရာလက်ခံထားပါတယ်''

တစ်ယောက်က တစ်ဖွတ်ထိုးပြောနေ၍ ကျွန်တော် မကျေမနပ်ဖြစ်မိ သည်။

''မဖြစ်နိုင်တာဗျာ၊ ခင်ဗျားတို့ ဘယ်သူ့ဆီတင်ခဲ့လဲ၊ ဘယ်သူလက်ခံ တာလဲ ပြော''

"ဟို ... ဆရာ့ စာရေးမ''

ကျွန်တော့်ဌာနမှ တာဝန်ခံအမျိုးသမီးအရာရှိ ဒေါ်လှလှထွန်းကိုပြသည်။

''ဟာ သူက စာရေးမမဟုတ်ပါဘူး၊ အရာရှိပဲ၊ ပိုသိတာပေါ့ ဘယ် လက်ခံလိမ့်မလဲ၊ လက်ခံရင် သူ့ကိုကျွန်တော် အရေးယူမှာပေါ့''

"အဲဒီလိုတော့ မလုပ်ပါနဲ့၊ ဆရာဦးမြညွှန့်ကိုယ်တိုင် သူ့ကိုအသေ အချာပြောပြီး တင်ခဲ့တာပါ။ သူ လက်ခံထားပါတယ်။''

ကျွန်တော်မကျေမနပ်ဖြစ်၍ ဒေါ်လှလှထွန်း စားပွဲသို့သွားသည်။ ညည့်သည်နှစ်ဦး ကျွန်တော့်နောက်မှ လိုက်လာသည်။

ကျွန်တော်က ဒေါ်လှလှထွန်းကို လျှောက်လွှာလက်ခံထားသည် ဆိုသော ကိစ္စမေးမြန်းသည်။

''ဩော် ... မှတ်မိပြီဆရာ''

နောက်မှလူနှစ်ဦးကို သေချာကြည့်ပြီး ဒေါ်လှလှထွန်း သတိရသွာ ဟန်တူပါသည်။

''ဟို ဆရာ့ဆီလာတဲ့ ဆရာ့သူငယ်ချင်းဆိုတာ ပေးသွားတဲ့ စာအိတ် နှစ်အိတ်တော့ရှိတယ်။ သူက ဆရာ့သူငယ်ချင်းပါတဲ့၊ ဒီစာအိတ်နှစ်အိတ် ခဏသိမ်းထားပေးပါတဲ့။ ဆရာတောင်းမှ ပေးလိုက်ပါတဲ့''

ဒေါ်လှလှထွန်းက စာအိတ်နှစ်အိတ်ကို ထုတ်ပေးပါသည်။

ကျွန်တော် နားလည်လိုက်ပါပြီ။

ဒေါ်လှလှထွန်းကို အပြစ်ပြောနေစရာမလိုတော့ပါ။ မြတ်ညွှန့် စာ



နှစ်ခုကြားမှ လူလေးယောက်ကို လှည့်သွားခဲ့ခြင်းဖြစ်ပါသည်။

ညည့်သည်နှစ်ဦးကို ကျွန်တော့်အခန်းသို့ ပြန်ခေါ်လာခဲ့သည်။

''ခင်ဗျားတို့ကို မြတ်ညွှန့်က ဘယ်လိုပြောထားလဲ''

သေချာအောင် မေးရပြီ။

''သူက ကျွန်တော်တို့လျှောက်ထားတဲ့ကိစ္စ ဆရာ့ကို အားလုံးပြော ပြီးပြီ ဆရာကလက်ခံတယ်လို့ ပြောတယ်။ ကျွန်တော်တို့နှစ်ယောက် အခန်း ထဲမှာထားခဲ့ပြီး ဆရာနဲ့သူနဲ့အပြင်ခဏထွက်ပြီး ပြောကြတယ်လေ။ ပြန်ကာ နီးတော့တောင်မှ ဆရာ့ကိုမမေ့ဖို့ သတိပေးတော့ ဆရာကမမေ့ပါဘူး စိတ်ချလို့ပြောတာပဲ''

ညည့်သည်တစ်ဦးက ပြန်ရှင်းပြသည်။

''အင် ... အဲဒီလိုပြောတာ ကျွန်တော်တို့သူငယ်ချင်းတစ်ယောက် လူလိမ်ဖြစ်နေတဲ့အကြောင်း။ သူက ကျွန်တော့်ကိုသတိပေးတာဗျ။ တကယ် တော့ လူလိမ်အကြောင်းပြောပြီး သူကခင်ဗျားတို့ကို လိမ်သွားတာ၊ ရော့ ခင်ဗျားတို့လျှောက်လွှာ''

''ဟင် ... လူလိမ်ကြီး ... ငွေတစ်သိန်းရအောင် ပြန်တောင်း မယ်၊ မရလို့ကတော့ သိကြသေးတာပေါ့ ဦးမြတ်ညွှန့်ရာ ...''

ညည့်သည်နှစ်ယောက် စာအိတ်ကိုယူပြီး မကျေမနပ်ပြောဆို ထွက် သွားကြပါသည်။

ကိုယ့်ကိုပြုပြီး လိမ်ညာသွားခြင်းအတွက် မကျေမနပ်ခြင်းနှင့်အတူ လိမ်ညာခံရသူနှစ်ဦးအတွက် စိတ်မကောင်းဖြစ်လိုက်မိပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## မှန်လိုက်လေဆရာရယ်

ဗေဒင်ယတြာကိုအကြောင်းပြုပြီး လိမ်ညာစားသူတို့သည် များစွာရှိပါ၏။ ဝေဒပညာ၊ နက္ခတ္တပညာ၊ ဂန္ဓာရီပညာစသည်တို့ကို ကိုယ်တိုင်လေ့လာနာလည်ခြင်း မရှိသော်လည်း အထင်မသေးရုံမက အထင်ကြီးလေးစား ဖြစ်ပါ၏။ သူ့ပညာနှင့် သူ့အစီပွာယ်နှင့် တန်ဖိုးကြီးစွာရှိပါမည်။ လျှို့ဝှက်နက်နဲ ရှိကြပေလိမ့်မည်။

အလွန်အံ့သြစရာကောင်းအောင် မှန်ကန်ကြောင်း ရေးသားထားသည်များကို အထောက်အထားဖြစ်ရပ်များနှင့်တကွ ရာဇဝင်များတွင် ဖတ်မှတ် သိရှိရပါသည်။

ဥပမာအားဖြင့် ကောင်းမှုတော်ဘုရားကြီး ထီးတင်ရန် သာလွန်မင်းတရားကြီးက ဟူးရားဖြူ၊ ဟူးရာညိုတို့ကို အချိန်ကောင်းရာတွင် ထီးတင်မမီကြောင်း လျှောက်တင်၍ ဘုရင်မျက်တော်မူပြီး ထောင်သွင်းအကျဉ်းထားသည်။ ဘုရားကို အမြန်ထီးတင်ရန်ပြင်ဆင်ပြီး မင်းဆရာဘုန်းတော်ကြီးကို မေးလျှောက်သည်။ ထီးတော်တင်ရန် အချိန်မမီကြောင်း သားတော်လက်ထပ်မှ ထီးတင်၍အောင်မြင်မည်ဖြစ်ကြောင်း၊ ညသန်းခေါင်ယံ မတိုင်မီကံတော်ကုန်မည်ဖြစ်ကြောင်း မိန့်တော်မူသည်။

ဘုရင် ဒေါသအမျက်ကြီးစွာ ထွက်ရသည်။ ထိုအချိန်အထိ ကျန်းမာဆဲဖြစ်သည်။ ညရောက်လာမှ ဖျားနာကိုယ်ပူပြီး ကိုယ်ပူလွန်ခြင်းဖြင့်ပင် ကံတော်ကုန်သည်။ ထီးတင်မမီတော့ပါ။



ဆရာစန္ဒရေးသားသည့် အိန္ဒိယနိုင်ငံမှ နဒီဗေဒင်ဟောစာတမ်း စသည်တို့မှာလည်း လာမေးမည့်သူအတွက် အသင့်ရေးပြီးသား ဟောစာတမ်းများရှိနေခြင်းဖြစ်သည်။ မလာမည့်သူအတွက်မရှိ။ ကွက်တိမှန်ရုံမက ဆင်းရဲချမ်းသာကိုပင်ဖော်ပြ၍ ဉာဏ်မှဇော်ခအထိ တိကျစွာ သတ်မှတ်ပါဝင်သည်ဟုသိရသည်။ ထူးခြားနက်နဲသည့် အံ့သြဖွယ်ရာ ပညာရပ်များဖြစ်ပါသည်။

ဖဂိုကြီးများ၊ ရသေ့သူတော်စင်များ၊ လူပညာရှင်များ ကြိုးကြိုးကုပ်ကုပ်အားထုတ်လေ့လာဖော်ထုတ်ခဲ့သော ပညာများဖြစ်ပေမည်။ မိမိတို့ကိုယ်တိုင်သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံအောင်ဖြည့်ဆည်းပြီးမှ ထူးခြားသောပညာကို အံ့သြစရာ ထုတ်ဖော်ခဲ့ကြခြင်းဖြစ်ပေမည်။

သို့သော် ထိုသို့သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံအောင် နှစ်ပေါင်းများစွာ ကြိုးစားအားထုတ်ခြင်းမရှိဘဲ တကယ့်သူတော်စင်ပညာရှင်ကြီးများ၏ ပုံစံကိုယူ၍ ဟန်ပုန်မင်မောင်းနှင့် လိမ်ညာတောင်းနေသူတို့လည်း ရှိနေသည်ကို သတိထားသင့်သည်။

အဆင်အခြင်မရှိ ယုံလွယ်လျှင် ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ ငွေပေးပြီး အလိမ်အညာခံနေကြရသည်။

ကျွန်တော် အရွယ်ရောက်စတွင် ကျွန်တော်နှင့်အစ်ကိုကြီးလို ခင်မင်ရင်းနှီးသော ဗေဒင်ဆရာတစ်ယောက်ရှိသည်။

သူ့ထံမှ ဗေဒင်ပညာကို ကျွန်တော်က သင်ယူချင်သောအခါ သူက လူတိုင်းယုံကြည်သွားစေမည့် လိမ်ညာနည်းကို အရင်သင်ပေးပါသည်။

လူတိုင်းအတွက် အများအားဖြင့်(ယေဘုယျ)မှန်တဲ့အချက်တွေရှိတယ်ကွ၊ ငါ့ကိုလဲ ဆရာတစ်ယောက်က ပြောပြတာကွ၊ အရင်ဆုံး အဲဒီအချက်တွေကို ဟောလိုက်ရင် သဘောကျသွားတာချည်းပဲ၊ မှန်တယ်လို့ လက်ခံသွားကြတာချည်းပဲ၊ အဲဒါတွေကို ငါရေးပေးမယ်ဟုပြော၍ သူက ချရေးပြပါသည်။

"ဒီဇာတာရှင်ဟာ ငယ်ငယ်ကချူချာမယ်၊ ဆယ်နှစ်အတွင်းမှာ သေလောက်အောင်ဖြစ်ခဲ့ဖူးမယ်၊ မသေရင် အသက်ရှည်မယ်"

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းလိုပင်မှန်သည်ဟု ပြောကြကြောင်း၊ ဆယ်နှစ်အတွင်းမှာ နနယ်သောကလေးအရွယ်ဖြစ်၍ ကျွန်းမာရေးချူချာတတ်ကြောင်း၊ ဆယ်နှစ်အတွင်းမှာ မသေလျှင် အသက်ရှည်မည်ဆိုသည်ကိုလည်း၊ ဟောချိန်မှာ ဆယ်နှစ်ကျော်နေပြီဖြစ်၍ သဘောကျတတ်ကြောင်း ရှင်းပြသည်။

နောက်တစ်ချက်မှာ ...

"ဒီဇာတာရှင်ဟာ သူများကို သနားတတ်တယ်၊ သူငယ်ချင်းတွေကို ယုံလွယ်လို့ သူငယ်ချင်းတွေရဲ့ဒဏ်ကို ခံရတတ်တယ်"

လူတစ်ရာမှာ တစ်ရာကပင် မှန်လိုက်တာဆရာဟု ထအော်တတ်ကြောင်း ရှင်းပြသည်။

"ဒီဇာတာရှင်ဟာ မလုပ်ချင်နေရော၊ လုပ်ရင်တော့ ကိုယ့်အားကိုယ်ကိုးပြီး မဖြစ်မနေကြိုးစားပြီး လုပ်တတ်တယ်"

ထိုအချက်ကိုလည်း ငြင်းသူမရှိ၊ ပျော်းကပင် မှန်သည်ဟု သူ့ဘာသာ ထင်၍ ကျေနပ်နေသည်။

"အင်း .. ဘယ်လိုမှ မအောက်မေ့နဲ့နော်၊ ဇာတာရှင်ဟာ မွေးနံနဲ့ ဂြိုလ်သက်တို့ အနေအထားအရ ဆန့်ကျင်ဘက်လိုင်ကို စိတ်ဝင်စားလိမ့်မယ်"

"ဟာ .. မှန်လိုက်တာဆရာ" ဟု အဟောခံရသူက ရယ်မောဝန်ခံလိမ့်မည်။ အမှန်စင်စစ် ဆန့်ကျင်ဘက်လိုင်ကို စိတ်မဝင်စားသူဟူ၍ မရှိပါ။

"ခင်ဗျားကိုတစ်ခုတော့ သတိပေးထားမယ်၊ ခင်ဗျားက စိတ်ရင်းသိပ်ကောင်းတယ်၊ ငွေချေးတာမျိုး မလုပ်ပါနဲ့၊ ပြန်မရတတ်ဘူး"

အဟောခံသူက ခေါင်းညိတ်ပြသည်။ စိတ်ရင်းသိပ်ကောင်းသည်ဟု ပြောသည်ကိုလည်း၊ "သိပ်မှန်တယ်"ဟု ကျေနပ်နေသည်။

"ဒီဇာတာရှင်ဟာ ကိုယ်က မမှန်တာမလုပ်သလို သူများလုပ်ရင်လဲ မဟုတ်မခံ စိတ်ကြီးလွန်းတယ်၊ သတိထားပါ"

လူတိုင်း ခေါင်းညိတ်လက်ခံသည်။ ကိုယ့်ကိုယ်ကို မဟုတ်မခံလူမှန်ဖြစ်ချင်သည်။



"စီးပွားရေးကတော့ ..."

ကားနဲ့လာသလား .. ကစပြီး ဝတ်ဆင်ထားသည်ကိုကြည့်ပြီး လိုက်လျောညီအောင် ဟော၍ရသည်။

ယေဘုယျအားဖြင့် လူအများစုကို ဟောနိုင်သည်မှာ ..

"စီးပွားရေးကတော့ ရရစားစားပဲ၊ ငွေကြေးအဖတ်တင်မှာ မဟုတ်သေးဘူး"

ခေါင်းညိတ်သည်က များပါသည်။

"ခင်ဗျားကို ကျွန်တော်မေးမယ်၊ မှန်တဲ့အတိုင်းပြော၊ ခင်ဗျား ငယ်ချစ်ဦးနဲ့လွဲခဲ့ရမယ် ဟုတ်လား"

လူ(၁၀၀)မှာ(၉၉)ယောက် လွဲဘူးပါသည်။ တစ်ယောက်နှင့်ချစ်ပြီး ထိုတစ်ယောက်နှင့်ပင် အိမ်ထောင်ကျသည်မှာ (၁၀၀)မှာတစ်ယောက်ရှားလိမ့်မည်။

ဝန်မခံလျှင်ပင် မငြင်းဘဲနေကြလိမ့်မည်။

"မိဘကံကောင်းပါတယ်၊ မိဘကောင်းရခဲ့တယ်"

မိဘတိုင်း သားသမီးအပေါ် ကောင်းကြသည်။

ကျွန်တော့်ကို ရေးပေးသည်မှာ အချက်(၂၀)ခန့်ရှိပါသည်။ မည်သူ့ကိုပြောပြော ယေဘုယျအားဖြင့်မှန်သည်ဟု လက်ခံမည့်အချက်များ ဖြစ်ပါသည်။

ထိုအချက်များပြီးလျှင် ငါးဆယ် .. ငါးဆယ်ခွန့်ရမည် ဟောပြောချက်ကို ဆုတ်သာတတ်သာ ဟောပြောလိုက်သည်။

"ခင်ဗျား အလုပ်အကိုင်နဲ့ပတ်သက်လို့ အထက်လူကြီးရဲ့ငြူစူတာ ခံနေရတယ်"

"ဟုတ်တယ်ဆရာ .."ဟုပြောလျှင် အများကြီးဆက်ပြော၍ရပြီ။ ယတြာ၊ ခေတ်ရိုက်ခေတ်ဆင်အတွက် ဆက်ခွဲသွားနိုင်သည်။

"မဟုတ်ပါဘူး၊ ကျွန်တော့်အထက်လူကြီးနဲ့ ကျွန်တော် အဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်'' ဟုပြောလျှင် ..

''ဒါဆိုလဲ သတိတော့ထားပါ၊ သူတစ်ပါးတွန်းတိုက်လို့ လူကြီးအထင်လွဲတာ ခံရတတ်တယ်''

ကိုယ်ကတွက်ချက်ပြီး တွေ့မြင်ထားပုံမျိုးနှင့် သတိပေး၍ ရသေးသည်။

လူအခြေအနေကြည့်လျှင် လုပ်သမှုအောင်မြင်သူ၊ စီးပွားရေးဟန်ကျနေသူများသည် ပြောရာဆိုရာမှာ လေသံသွက်နေတတ်သည်။ ဟန်ပန်အမူအရာ တက်တက်ကြွကြွ ဖြစ်နေတတ်သည်။ မဟုတ်လျှင် လေသံပေါ့သည်။ လှုပ်ရှားဟန် လေးလံထိုင်းမှိုင်းသည်။

''ခုတလော လုပ်သမှု အဆင်မပြေဖြစ်နေလိမ့်မယ်''

ဝန်ခံလျှင် အများကြီးဆက်ဟော၍ရသည်။ ယတြာအထိ ဆွဲသွားသည်။

နောက်ထပ် စွန့်စားခန်းတစ်ခု လုပ်ကြည့်ပြန်သည်။

''ခင်ဗျားတို့အိမ်ရဲ့ အရှေ့တောင်ထောင့်မှာ သစ်ပင်အိုကြီး တစ်ပင်ရှိရမယ်''

တိုက်တိုက်ဆိုင်ဆိုင်ရှိနေလျှင် ကိုယ့်ကို သိပ်အထင်ကြီးသွားပြီး ဆက်ဟောသမျှမှန်သည်ဟု လက်ခံတော့မည်။ ထိုအခါ ရှေ့မှဖြစ်မည်တို့ကို အဟောခံရသူကျေနပ်အောင် ပြော၍ရပြီး ဟောသမျှယုံတော့မည်။

''သစ်ပင်အိုကြီးမရှိ'' ဟုဆိုလျှင်

''အိမ်အိုကြီးတစ်အိမ်ရော .. မရှိဘူးလား'' ဟု ပြောင်းမေးသည်။

''ရှိသည်''ဆိုလျှင် အတူတူပဲပြော၍ ဆက်ဟောနိုင်သည်။

မရှိဟုဆိုလျှင်

ခုနစ်အိမ်အတွင်းမှာ စဉ်းစားကြည့်ရန်ပြောသည်။ ခုနစ်အိမ်အတွင်းမှာဆိုလျှင် ရှိနိုင်ပါသည်။ အသင့်အတင့်ဟောင်းသော အိမ်ရှိလျှင်ပင် ဟောသူဆရာကိုအားနာ၍ ရှိလိုက်ကြပါသည်။

ကျွန်တော် တက္ကသိုလ်နောက်ဆုံးနှစ်တွင် အလွန်မှန်လှသည်ဟု ကျော်ကြားနေသော ဟောပြောသူတစ်ဦးထံသို့ ကျွန်တော့်အသိမိတ်ဆွေ လင်မယားနှစ်ယောက်က ခေါ်သွားကြသည်။



ကျွန်တော် တက္ကသိုလ်ကျောင်းသားဖြစ်ကြောင်း၊ နောက်ဆုံးနှစ်စာမေးပွဲ ဖြေဆိုမည့်သူဖြစ်ကြောင်း၊ မိတ်ဆွေလင်မယားက ပြောကြသည်။

ဆရာက တွက်ချက်ကြည့်သည်။

''စာမေးပွဲကျလိမ့်မည်'' ဟု ဟောသည်။

စာမေးပွဲမဖြေမီ လာမေးခြင်းဖြစ်၍ စာမေးပွဲကျမှာကြောက်နေသူဟု မှန်းဆပြီး ဟောဟန်တူပါသည်။

စာမေးပွဲ မည်သို့မျှမကျနိုင်ကြောင်း၊ ကျွန်တော်က အနိုင်အမာ ပြောလိုက်သည်။

''ဒီလိုဆိုရင် ခင်ဗျားမှာ ချစ်သူရှိလား'' ဟုမေးသည်။

ကျွန်တော်ရှိကြောင်းပြောတော့ ...

''ချစ်သူနဲ့ အဆင်မပြေကြဘူး မဟုတ်လား'' ဟုမေးပါသည်။

ဗေဒင်ဟောကြသူများမှာ တစ်ခုခုအဆင်မပြေ စိတ်သောကရောက်၍သာ မေးသည်ထင်ဟန်တူပါ၏။

''မဟုတ်ပါဘူး၊ အဆင်ပြေပါတယ်''

ကျွန်တော်က ပြန်ဖြေသည်။ သူက တွက်ချက်ကြည့်ပြန်သည်။

''ခင်ဗျားမိန်းကလေးမှာ ကိုယ်ဝန်ရှိနေတယ်''

''ဟာ .. မဟုတ်ပါဘူး၊ ကျွန်တော်တို့ အနေအထိုင် စည်းကမ်းရှိပါတယ်၊ အဲဒီလို မဟုတ်ပါဘူး''

သူပြောသမျှ မှားချည်းနေ၍ မကျေမနပ်ထပ်တွက်နေပြန်သည်။ ထပ်မှားဦးမည်ကို ကျွန်တော်ကသိနေသည်။

''ကျေနပ်ပါပြီ ဆရာ၊ ကျွန်တော်က ဒီ ကျွန်တော့်မိတ်ဆွေတွေနဲ့ ကြုံလို့လိုက်လာတာပါ၊ ရပါပြီ''

သူဆက်ပြောမှာကိုစိုး၍ တားသော်လည်းမရ။

www.burmeseclassic.com

www.burmeseclassic.com



"အင်း .. ကျွန်တော်တွက်လို့ရတဲ့အတိုင်းဆိုရင် ခင်ဗျားချစ်သူနဲ့ အဆင်မပြေဖြစ်ပြီး ကွဲဦးမယ်ဗျ"

ဆရာရမ်းနေပါပြီ။

"ဟုတ်ကဲ့ပါဆရာ .. ကျွန်တော် မှတ်ထားပါ့မယ်၊ ဒါပေမဲ့ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် နားလည်ကြပါတယ်ဆရာ"

ကျွန်တော့်မှာ အတော်စိတ်ညစ်ပြီး ပြန်လာခဲ့ရပါသည်။

ကျွန်တော့်ကို ဗေဒင်သင်ပေးချင်သူက ပြောပါသည်။ သူကလဲ ကိုယ်ဟောပြောတာ ယုံသွားပြီးတဲ့နောက်မှာ သူ့ကို အန္တရာယ်ဖြစ်မဲ့ကိစ္စတစ်ခု ခြောက်လှန့်ပေးလိုက် မှန်တယ်လဲထင်ရမယ့် ဟောပြောချက်မျိုးပေါ့၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ရာထူးတိုး၊ ရာထူးပြောင်းပေါ့။

အဲဒီကိစ္စသာ သူ့ခေါင်းထဲမှာ အရေးတကြီးမှတ်သွားပြီဆိုရင် ဓာတ်ရိုက်ဓာတ်ဆင် ယတြာလုပ်နိုင်းတော့တာပဲ။ ဗေဒင်ဟောတာက သိပ်ရတာမဟုတ်ဘူးကွ။ ဓာတ်ရိုက်ဓာတ်ဆင် ယတြာချေတာကမှရတာ၊ ယုံရင်နှံ့နေအောင်တောင်းလို့ရတယ်။ ဆေးဖယောင်းတိုင်တို့ ရွှေပြားမှာ အင်းချပေးရတာတို့၊ အဆောင်အဖြစ်နဲ့ ဘုရား၊ ရဟန္တာထုပေးရတာတို့ဆိုရင် ကောင်းကောင်းချော်မှတ် ဟုဆိုပါသည်။

ထိုကဲ့သို့ ခွင်ဝင်လာအောင် အဟောအပြော အခြောက်အလှန့်တို့ဖြင့် ကျုံးသွင်းယူရသည်။

လုပ်ကိုင်စားနေသူတို့မှာ နောကျေနေကြပြီး များသောအားဖြင့်မှာ သူတို့ယူဆသလိုပင် အိမ်ထောင်ရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ရာထူးတိုး၊ ရာထူးကျကိစ္စများနှင့် ပူပင်သောကရောက်နေကြသူများ ဖြစ်သည်။ သွားကတည်းက ပုံပန်းမျက်နှာနှင့်ဖြစ်လျှင် ဆရာ့အကြိုက်ဖြစ်၍ အဂ်ိရုပ်ကိုကြည့်ပြီး အပိုင်ပြောပါတော့သည်။

ယတြာတွေ ဓာတ်ရိုက်ဓာတ်ဆင်တွေ အစုံအလင် ဝင်သွားပါတော့သည်။



ထိုကဲ့သို့ အလိမ်အညာခံရမှာကြောက်လျှင် တတ်နိုင်သမျှ အမေးအမြန်းရှောင်ပါ။

လူ့လောကတွင် အနိမ့်၊ အမြင့်၊ အတက်၊ အကျ၊ အဆိုး၊ အကောင်းတို့မှာ သဘာဝအတိုင်း ရှိစမြဲဖြစ်ပါသည်။ ယတြာကို အားမကိုးသင့်ပါ။ ရတနာသုံးပါးကိုသာ ကိုးကွယ်ရာအဖြစ် ယုံကြည်စွာ အားထားသင့်ပါသည်။

ကျွန်တော်ရှောင်သည့်ကြားမှပင် လွန်ခဲ့သည့် (၁၀)နှစ်ကျော်က တပည့်တော်မှုးသူတစ်ယောက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီး မမေးရဘဲ တွက်ချက်ဟောပြောပါသည်။

ကောင်းတာတွေ ဟောပါသည်။ အားပေးအားမြှောက်ဖြစ်၍ အားတက်စရာများ ကြားနေရပါသည်။

ကောင်းသည်ထက်ကောင်းသော ဘုန်းကံပွင့်လင်းအောင် ကျွန်တော့်နေ့နံနှင့်တွက်ချက်၍ ဘုရားတစ်ဆူ ထုပေးမည်ဟုဆိုသည်။ ထုခမယူ၊ ချရန်ရွှေဖိုးသာယူမည်ဟု ဆိုသည်။ ထုလုပ်ရမည့် လ၊ ရက်၊ အချိန်တို့ကိုပါ တွက်ချက်ပေးသည်။ သူကိုယ်တိုင် အဓိဋ္ဌာန်ဝင် သီလဆောက်တည်ပြီးမှ ထုလုပ်ရမည်ဟုဆိုသည်။ ကျေးဇူးကြီးလှပါသည်။

ကျွန်တော့်ဇနီးက ကုန်ကျစရိတ်နှင့်တကွ သူအဓိဋ္ဌာန်ဝင်မည့်အခါစားသုံးရန်အတွက်ပါ လှူဒါန်းငွေပေးလိုက်သည်။

ထိုအကြောင်းကိုသိသော ကျွန်တော့်ယောက်ဖနှင့် ခယ်မတို့ကလည်း ဘုရားနှစ်ဆူအပ်ကြပြန်သည်။ ကျွန်တော့်ဇနီး၏ သူငယ်ချင်း ဆရာမနှစ်ယောက်ကလည်း သူတို့ခင်ပွန်းများအတွက် ဘုရားနှစ်ဆူအပ်ကြပြန်သည်။

စရိတ်စကအားလုံး စုစုပေါင်း ငွေငါးသောင်းလောက်ယူသွားပြီး ပေါ်မလာဓာတ်ကား ရိုက်သွားပါသည်။ နောက်ထပ် လုံးဝမလာတော့ပါ။

သူပေးသွားသော လိပ်စာများမှာ အမှန်မဟုတ်ပါ။ မြို့နယ်ကတော့ မှန်ပါသည်။ ရန်ကုန်မြို့တော်မှ မြို့နယ်တစ်ခုမှာဖြစ်ပါသည်။ ထိုလူလိမ်လူညာကို အားမနာသော်လည်း သူနေသည်ကို အကြောင်းပြုပြီး မြို့နယ်ကို

www.burmeseclassic.com

www.burmeseclassic.com



မထိခိုက်စေချင်၍ မြို့နယ်အမည်ကို မပြောတော့ပါ။

ရတနာသုံးပါးကိုသာ ကိုးကွယ်ရာဟု အားထားပါသည်ဆိုသော ကြောင့် ရတနာသုံးပါးကို အကြောင်းပြုပြီး လိမ်ညာသွားခြင်းဖြစ်ပါသည်။

အပြောကောင်းတိုင်း မယုံသင့်ပါ။ နေရာဒေသ၊ ဂုဏ်ပုဒ်ဌာန အတိ အကျမရှိ၊ အတိအကျမသိသည်တို့ကို ယုံမှတ်၍ပုံအပ်ခြင်း မပြုသင့်ပါ။

ကိုယ့်မှာဖြစ်နေသည့် အားနည်းချက်များ၊ စိတ်ဆင်းရဲဖွယ်ရာများ အတွက် အားကိုးရာအရှာမှား တစ်ပါးသူအား မျက်ရည်ခံထိုးပြောလျှင် ပိုက်ဆံပေးပြီး အလိမ်အညာခံခြင်း ဖြစ်ပါသည်။

ဆရာသမား၊ မိဘ၊ မိတ်ဆွေတို့နှင့်တိုင်ပင်ပြီး အကောင်းဆုံးဖြစ် အောင် ကြိုးစားသင့်သည်။ ရတနာသုံးပါးကိုသာ အားကိုးရာအဖြစ် ဆည်း ကပ်သင့်ပါသည်။

အချို့မှာ လိမ်ညာသူကို အပြစ်တင်စရာမရှိပါ။ သူ့ဘာသာနေသည် ကို ကိုယ်က တမင်သွားပြီး လိမ်ပါ၊ ညာပါဟု ငွေပေးနိုင်ကြခြင်း ဖြစ်ပါ သည်။

လိမ်ညာဆေးမှ ဝေးကြပါစေ။ လိမ်ညာခံလိုခြင်းမှ ဝေးကြပါစေ။

# မတတ်ဘဲနှင့် အတတ်ဟောဝံ့သည်

ဗေဒင်ဆရာ၊ လက္ခဏာဆရာတို့သည် မိမိအသေအချာ မသိသည်ကို အနိုင်အမာမပြောသင့်ပါ။ အချို့မှာ မိမိကို လူအထင်ကြီးစေရန်အတွက် ဟန်နှင့်ပန်နှင့် အပိုင်အနိုင်သိလေဟန် ပြောတတ်ကြသည်။ အသေအချာ မသိသည်ကို အသေအချာသိလေဟန် အနိုင်အမာ ဟောပြောခြင်းဖြင့် အဟောခံရသူမှာ စိတ်အနှောင့်အယှက်ဖြစ်ရသည်။ ဥပါဒါန်ကြောင့် ဥပဒ် ရောက်ဆိုသကဲ့သို့ လွဲမှားစွာ ယုံမိသော စိတ်ဓါတ်ချောက်ခြားမှုကြောင့် ဒုက္ခ ဖြစ်ရတတ်သည်။

လွန်ခဲ့သောအနှစ်နှစ်ဆယ်ကျော်က ကျွန်တော်နှင့်အိမ်နီးချင်း ကိုမြင့် ကျော်ဆိုသူရှိခဲ့သည်။

ကိုမြင့်ကျော်သည် ဗေဒင်လက္ခဏာကို သိပ်ဝါသနာပါသည်။ နာမည် ထွက်လာသူမှန်သမျှကို လိုက်မေးသည်။ မေးပြီးလျှင်လည်း သိပ်မှန်သည် ဟု ယုံကြည်သဘောကျနေတတ်သည်။ ဗေဒင်လက္ခဏာ မေးပါများလာပြီး နောက် စာအုပ်အချို့ကို လေ့လာမှတ်မှတ်၍ ဟိုလူ့ဟောလိုက် သည်လူ့ ဟောလိုက်နှင့်စတင်သည်။ အသေအချာမသိပါဘဲလျက် အတတ်ဟော၊ အပိုင်ဟော၊ အနိုင်အမာပြောလာသည်။ ထိုသို့ပြောခြင်းဖြင့် အဟောခံရသူ များ၏ အထင်ကြီးခံရအောင်၊ အဟောခံရသူများ ပို၍ယုံသွားအောင် ပြုခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် အတူစကားပြောနေကြရင်းနှင့် ကိုမြင့်ကျော်က ကျွန်တော့် လက္ခဏာကို ကြည့်ချင်သည်ဆို၍ ပြပါသည်။ မကောင်းသည်ကို တစ်ခု မျှမဟောရန်၊ ကောင်းသည်ကိုသာဟောရန် ကြိုပြောထားပါသည်။ မကောင်းသည်ကိုဟောလျှင် ယုံကြည်စိတ်ဥပါဒန်ကြောင့် ဥပါဒ်ရောက်မှာ စိုး၍ဖြစ်ပါသည်။ ကောင်းသည်ကို ယုံကြည်စိတ်ဖြစ်၍ ကောင်းကျိုးရှိလျှင် အမြတ်ရပါသည်။

သူက လျှောက်ဟောပါသည်။ ကျွန်တော်ကြိုပြောထား၍ ကောင်းတာ တွေချည်းဟောပါသည်။

"စာရေးဆရာ ဖြစ်နိုင်မလား။ ကြည့်ပေးစမ်းပါ"

ကျွန်တော်က၊ ကိုယ်ဖြစ်ချင်သည်ကို မေးလိုက်သည်။ ထိုအချိန်က စာရေးခြင်းကို စတင်ကြိုးပမ်းနေသောကာလ ဖြစ်သည်။

"မဖြစ်နိုင်ဘူး" ဟု သူက ဖြေသည်။

"နည်းနည်းပါးပါး ထပ်ကြည့်ဦး။ ကျွန်တော် သိပ်ဖြစ်ချင်လို့ပါ၊ ကြိုးစား ရင် မဖြစ်နိုင်ဘူးလား"

ကျွန်တော်က ထပ်မေးကြည့်သည်။ တောင်းဆိုသော သဘောပင် ပါသည်။

သူက အသေအချာပြန်ကြည့်ပြီး အနိုင်အမာထပ်ဟောပါသည်။

"လုံးဝ မဖြစ်နိုင်ဘူး။ ခင်ဗျားမှာ အနုပညာနဲ့ ပတ်သက်လို့ သောကြာ ခါးပတ်လဲမပါဘူး။ သောကြာဂြိုဟ်ခုံကလဲ မကောင်းဘူး"

သူဟောပုံမှာ နိုင်မာပြတ်သားလွန်း၍ စိတ်ဓာတ်ပင်ကျသွားမိသည်။ ကိုယ့်လက္ခဏာကိုလည်း မကျေမနပ်ဖြစ်ရသည်။

ကိုယ်မရချင်သော အဆိုးစိတ်အစွဲအလမ်းကို ကိုယ့်မေးခွန်းနှင့်ကိုယ် ပြန်ရလိုက်ခြင်းဖြစ်သည်။

ဤကိစ္စကို ခြေဖျက်ချင်၍ ထိုအချိန်က နာမည်ကြီးလက္ခဏာ ဟောပြောသူတစ်ဦး ထပ်မေးရပြန်သည်။ သူကဗ္ဗာနဆိုင်ရာ



အရာရှိကြီးလည်း ဖြစ်သည်။ လူကြီးများကိုပင် ဟောပြောနေရသူဟုဆိုသည်။ ထိုသူနှင့် ကျွန်တော်မှ ..ခင်မင်ရင်းနှီးသူများ ဖြစ်ကြပါသည်။

"ကျွန်တော့်ကို တစ်ချက်ပဲဟောဗျာ၊ ကျန်တာတွေ ဘာမှမသိချင်ဘူး။ ကျွန်တော်ဆရေးဆရာဖြစ်ချင်တယ်၊ အဲဒါ ဖြစ်နိုင်၊ မဖြစ်နိုင်ကြည့်ပြီး ဟောစမ်းပါ"

ကျွန်တော်က သူ့ရုံးခန်းကိုသွား၍ လက်ဖြန့်ပြီး အဟောခိုင်းသည်။ သူက သေသေချာချာ စနစ်တကျကြည့်ပါသည်။ လေးထောင့်မှန်ဘီလူးကိုပါ အသုံးချပြီးကြည့်သည်။ ကျွန်တော့်အိမ်နီးချင်း ကိုမြင့်ကျော်ထက် ပစ္စည်း ကရိယာစုံသည်။ ကြည့်ပုံကြည့်နည်းကလည်း ဘက်စုံသည်။ လက်ဝါး ကိုသာမက၊ လက်ဖမိုးကိုလည်း ကြည့်သည်။ ဂြိုလ်ခုံများကိုလည်း ကြည့်သည်။ လက်သည်းများကို ကြည့်သည်။

ကျွန်တော် စိတ်ရှည်ရှည်နှင့် သူ့အဖြေကိုစောင့်စားနေရသည်။ "ဖြစ်နိုင်တယ်" ..ဟောပါစေဟုလည်း ဆုတောင်းနေမိသည်။

သို့သော်သူ..သည်း ပြတ်သားပါသည်။

"လုံးဝမဖြစ်နိုင်ဘူး"ဟု အနိုင်အမာဟောပါသည်။

ကျွန်တော်ပို၍ စိတ်ဓာတ်ကျသွားရသည်။ မျှော်လင့်ချည်မှန်းထားသည် များအားလုံး ပျောက်ကွယ်သွားသလို ခံစားရသည်။

နှစ်ယောက်စလုံးက အနိုင်အမာဟောကြသည်ဆိုတော့ မယုံ၍မရ ယုံရတော့မည်။ "မယုံပါဘူး"ဟု အားတင်း၍ငြင်းလျှင်ပင် စိတ်ဓာတ်က ကျလျက်သားဖြစ်နေသည်။

"မေးမိတာမှားသည်"ဟုလည်း ခံစားရသည်။

ကျွန်တော် စာဆက်မရေးဖြစ်တော့ပါ။ ရေးချင်သည့်စိတ်အားထက် သန်မှုလည်း မရှိတော့ပါ။ "လုံးဝမဖြစ်နိုင်ဘူး"ဆိုသော စကားကြီးကို နားထဲမှာကြားနေရသည်။

သို့သော် ကြာကြာနေ၍မရ၊ စာရေးချင်စိတ်က ဖြစ်လာသည်။ စာရေး

www.burmeseclassic.com

www.burmeseclassic.com



ဆရာဖြစ်ချင်သော ဆန္ဒများက စာရေးရန်တောင်းဆိုလာပြန်သည်။

"ဖြစ်ဖြစ် မဖြစ်ဖြစ် ကိုယ့်ဝါသနာ၊ ကိုယ့်ဆန္ဒအရ အစွမ်းကုန်ကြိုးစားမည်။ သူတို့ပြောတာ ဘုရားဟောမဟုတ်၊ သူတို့ဟာ သာမန်လူတွေပဲ မှားနိုင်တယ်။ သူတို့က ဘယ်လောက်များသိလို့လဲ၊ ငါ့လက္ခဏာမှာ စာရေးဆရာဖြစ်နိုင်တဲ့ သင်္ကေတတွေရှိနေမှာ၊ အဲဒါတွေကို သူတို့မသိလို့နေမှာ၊ ငါ အောင်မြင်ရင် အဲဒါတွေကို သူတို့ကထောက်ပြကြဦးမှာ ...။"

ကိုယ့်ဘာသာကိုယ် အားတင်းစိတ်ဖြင့်တွေး၍ ကျဆင်းနေသောစိတ်ဓာတ်ကို မြှင့်တင်ရသည်။ ကိုယ့်ဝါသနာအလျောက် တစိုက်မတ်မတ်ကြိုးစားရင်း တဖြည်းဖြည်းနှင့် စာရေးခြင်းမှာ အထိုက်အလျောက်ဖြစ်မြောက်လာရသည်။ သူတို့ဟောပြောသည်များကိုလည်း မေ့လျော့သွားပါသည်။

တစ်ရက်တွင် ဒုတိယဟောသူအရာရှိကြီး ကျွန်တော်နှင့်အကြောင်းအားလျော်စွာ ဆုံတွေ့ရာတွင် ...

"ဟော့ ခင်ဗျားလက်ပြစမ်း။ စာပေဆုတွေ ဒီလောက်ရနေတာ ဘယ်လိုလက္ခဏာများပါလို့လဲ"ဟု ပြောပါသည်။

သူဟောခဲ့ဖူးသည်ကို မေ့နေဟန်တူပါသည်။

ကျွန်တော့်လက္ခဏာကို ပြလိုက်ပါသည်။

"ဟာ ... သေချာတာပေါ့၊ ဒါတွေကြောင့်ကိုး ..."

သူက ဝမ်းသာအားရ သင်္ကေတများကို ထောက်ပြပါသည်။

ကျွန်တော်ပြုံးမိပါသည်။

ယခင်က သူ့ကိုလက္ခဏာပြပြီး မေးဖူးသည့်အကြောင်းများနှင့် မဖြစ်နိုင်ကြောင်း၊ သူဟောခဲ့သည်တို့ကို ကျွန်တော်ကပြန်ပြောပြပါသည်။

"ဟာ ... ဒါဆိုရင် အဲဒီတုန်းက ဒီအရေးအကြောင်းတွေက မရှိသေးလို့ ဖြစ်မှာပေါ့။ ခုမှပေါ်လာတာဖြစ်မယ်။ လက္ခဏာက အဲဒီလိုပဲဗျ။ အပြောင်းအလဲရှိတယ်။ တချို့က ဖြစ်တော့မယ်ဆိုမှ ပေါ်လာတာ"

သူက ရှင်းလင်းချက် ထုတ်နေပါသေးသည်။ သူ့ဂုဏ်သိက္ခာကိုငဲ့ပြီး



ကျွန်တော် မငြင်းတော့ပါ။ သို့သော် သူပြောသောအရေးအကြောင်းများသည် သူ ပထမဟောစဉ်ကတည်းက ရှိပါသည်။ နောက်မှ ထူးခြားစွာပေါ်လာသည်များ မဟုတ်ပါ။ ကိုယ်လက်ကို အမြဲမြင်တွေ့နေရ၍ ကိုယ့်ဘာသာသိပါသည်။

အသေအချာမသိဘဲနှင့် သူတို့အခိုင်အမာပြောခဲ့ကြသည်မှာ ကျွန်တော့်အတွက် များစွာစိတ်အနှောင့်အယှက်ဖြစ်ရပါသည်။ ယုံကြည်ချက်များနှင့်ကြိုးစားနေသူမှာ စိတ်ပျက်သွားပါသည်။ နောကမှ ကိုယ့်ဘာသာချေဖျက်ပြီး အရှုံးစိတ်ကိုတွန်းလှန်၍ ပြန်ကြိုးစားရခြင်းဖြစ်သည်။ စိတ်ပျက်အားလျော့လိုက်လျှင် တစ်သက်တာလုံးအတွက် ရှုံးနိမ့်သွားစေနိုင်သော ဟောပြောချက်များဖြစ်ပါသည်။

ကျွန်တော့်ဖနီးဆိုလျှင် ကိုမြင့်ကျော်အဟောကောင်း၍ ရေကြောင်းခရီးမသွားဝံ့တော့ပါ။

"ရေကြောင်းခရီးသွားလျှင် ရေနစ်သေကိန်းရှိသည်"ဟု အတည်ပေါက်နှင့် အပီဟောထားသောကြောင့် ဖြစ်သည်။

မလှိုင်သာမရောင်သာ၍ မိသားစုနှင့်အတူ သင်္ဘောခရီးသွားရသည့်တွင် အလွန်လှသည့် မြစ်ကမ်းဝဲယာရှုခင်းများကို သူဘာမျှ မခံစားရတော့ပါ။ မိသားစု အတူသွားရသည်ကိုလည်း ကြည်နူးစရာအဖြစ် မခံစားရတော့ပါ။ သင်္ဘောပေါ်ရောက်သည်နှင့် ဘုရားစာရွတ်၊ ပုတီးစိပ်၊ ကြောက်ရွံ့စိုးရိမ်စွာလိုက်ပါလာရသည်။ သင်္ဘောပေါ်ကဆင်းမှ သက်ပြင်းချနိုင်သည်။

ကိုမြင့်ကျော်၏ ဟောပြောချက်သည် ကျွန်တော့်ဖနီးသာ နစ်နာသည်မဟုတ်။ ကျွန်တော်တို့မိသားစုပါ ဆုံးရှုံးခြင်းဖြစ်သည်။ ရေလမ်းခရီး၏သာယာလှပမှုကို မိသားစုနှင့်အတူတကွ ခံစားနိုင်ခွင့်မရတော့ပါ။

ဗေဒင်ပညာကို မလေးမစားမရှိသော်လည်း သိယောင်ကားတတ်ယောင်ကားနှင့် မသေချာသည်များကို အသေအချာ အပိုင်အနိုင်ဟောသူများမှာ သူတစ်ပါးကို စိတ်ဓာတ်ရေးရာအရ နစ်နာစေ၍ အကျိုးယုတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ဖြီးဖျန်းလိမ်ညာသူများကြောင့်လည်း ဗေဒင်ပညာလက္ခဏာကို အထင်သေးစရာဖြစ်စေပါသည်။

အဖြီးအဖျန်းဆရာတို့၏ ဟန်ပါပါစတိုင်များ၌ ညာဝါးလိမ်လည်သော ဘေးမှ ကင်းဝေးအောင်နေနိုင်ကြပါစေ။

■

# အလိမ်ခံချင်ကြသူများ

စစ်မှန်သောပညာဖြင့်မဟုတ်ဘဲ အလိမ်အညာတို့ဖြင့် ကြောက်အောင် ခြောက်၊ မြှောက်အောင်မြှောက်ပြီး ဓာတ်ရိုက်၊ ဓာတ်ဆင်ငွေဝင်ကောင်းအောင် လိမ်ညာစားသူများရှိသကဲ့သို့ အကြားအမြင်ယောင်ယောင်၊ ဘိုးတော်ယောင်ယောင် လူလိမ်လူညာများလည်း ရှိပါသည်။

ထိုသူများသည် လူတို့၏ ယုံလွယ်တတ်သောအားနည်းမှုကို အခွင့်ကောင်းယူ၍ လူအထင်ကြီးလောက်အောင် တစ်ကွက်ကောင်းတစ်ချက်ကောင်း ပညာပြတတ်သည် မိုင်ပြီဆိုသည်နှင့် အချိုကြီးရအောင် လိမ်ညာပါတော့သည်။

ပညာတတ်ဘွဲ့ရသူများဖင် ကျေနပ်အားရစွာ အလိမ်အညာခံနေကြသည်များကို တွေ့ရ၏။

ကျွန်တော့်အိမ်နီးချင်း ကိုမြင့်ကျော်သည်လည်း ထိုအထဲမှာပါသည်။ သူသည် ဘွဲ့ရပြီး၍ ဌာနကြီးတစ်ခုတွင် ဂိုဒေါင်မှူးအဖြစ် အရေးပါသော တာဝန်ကို ယူထားရသူလည်းဖြစ်သည်။ သူ့အချိန်သူ့အခါအလျောက် ဝင်ငွေကောင်းသောအလုပ် ဖြစ်ပါသည်။

ကိုမြင့်ကျော်သည် ဗေဒင်လက္ခဏာကို သိပ်ဝါသနာပါ၍ ကျွန်တော်နှင့် မိသားစုကို မမေးရဘဲ ဗေဒင်လက္ခဏာ အတင်းဟောလေ့ရှိသူဖြစ်သည်။

သူသည် အကြားအမြင်ရသူများ၊ ဘိုးတော်ဆိုသူများကိုလည်း အလွန်ယုံကြည်သူဖြစ်သည်၊ သတင်းကြားသည်နှင့် ရောက်အောင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သွားပြီးပြန်လာတိုင်းလည်း တအံ့တဩ ယုံကြည်လာသည်။ သူများလည်း ယုံကြည်အောင် သတင်းဖြန့်ဝေသည်။ ဘယ်ပုဂ္ဂိုလ်ကတော့ ဘယ်လောက်အထိ အကြားအမြင်ရသူဖြစ်သည်။ ဘယ်သူကတော့ ဘယ်အဆင့်အထိ ရောက်နေသော ဘိုးတော်ဖြစ်သည်တို့ကို အားပါးတရ ပြောပြတတ်သည်။

အကြိမ်ကြိမ်သွားရင်းလာရင်းနှင့် ဘိုးတော်များနှင့်လည်း ရင်းနှီးသူဖြစ်လာသည်။

တစ်နေ့တွင် ထိုအချိန်ကနာမည်ကြီးဖြစ်သော ဘိုးတော်တစ်ဦးက လာတွေ့ရန် သူ့ကိုမှာထားကြောင်း ကျွန်တော့်ကိုပြောပြသည်။

ကျွန်တော်က ယုံလည်းမယုံ စိတ်လည်းမဝင်စား၍ သူ့ကိုဘာမျှပြန်မပြောပါ။

ဘိုးတော်က အချိန်အတိအကျနှင့်ချိန်းခြင်းဖြစ်သည်။ ထိုရက်၊ ထိုအချိန်အတိုင်း သူရောက်အောင်သွားသည်။

ပြန်လာသောအခါ ကျွန်တော့်အိမ်ရောက်လာပြီး သိပ်ထူးဆန်းကြောင်း သိပ်အံ့ဩစရာကောင်းကြောင်း၊ တကယ် တန်ခိုးဣဒ္ဓိပါတ်ရှိသူဖြစ်ကြောင်း သူတွေ့ကြုံခဲ့ရသည်များကို ပြန်ပြောပြသည်။

ထိုပုဂ္ဂိုလ်ကြီး တင်ပျဉ်ခွေထိုင်နေသောရှေ့မှာ စားပွဲလေးအပုလေးတစ်လုံးရှိသည်။ ထိုစားပွဲပေါ်မှာ စာရွက်သေးသေးရှည်ရှည်လေးတစ်ခုကိုယူ၍ ဘောပင်နှင့်စာရေးသည်။

ကိုမြင့်ကျော်ရှေ့မှာ ရေးခြင်းဖြစ်သည်။ သို့သော် ဘာရေးသည်ကို ကိုမြင့်ကျော်မမြင်ရ။ ပုဂ္ဂိုလ်ကြီးရေးပြီးသည်နှင့် စာပွဲလေးမှ အံဆွဲကိုဖွင့်ပြီး ထိုစာရွက်ရှည်လေးကိုထည့်၍ အံဆွဲပြန်ပိတ်လိုက်သည်။

ထိုစားပွဲပေါ်မှာပင် တစ်နှစ်သုံးလေးဂဏန်းများကို တန်းစီ၍ ကိုးအထိရေးထားသည်။

"ကဲ .. ကိုမြင့်ကျော် ဒီဂဏန်းတွေထဲက ကြိုက်ရာကိုရွေးပေတော့" ဟု ပုဂ္ဂိုလ်ကြီးက ခိုင်းသည်။



ကိုမြင့်ကျော်က ဂဏန်းများကိုရှောက်ကြည့်ပြီးမှ အမှတ်မထင် ခုနှစ်ဂဏန်းကိုရွေးချယ်၍ ထောက်ပြလိုက်သည်။

ခုနှစ်ဂဏန်းကို ရွေးထားတာသေချာပြီလား။

ပုဂ္ဂိုလ်ကြီးက ထပ်မေးသည်။

ကိုမြင့်ကျော်က သေချာကြောင်းဖြေသည်။

ပုဂ္ဂိုလ်ကြီးက စားပွဲလေး၏ အံဆွဲကိုဖွင့်ပြီး စာရွက်ရှည်လေးကိုထုတ်ယူလိုက်သည်။

"ရော့ .. ဖတ်ကြည့်ပေတော့"

ကိုမြင့်ကျော်ကို ပေးလိုက်သည်။

စာရွက်အရှည်လေးပေါ်မှာ ရေးထားသောစာများကို ကိုမြင့်ကျော်ဖတ်ကြည့်ပြီး တအံ့တဩဖြစ်နေပါတော့သည်။

ကိုမြင့်ကျော် ခုနှစ်ဂဏန်း ရွေးလိမ့်မည်ဆိုသည်ကို ကြိုတင်ဟောကိန်းထုတ်ထားသည်ဟု ရေးထားခြင်းဖြစ်သည်။

စောစောကပင် ဤစာရွက်ရှည်လေးမှာ စာရေးပြီး အံဆွဲထဲသို့ ကိုယ့်မျက်စိရှေ့တွင် ထည့်လိုက်ခြင်းဖြစ်၍ ကိုမြင့်ကျော် အံ့ဩမဆုံးဖြစ်နေရသည်။

ဤပုဂ္ဂိုလ်ကြီးသည် သူရွေးမည့်ဂဏန်း ကြိုသိနေခဲ့သည်။

ဤပုဂ္ဂိုလ်ကြီး စာရွက်ကလေးပေါ်မှာ ကြိုတင်ဟောကိန်းရေးနေစဉ်က ဘယ်ဂဏန်းရွေးမည်ဆိုသည်ကို သူ့စိတ်ထဲမှာပင် မရှိသေး။

"ဘယ်လိုလုပ်ပြီးတော့များ ကြိုတင်သိပါလိမ့်" ထူးဆန်းလိုက်တာ။

ကိုမြင့်ကျော်မှာ လက်ထဲမှ စာရွက်ကလေးကို ကြည့်ပြီး ပုဂ္ဂိုလ်ကြီးကို လေးစားမဆုံး။ ကြည်ညိုမဆုံးဖြစ်နေရသည်။

"တကယ်တော့ ခုနှစ်ဂဏန်းဟာ ကိုမြင့်ကျော်အတွက် မကောင်းပါဘူး။ မွေးသောက၊ အင်းဝရာဇာဆိုတဲ့အတိုင်း ခုနှစ်ဂဏန်းဟာ ကိုမြင့်ကျော်နဲ့ ရန်ဘက်ဖြစ်တယ်။ ကိုမြင့်ကျော်အတွက် အန္တရာယ်ရှိတယ်။ လက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ရာထူးကပြုတ်ပြီး ဒုက္ခရောက်မယ်လို့ အပေါက်ထွက်နေတယ်''

ကိုမြင့်ကျော် စိုးရွံ့တုန်လှုပ်ဖြစ်ရပြီ။ လက်ရှိရာထူးနေရာမှာ ကိုမြင့်ကျော်အတွက် အစစအရာရာ အဆင်ပြေသည်။ အရာရှိများပင် ကိုမြင့်ကျော်ကို မျက်နှာချိုသွေးနေရသည်။ သို့သော် အန္တရာယ်ရှိသော လုပ်ငန်းတာဝန်လည်းဖြစ်သည်။ ဘာကြောင့် ပြုတ်ရမှာပါလိမ့်၊ ကိုမြင့်ကျော် စိုးရိမ်သောကကြီးစွာဖြစ်ရပြီ။

''ကျွန်တော့်ကို ဒုက္ခမရောက်အောင် ကယ်တင်ပေးပါဦးဆရာကြီး။ ကျွန်တော် တောင်းပန်ပါတယ်''

''လုပ်ပေးမှာပေ့ါ လုပ်ပေးချင်လို့ တမင်ခေါ်ပြီး ခုလို ဒိဋ္ဌမှုပြရတာပဲ''

ပုဏ္ဏားကြီးက ကြီးမားသောကရုဏာနှင့် ပြောဆိုနေသည်။

''ကျေးဇူးမမေ့ပါဘူး ဆရာကြီးရယ်၊ ကျွန်တော့်ကို အန္တရာယ် ကင်းအောင် လုပ်ပေးပါ''

''ကိုမြင့်ကျော် ပွဲတိုးရမယ်''

''တိုးပါ့မယ်''

''အားလုံး သုံးသောင်းလောက်ကုန်မယ်''

''ကုန်ပါစေ ဆရာကြီးရယ်၊ လုပ်ပါ့မယ်''

ထိုငွေဖြင့် ပွဲများတိုးရမည်။ ဓာတ်ရိုက်ဓာတ်ဆင်နှင့် ယတြာအစီ အစဉ်များကို ပုဏ္ဏားကြီးကိုယ်တိုင် လုပ်ပေးမည်။ ပုဏ္ဏားကြီးကိုယ်တိုင် ဂါထာများရွတ်ဖတ်ပြီး ကိုမြင့်ကျော်ကို မေတ္တာပို့ပေးရမည်။

ထိုအချိန်က ငွေသုံးသောင်းမှာ နည်းသည့်ငွေမဟုတ်။ သို့သော် ကိုမြင့်ကျော်က ထိုပုဏ္ဏားကြီးကို တရိုတသေသွားပို့ပေးရသည်။

ပုဏ္ဏားကြီးက ငွေရပြီးသည်နှင့် သူ့အားလုံးတာဝန်ယူသည်။

ကိုမြင့်ကျော် ဘာမှုမဖြစ်နိုင်တော့ပါ။ အန္တရာယ်အားလုံး လွတ်ကင်း သွားပြီဟု အာမခံတာခံလိုက်သည်။

ကိုမြင့်ကျော် ဝမ်းသာမဆုံးဖြစ်ပြီး ကျွန်တော့်အိမ်ရောက်လာ၍



ထိုအကြောင်းများကို ပြောပြသည်။

''သိပ်မှန်တဲ့ ပုဏ္ဏားကြီးပဲဗျာ။ ကျွန်တော့်ကို သားလိုချစ်လို့ ကူညီတာဗျ။ ငွေသုံးသောင်းကုန်တာ ကိစ္စမရှိပါဘူးဗျာ၊ လက်ရှိအလုပ်မှာမြဲဖို့ပဲ လိုပါတယ်''

ကိုမြင့်ကျော်ပြန်သွားပြီး သူပြောသည်များကို အသေအချာ စဉ်းစား ရင်းနှင့် ငယ်စဉ်က သူငယ်ချင်းများနှင့် ဆော့ကစားကြသည်ကို သတိရ လာသည်။

နောက်တစ်နေ့တွင် ကျွန်တော်ခေါ်၍ ကိုမြင့်ကျော် အိမ်ရောက် လာသည်။

''ဘယ်လိုလဲကိုမြင့်ကျော် ခင်ဗျားကြိုက်တဲ့ဂဏန်းတစ်လုံးကို ရွေး လိုက်ပါ''

ကျွန်တော်က ကျွန်တော့်ရှေ့မှ စားပွဲပေါ်ရှိ တစ်မှကိုးအထိတန်းစီထား သော ဂဏန်းများကိုပြသည်။

''ဟာ ‥ လုပ်ပြန်ပြီလား။ ခင်ဗျားက ခင်ဗျားမှာ ဘာတန်ခိုးရှိလို့လဲ''

''ကျွန်တော့်မှာ ဘာတန်ခိုးမှမရှိပါဘူး။ ဒါပေမဲ့ ဒီမှာကြည့် ‥''

သူ့ ပြောသာပုဏ္ဏားကြီးလို စာရွက်ရှည်ရှည်လေးတစ်ရွက်မှာ ဘောပင် နှင့်စာရေး၍ အံဆွဲထဲဖွင့်ထည့်ပြီး ပြန်ပိတ်ထားလိုက်သည်။

''ကဲ ‥ ကိုမြင့်ကျော် ကြိုက်ရာဂဏန်းတစ်လုံးကို ရွေးလိုက်ပါ''

ကိုမြင့်ကျော် မရွေးဘဲရယ်နေသည်။ ကျွန်တော်နောက်သည်ဟု ထင်နေသည်။

''ရွေးလိုက်ပါ'' ကျွန်တော်အတင်းခိုင်း၍ ကိုမြင့်ကျော်ရယ်ရင်းနှင့် တစ်ဂဏန်းကို ရွေးလိုက်သည်။

ကျွန်တော် အံဆွဲကိုဖွင့်ပြီး စာရွက်အရှည်လေးယူ၍ ကိုမြင့်ကျော်ကို ပေးလိုက်သည်။

ကိုမြင့်ကျော်ယူပြီး ဖတ်ကြည့်သည်။ သူ့မျက်နှာပေါ်တွင် အံ့သြ နေသည်ကို မြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟ .. တယ်ဟုတ်ပါလား၊ ခင်ဗျားလဲ ဘိုးတော်ပဲလား"

"ဟာ .. မဟုတ်ပါဘူး၊ ကျွန်တော်က ဘိုးတော်လဲမဟုတ်ဘူး၊ လူလိမ်လဲ မဟုတ်ဘူး၊ ခင်ဗျား တစ်ဂဏန်းကိုရွေးမှာ ကျွန်တော်သိထားတယ်၊ အဲဒါဟာ သိပ်ကောင်းတယ်၊ ခင်ဗျားရဲ့ ပုဂ္ဂိုလ်ကြီးပြောတဲ့ အဆိုးတွေအားလုံး ပျောက်သွားပြီ၊ ပေး .. ကျွန်တော့်ကို သုံးထောင်"

ကျွန်တော်က ပုဂ္ဂိုလ်ကြီး၏ ဆယ်ပုံတစ်ပုံသာ တောင်းပါသည်။

ကိုမြင့်ကျော် သံသယစိတ်ဖြင့် စာပွဲအံဆွဲဆီသို့ လှမ်းကြည့်နေသည်။

ကျွန်တော်က သူစိတ်ရှင်းသွားအောင် စားပွဲအံဆွဲကို ဖွင့်ပြလိုက်သည်။

အံဆွဲထဲတွင် စာရွက်အရှည်လေးကိုးခု တန်းစီလျက်ရှိနေပါသည်။ ကိုမြင့်ကျော် တစ်ဂဏန်းကိုရွေးမည်မှစ၍ ကိုမြင့်ကျော် ကိုးဂဏန်းကိုရွေးမည်အထိ ကြိုရေးထားပါသည်။

သူ့ရှေ့မှာ ရေးသောစာရွက်က တစ်ကယ်ရေးခြင်းမဟုတ်ပါ။ သူ ဘယ်ဂဏန်းကိုပဲ ရွေးရွေး အံဆွဲထဲမှာထုတ်ပေးစရာ ပုံတူစာရွက်ရှည်လေးများ ရှိပြီးသားဖြစ်ပါသည်။ ကျွန်တော်တို့ ငယ်စဉ် ကျောင်းသားဘဝက ဆော့ကစားဖူးပါသည်။ ဘိုးတော်လိမ်ပုဂ္ဂိုလ်ကြီးက ထိုနည်းဖြင့် ကိုမြင့်ကျော်ထံမှ ငွေသုံးသောင်းယူသွားပါသည်။

"ဒါပေမဲ့ သူကတော့ ဒီလိုကိုးခုရေးထားတာ မဟုတ်ဘူးဗျ ကျွန်တော့်ရှေ့မှာရေးထားတာ တစ်ခုတည်းပဲလို့ထင်တယ်"

လိမ်နည်းကို လက်တွေ့သက်သေပြသည့်ပင်၊ ကိုမြင့်ကျော်က ယုံချင်နေသေး၍ ကျွန်တော်စိတ်ပျက်ရပါသည်။

အချို့သောသူများသည် အလွန်ယုံလွယ်ကြသူများဖြစ်၍ လိမ်ညာရသူများအတွက် အလွန်ပျော်စရာကောင်းပါလိမ့်မည်။ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားချင့်ချိန်၍ ယုံသင့်မှ ယုံကြည်ကြပါကုန်။

■

# လက်လှည့်ဘိုးတော်

အချို့လူများသည် ယုံအောင်ပြောလျှင် ယုံချင်ကြသည်။ ခပ်ညံ့ညံ့ အလိမ်အညာများကိုပင် ယုံရန်ဝန်မလေးချင်ကြ။ ကိုယ်ပိုင်ဉာဏ်နှင့် ချင့်ချိန်ဝေဖန်မှု နည်းပါးကြသည်။ အမှားအမှန် ဆန်းစစ်ကြည့်လို့မှ အားနည်းနေကြသည်။ သံသယစိတ် အနည်းငယ်မျှပင်ထား၍ တွေးမကြည့်ချင်။ လိမ်ညာစားလိုသူများအတွက် အလွန်ဟန်ကျပါသည်။ မျက်လှည့်လက်လှည့် တတ်လျှင် ဘိုးတော်လုပ်စား၍ရသည်။

လက်လှည့်ဆိုသည်မှာ ဘာမျှခက်သည်မဟုတ်။ အလေ့အကျင့် ကောင်းရန်သာလိုသည်။ ကျွန်တော်တပည့်တစ်ယောက် ရှိသည်။ မျက်လှည့် လက်လှည့်ဝါသနာပါသည်။ သူ့လက်များမှာ ကျင့်သားကျနေသည်။ အကြွေစေ့ကျပ်ပြား၊ ငါးဆယ်ပြား၊ တစ်မတ်စေ့ သူ့ကိုပေးလိုက်လျှင် ထိုအကြွေစေ့ကို လွှင့်ပစ်လိုက်သည်။ သူ့လက်ထဲမှာ မရှိတော့ပါ။ သို့သော် ချက်ချင်း၊ ပါးစပ်ထဲမှဆွဲထုတ်ပြသည်။ ခေါင်းမှ ရိုက်သွင်းလိုက်သည်။ ခေါင်းထဲဝင်သွားသည်။ သူ့လက်ထဲမှာ မရှိ။ ပါးစပ်မှ ဆွဲထုတ်ယူလိုက်သည်။ နားမှပြန်သွင်းသည်။ နှာခေါင်းမှ ထုတ်ပြသည်။ သိပ်ကိုရှင်းသည်။ ညာနေမှန်းသိသော်လည်း ဖမ်း၍မရ။ လက်လှည့်ပညာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဘက်နှင့် အိမ်တိုင်ကို ဖက်လိုက်သည်။ တိုင်က လက်နှစ်ဘက်ကြားအတွင်းမှာ ရောက်နေ၏။ သူ့လက်နှစ်ဘက်မှ လက်မနှစ်ဘက်ကိုကြိုးနှင့်အတုပ်ခိုင်းသည်။ ကျွန်တော်ကိုယ်တိုင် တုပ်သည်။ တင်းတင်းပါအောင်ဆွဲတုပ်၍ "ဟာ .. ဆရာ ရက်စက်လှချည်လား နာတယ်ဗျ" ဟုပြောသည်။

"လျှော့ပေးရမလား"

ကျွန်တော်ကမေးသည်။ သူခေါင်းရမ်းပြသည်။ ကျွန်တော်က သေချာအောင် ထပ်ထပ်ချည်သည်။ မည်သည့်နည်းနှင့်မျှ ဖြုတ်၍ရမည်မဟုတ်၊ သေချာပြီဆိုမှ သူ့ကို အစွမ်းပြခိုင်းသည်။

သူက မန်းလိုက်မှုတ်လိုက် လုပ်နေသည်။ အင်းအိုင်၊ လက်ဖွဲ့ မန္တရားတို့အကြောင်း ပြောနေသည်။

ကျွန်တော်တို့က မျက်ခြည်ပြတ်မခံ၊ သူ့ကို စောင့်ကြည့်နေသည်။

"ဟေ့ .. စကားကြောရှည်တယ်ကွာ၊ လွတ်အောင်လုပ်တော့"

ညာမည့်ကိုသိသိကြီးနှင့် စောင့်ကြည့်နေရသည်ကို စိတ်မရှည်။

"ကဲ .. ဝမ်း ကူး သရီး လွတ်ပြီ"

ကြိုးချည်ထားသော လက်နှစ်ဖက်ကို လှုပ်ခါပြီး ရုန်းလိုက်သည်။

လွတ်သွားပြီ၊ လက်နှစ်ဖက်တွင်းမှာရှိသော တိုင်က ကျန်နေခဲ့သည်။ သို့သော် လက်နှစ်ဘက်က ကြိုးတုပ်မပျက်။ ကျွန်တော်မျက်စိရှေ့မှာ ပင်ဖြစ်သည်။

ကိုယ်တိုင်ချည်းထားသောကြိုးကို ပြန်ကြည့်သည်။ အထပ်ထပ်ချည်ထားသည်မှာ တစ်ခုမျှမပျက်၊ သူ လက်မနှစ်ချောင်းကိုပူး၍ တင်းနေအောင် တုပ်ထားခြင်းဖြစ်သည်။

"ညာတာပဲမဟုတ်လား"

ကျွန်တော်ကသူ့ကို အံ့သြစွာမေးသည်။

"ပညာပေါ့"



သူကပြုံးရင်းဖြေသည်။

ကျွန်တော် သိပ်သဘောကျသည်။

"ငါ့သင်ပေး"

ကျွန်တော်အနိုင်ကျင့်ပြီး အသင်ခိုင်းသည်။ သင်ပေးပါသည်။ အချက်မသိ၍ ခက်ခြင်းဖြစ်သည်။ အချက်သိတော့ လွယ်လွယ်လေး သို့သော် နည်းကိုသိ၍ လွယ်သည်ဟုပြောရခြင်းဖြစ်သည်။ ကိုယ်တိုင်လုပ်ကြည့်တော့ သူ့လို ပိရိခြင်းမရှိ၊ ကျွမ်းကျင်မှုလိုပါသည်။

အချို့သော ဘိုးတော်ဆိုသူများသည် မုတ်ဆိတ်မွေး နှုတ်ခမ်းမွေး အရှည်ကြီးထား၊ ဘုရားစင်ရှေ့ထိုင်၊ စိပ်ပုတီးကြီး လည်ပင်းဆွဲ ယောဂီရောင်အညိုများဝတ်၊ အချို့က အဖြူရောင်ဝတ်စုံဝတ်ပြီး ကန်တော့ပွဲများထိုး ခဲမီးများပူဇော်၊ အကာအရံများ လှည့်ပတ်ဝန်းရံ၍ ခမ်းနားမှုနှင့် အရှိန်အဝါပြသည်။

တပည့်နှစ်ယောက် သုံးယောက်ထားပြီး သူတို့က တော်ကြောင်း၊ မှန်ကြောင်း၊ အံ့သြစရာကောင်းကြောင်း ချီးကျူးပြောဆိုကြသည်။ ပြာနေအောင် ရှိသေလေးစားကြသည်။

ဟိမဝန္တာက လာသလိုလို၊ မဟာမြိုင်ကလာသလိုလို၊ အသက်တလည်း နှစ်ပေါင်းငါးရာ တစ်ထောင်ရှိနေသလိုလို၊ ဘာမျှမစားဘဲနှင့် အသက်ရှင်နေသလိုလို ဆိုင်းနောက်က ဗိုင်းမြှောက်ကြသည်။

မိန်းမများက အရင်ယုံကြသည်။ အလံရှူးများနှင့်အတူ အကြိမ်ကြိမ်ဦးချကန်တော့နေကြပြီ။

အကြားအမြင်ရသည်ဟု ဆိုသည်။ ဖြစ်ချင်သောကိစ္စမှန်သမျှ အထက်အမိန့်နှင့် အားလုံးပြီးအောင် လုပ်ပေးနိုင်သည်ဟု ဆိုသည်။

"ယောက်ျားရာထူးတိုးကိစ္စ ကြည့်ပေးပါဦး"

"သမီး အိမ်ထောင်ရေးကိစ္စ ကြည့်ပေးပါဦး"

"သား စာမေးပွဲကိစ္စ ဂုဏ်ထူးများများရအောင် လုပ်ပေးပါဦး"

www.burmeseclassic.com

www.burmeseclassic.com



အကူအညီ တောင်းကြသည်။

အားလုံးပြည့်စုံရမည်။ ပွဲထိုးရမည်။ ဆေးဖယောင်းတိုင် ထွန်းရမည်။ ဂါထာမန္တန် ရွတ်ရမည်။ အစီအမံများ လုပ်ရမည်။ ရသည်။

ငွေကြေးကိစ္စအားလုံး အကုန်အကျခံရမည်။ ဘိုးတော်ကြီးကိုယ်တိုင် အစီအမံလုပ်ပေးပါ။ ကံထူး၍သာ ဘိုးတော်နှင့်တွေ့ရခြင်းဖြစ်သည်။

''ယုံမှလုပ်ကြ၊ မယုံရင်မလုပ်နဲ့''

ဘိုးတော်က ခပ်မာမာဖြစ်၏။

''ယုံပါတယ်၊ သိပ်ကိုယုံပါတယ်''

တအား ယုံပြရသေးသည်။

''ကဲ . . ယုံတယ်၊ ကိုယ့်ကိုအားကိုးတယ်ဆိုရင် အားကိုးသလို အဆောင်ချီးမြှင့်ရမယ်''

''ဟုတ်ကဲ့ . . ယုံပါတယ်၊ ဘိုးတော်ကြီးကို သိပ်လဲအားကိုးပါတယ်''

''ဟိုပန်းအိုးထဲက နှင်းဆီတစ်ပွင့်ယူလိုက်''

တစ်ယောက်က နှင်းဆီတစ်ပွင့်ကို ယူလိုက်သည်။

''ပေး . . ဒီကိုပေး''

ဘိုးတော်ကတောင်းယူပြီး နှင်းဆီပွင့်၏အရိုးကို ဓားကလေးဖြင့် ဆန်စေ့အရွယ်လိုးဖြတ်ပြီး အခွံစိမ်းလေးများ ခွာလိုက်သည်။

လက်ဖြန့်ထား

အဆောင်လိုချင်သူသုံးဦးက လက်ဝါးများဖြန့်ထားသည်ကို ဘိုးတော်က နှင်းဆီရိုးဖြူဖြူလေးများကို ဖြန့်ထားသောလက်များတွင် ထည့်ပေးသည်။

ရသူများက နှင်းဆီရိုးများကို ကြည့်နေကြသည်။ ဘာလုပ်ရမှန်းမသိ။ ဘိုးတော်က တစ်ယောက်၏လက်ကိုဆွဲယူပြီး သူ့လက်ထဲမှာ ကိုင်ထားရင်း ရွက်ဖတ်မန်းမှုတ်နေသည်။ ပြီးသည်နှင့် လက်ထဲမှာရှိသောနှင်းဆီရိုးကို သူ့လက်ညှိုးနှင့် ဖိထောက်လိုက်သည်။ ဦးခံပြီး မန်းမှုတ်သံကလည်း ကျယ်လောင်စွာ ထွက်ပေါ်လာသည်။



ဘိုးတော်၏လက်ကို ဖယ်လိုက်သောအခါ အံ့ဩစရာ၊ နှင်းဆီရိုးလေးမှ ရှင်သီဝလိရုပ်လေးဖြစ်နေသည်။

''အိုး . . ရှင်သီဝလိအဆောင်လေး။ ဘိုးတော်ကြီးကို ကျေးဇူးတင်လိုက်တာ''

ရသူမှာ ကိုယ့်မျက်စိရှေ့မှာ ထူးခြားစွာပြခြင်းဖြစ်၍ အံ့ဩမကုန်ဖြစ်ပြီး ဝမ်းသာနေသည်။ အဆောင်ကိုလည်း အမြတ်တနိုးကိုးကွယ်ရန် ဆုံးဖြတ်လိုက်သည်။

''ကျွန်မကိုလည်း ပေးပါဘိုးဘိုး''

''ကျွန်တော့်ကိုလည်း ပေးပါဘိုးဘိုး''

ကျန်နှစ်ယောက်က လိုချင်မက်မောစွာ တောင်းဆိုနေကြသည်။ ရှေ့လူကို ပေးသကဲ့သို့ပင် ဘိုးတော်က သူ့လက်ဖြင့်ဖိထောက်၍ နှင်းဆီရိုးလေးများကို ရှင်သီဝလိရုပ်ကလေးများအဖြစ် ပြောင်းလဲပေးလိုက်သည်။

''အို . . အဆောင်ရပြီ''

ဘိုးတော်ကို ကြည်ညိုအားကိုးမဆုံး ဖြစ်ရသည်။ အယုံကြီး ယုံသွားကြပြီ။

အမှန်စင်စစ် လက်လှည့်ပညာမျှသာဖြစ်၏။ အလွန်လွယ်သော လက်လှည့် ပညာဖြစ်သည်။

ဘိုးတော်၏ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သုံးချောင်း၏ လက်သည်းများအောက်တွင် အရိုးဖြင့်ပြုလုပ်ထားသည့် ရှင်သီဝလိပုံတော်လေးများ ထည့်ထားသည်။ ဆံစေ့အရွယ်သာရှိသည်။ ထည့်ထားနေကျဖြစ်၍ လက်သည်းအောက်မှာ ကျင်းချိုင့်လေးများ ဖြစ်နေသည်။

အဆောင်ချီးမြှင့်ခံရမည့်သူ၏ လက်ထဲမှ နှင်းဆီရိုးလေးများကို လက်ဖြင့်ထောက်လိုက်သောအခါ နှင်းဆီရိုးမာမာလေးက လက်သည်းအောက်သို့ဝင်သွားပြီး လက်သည်းထဲမှ ရှင်သီဝလိပုံတော်လေးက လက်ထဲမှာထွက်ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်လှည့်လိုက်သည်ကို မသိ၍ တန်ခိုးစွမ်းအင်ထင်ပြီး ဘိုးတော်ကို အယုံကြီးယုံသွားတော့သည်။

ယုံပြီဆိုလျှင် ဘိုးတော်အတွက်ရှေ့ဆက်ပြီး စိတ်ကြိုက်လိမ်ညာရန် အခွင့်အလမ်းများ ရရှိသွားပြီဖြစ်ပါသည်။

■

## အချက်မသိလျှင် အထင်ကြီးသည်

အချို့သော မသိနားမလည်သူတို့သည် ဘိုးတော်အယောင်ဆောင် လူလိမ်လူညာတို့ကို အယုံကြီးယုံ၍ အပုံကြီး ပုံမိသည်ထိ ဖြစ်တတ်သည်။

ရိုးသားစွာ ယုံလွယ်တတ်ကြသည့် အသိပညာနည်းသူများကို အတု အယောင် လူလိမ်လူညာတို့သည် ဖွစ္စည်းကိုယူရုံသာမက လူကိုပါယူသည် အထိ ကမ်းကုန်အောင် ယုတ်မာတတ်ကြသည်။

ရွှေကို ပွားအောင်လုပ်ပေးမည်ဟု ဆို၏။ နမူနာအားဖြင့် လက်စွပ် တစ်ကွင်းမှ နှစ်ကွင်းဖြစ်အောင် လုပ်ပြ၏။ လက်လှည့်ပညာဖြစ်သည်။

များများလိုချင်သည့် လောဘသားများက များများထည့်ကြသည်။ ကိုယ့်အိမ်မှာရှိသော ရွှေသာမက ဆွေမျိုးသားချင်းထံမှပါ ချေးငှားထည့် ကြသည်။

ဘိုးတော်တု လူလိမ်လူညာက လက်ကိုင်ပဝါအဖြူလေးဖြင့် ထုပ်၍ ဘုရားစင်မှာတင်ပြီး အင်းကွက်များပါသည့် ကြေးပြားသုံးချပ် ထုတ်ပေးသည် ထိုကြေးပြားပေါ်မှ အင်းကွက်ပေါ်တွင် ဆီမီးထွန်း၍ (၃)ရက်ပူဇော်ရမည်။ ယောင်းတိုင်မလဲစေရ ဆီမီးငြိမ်းသွားပြီးမှ ပြန်ထွန်းမဖြစ်စေရ သုံးရက် တိတိပြည့်သည် ည(၁၂)နာရီတွင် လက်ကိုင်ပဝါကို ဖြေကြည့်ရမည်။ ထိုအခါ ထည့်သည့်ရွှေထက် (၂)ဆတိုးနေလိမ့်မည်။ ဖယောင်းတိုင်လဲလျှင် (၃)ရက် မပြည့်မီ ဆီမီးငြိမ်းလျှင် ထည့်ထားသောရွှေများ မီးသွေးခဲဖြစ်နေလိမ့်မည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးရက်ပတ်လုံး လူအလဲအလှယ်နှင့် ဖယောင်းတိုင်မလဲအောင် မီးမငြိမ်းအောင် စောင့်ရသည်။ (၃)ရက်ပြည့်ပြီး ည(၁၂)နာရီကျော်ပြီး လက်ကိုင်ပဝါကို ဖြေကြည့်ကြပြီ။

"ဟာ"

ကြည့်သူများ တအံ့တဩဖြစ်ရ၏။ သူတို့ရွှေမှာပင် ဘိုးတော်က လက်ကိုင်ပဝါအဖြူထဲသို့ သူတို့ရွှေများ ထည့်ခဲ့သည်။ သူတို့ရှေ့မှာပင် ဘုရားစင်ပေါ်တင်ခဲ့သည်။

အခု သုံးရက်ပြည့်တော့ နှစ်ဆမဖြစ်ရုံမက ထည့်သမျှရွှေအားလုံး မီးသွေးခဲများ ဖြစ်နေကြပြီ။

ဘိုးတော်လိမ်သွားသည်ဟု မထင်။ ကိုယ့်အချင်းချင်း မညက်ာ ဖြစ်နေကြသည်။ မင်းစောင့်တဲ့အလှည့်မှာ ဖယောင်းတိုင်လဲသလား၊ မီးငြိမ်းသွားသလား၊ မေးကြငြင်းကြ မကျေမနပ်ဖြစ်ကြပြီ။

နောက်မှ ဖုံးမရ ဖိမရ တစ်ဆင့်စကား တစ်ဆင့်နားကြားသူများလာမှ နားလည်သောသူရှင်းပြမှ ဘိုးတော်အတုအယောင်၏ အလိမ်အညာ ခံရသည်ကို သိကြရသည်။

အချို့သော မြို့ငယ်များနှင့် ရွာများတွင် ဘိုးတော်အတုအယောင်၏ အလိမ်အညာပညာပြသည်များကို အယုံကြီးယုံမိသူများအား သားကောင်း သမီးကောင်းရရှိအောင် အစီအရင်လုပ်ပေးမည်ဟုဆို၍ အမျိုးသမီးများကို နှစ်ယောက်ချင်းတွေ့ဆုံပြီး ရင်ငွေ့လှုံစေခိုင်းရာမှ လူကိုပါအရယူသည့်အထိ မတော်မတရား စော်ကားသည်များကို အရေးယူခဲ့ရသည်။

ယုံသူများကလည်း ချင့်ချင့်ချိန်ချိန်ရှိသင့်သည်။ ရပ်ရွာအကြီးအကဲများ ရပ်မိရပ်ဖများကလည်း မတော်မလျော်သူများ ရပ်ကွက်၊ ကျေးရွာတွင်းသို့ အဝင်အထွက်မှစ၍ သတိထားသင့်သည်။ ပြောဆိုသည်များနှင့် လုပ်ဆောင်ချက်များကို ဆန်းစစ်သင့်သည်။



ကိုယ့်ရပ်ကိုယ့်ရွာတွင် ကိုယ့်သွေးသားများ၊ အသွေးအမျိုးများ၊ တစ်ရွာတည်းသားများ အေးအတူပူအမျှ အပြန်အလှန် ကူညီစောင့်ရှောက်၍ နေကြခြင်းဖြစ်သည်။ ကိုယ့်ရပ်ကိုယ့်ရွာမှာ လာရောက်စော်ကားသွားခြင်းသည် မိမိတို့တစ်ဦးချင်းကို စော်ကားခြင်းဖြစ်သည်။ ထို့ကြောင့် စော်ကားမခံရအောင် ကူညီစောင့်ရှောက်ကြရမည်။ သတိထားကြရမည်၊ သိနားလည်သူများက မသင့်လျော်သည်များမဖြစ်အောင် ကြိုတင်ဟန့်တားကြရမည်။

ဖြစ်ပြီး နစ်နာပြီးမှ မခံမရပ်နိုင်ဖြစ်ရသည်ထက် မဖြစ်မီ ကြိုတင်ကာကွယ်နိုင်သည်က ပိုကောင်းပါသည်။ ယုံအောင်ပြောတိုင်း မယုံမိအောင် သတိထားသင့်သည်။ မျက်လှည့် လက်လှည့်အစွမ်းများနှင့် ရောနှော၍ အံ့ဩလောက်အောင် အစွမ်းများပြနေလျှင် ပြောပုံဆိုပုံနှင့် လုပ်ပုံကိုင်ပုံ၊ နေပုံထိုင်ပုံတို့ကို လေ့လာပါ။

အကျင့်သီလနှင့် ပြည့်စုံသော သူတော်စင် ပုဂ္ဂိုလ်ထူးတို့သည် လောဘ၊ ဒေါသ၊ မာန်မာနကင်းရှင်း၍ မောဟဖုံးလွှမ်းခြင်းမရှိ၊ ကြည်လင်သန့်ရှင်းကြ၏။ အံ့ဩစရာဖြစ်အောင် စွမ်းရည်ထူးတို့ကို ပြနေမည်မဟုတ်။ လူအထင်ကြီးအောင် လုပ်ပြစရာအကြောင်းမရှိ။ ရွှေကိစ္စ ငွေကိစ္စဆိုသည်မှာ သူတော်စင်တို့အကွက် သေးနုပ်သော အလုပ်များသာဖြစ်သည်။ သူတော်စင် ပုဂ္ဂိုလ်ထူးတို့၏ အလုပ်မဟုတ်။ ကိုယ့်အလုပ်ကိုယ် ကိုယ့်အားကိုယ်ကိုးဖြေရှင်းရမည်သာဖြစ်သည်။

လိမ်ညာနည်းများကို သိရှိလေ့လာထားခြင်းဖြင့်လည်း ကိစ္စရပ်များမှာ ဆက်စပ်စဉ်းစားပြီး အလိမ်မခံရအောင် ရှောင်နိုင်ကြဖို့လိုပါသည်။

တစ်နေရာတွင် ဘိုးတော်နှင့် ဘွားတော် လင်မယားနှစ်ယောက် ရှိပါသည်။ ယုံကြည်ဆည်းကပ်သူများက ယောကျ်ားဖြစ်သူကို ဘိုးတော်ဟုခေါ်ကြသည်။ ဇနီးဖြစ်သူကို ဘွားတော်ဟုခေါ်ကြသည်။ အချို့နေရာတွင် ဘိုးတော်က ပိုစွမ်းသည်။ အချို့ကိစ္စတွင် ဘွားတော်ကပိုထက်သည်ဟု ပြောကြသည်။ သို့သော် နှစ်ဦးစလုံး အကျင့်အကြံသမာဓိအား ကူမကြ၍

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချင်းဆက်သွယ် သိမြင်နားလည်းနိုင်မှု (တယ်လီပသီ) စွမ်းရည်တွင်မှု အတူတူထူးချွန်ကြသည်ဟုလည်း ပြောကြသည်။

ဘိုးတော်မြင်သည်ကို ဘွားတော်က မကြည့်ဘဲနှင့်မြင်သည်။ ဘွားတော်မြင်၍သိသည်ကို ဘိုးတော်ကလည်း မကြည့်ဘဲနှင့်သိသည်။ သို့သော် မြင်သူကမေးမှ မမြင်သူက အမှန်ကိုဖြေနိုင်သည်။ မမေးဘဲနှင့် ဖြေဆိုခြင်းမရှိ။

အမြဲတမ်းလည်း ဤသို့အမေးအဖြေလုပ်ပြနေကြသည် မဟုတ်။ တစ်ခါတစ်ရံမှသာ ထိုသို့ အမေးအဖြေပြုခြင်းကို ကြုံကြိုက်ရသည်ဟု ပြောကြ၏။ သို့သော် တော်တော်များများတော့ တွေ့ဖူးကြုံးကြိုက်ဖူးနေကြသည်။

"ပြောစမ်းပါဦး ဘွားတော်ကြီးရဲ့ .. ဟောဒီမှာ ဘိုးတော်နဲ့ ဘွားတော်အတွက်တဲ့ ကန်တော့သွားတဲ့ငွေ ဘယ်လောက်လဲ"

ဘိုးတော်က မေးလိုက်ခြင်းဖြစ်၏။ ဘွားတော်က တစ်ဖက်သို့ လှည့်နေသည်။ ဘိုးတော်ရှေ့မှငွေကို ဘွားတော်မည်သို့မျှ မမြင်နိုင်။ လူသူ၏ ကိုယ်နှင့်လည်း ကွယ်နေသေးသည်။

"ငါးရာ"

ဘွားတော်၏အဖြေက မှန်သည်။

နောက်တစ်ယောက်က ငါးရာတန်တစ်ရွက်နှင့် နှစ်ရာတန် တစ်ရွက် ပူဇော်သည်။

"ဒါကော ဘယ်လောက်လဲကွ"

ဘိုးတော်ကပင် မေးပြန်၏။

"ခုနစ်ရာ"

ပူဇော်သူ သဘောကျသွားသည်။

နောက်တစ်ယောက်က နှစ်ရာတန်တစ်ရွက်နှင့် တစ်ရာတန် တစ်ရွက်။

"ဆိုပါဦး .. ဒါကရော ဘယ်လောက် .."



ဘိုးတော်က မေးသည်။

"သုံးရာ"

"သူက ယောက်ျားလား။ မိန်းမလား"

"ယောက်ျားပေါ့"

"ဟဲ့ သူ့မှာ ဘာထူးခြားလဲ"

"မျက်မှန်နဲ့ဟဲ့"

ရယ်သံများ ထွက်လာသည်အထိ သဘောကျသွားကြသည်။

နောက်ထပ် အလှူငွေများရပြန်၏။

အချက်မသိလျှင် အထင်ကြီးစရာဖြစ်သော်လည်း အချက်သိလျှင်ဘာမှ အထင်ကြီးစရာမရှိ။ လွယ်လွယ်လေးဖြစ်သည်။

၁၉၇၂-၇၃ ခုနှစ်လောက်က ထင်ပါသည်။ ထိုအချိန်က ဗိုလ်ချုပ်ဈေးနှင့် လေဟာပြင်ဈေးကြားမှာ ဗိုလ်ချုပ်ဈေးသစ်မရှိသေးပါ။ ဗိုလ်ချုပ်ဈေးသစ်နေရာတွင် ကွက်လပ်ကွင်းပြင်ကြီး ဖြစ်နေသည်။

တစ်နေ့တွင် ဗိုလ်ချုပ်ဈေးသို့သွားစဉ် ထိုကွင်းပြင်ကြီးထဲမှာ လူအများဝိုင်းဖွဲ့ကြည့်နေကြသည်ကို တွေ့ရ၏။ တဝါးဝါးရယ်သံများကိုလည်း ကြားရသည်။

မျက်လှည့်ပြနေသည်ထင်၍ သွားကြည့်သည်။

လူငယ်တစ်ယောက်ကို မျက်နှာအဝတ်နက်စည်းပြီး တစ်ဖက်သို့လှည့်၍ ခေါင်းငုံ့နိုင်းထားသည်။

"ကောင်ကင်းမှာ ငှက်ဘယ်နှစ်ကောင်ရှိလဲဟေ့"

ဆရာကမေးသည်။ လူများ ကောင်းကင်သို့မော့ကြည့်သည်။

မျက်စိပိတ်ခံထားရသောလူငယ်က ခေါင်းငုံ့လျက်မှ ဖြေလိုက်သည်။

"နှစ်ကောင်"

အတိအကျမှန်၍ လူများ သဘောကျစွာရယ်ကြသည်။ ဖြေသော လူငယ် မည်သို့မျှမမြင်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဘက်ကို ပုံးသွားကြတာလဲကွ"

ဆရာက ထပ်မေးသည်။

"တောင်ဘက်ကို".

သဘောကျသောရယ်သံများ ထွက်လာပြန်ပါသည်။

ဆရာဖြစ်သူက လူငယ်ဖ်နောက်ကျောဘက်မှာရှိသည့် ပရိတ်သတ်ထဲမှ တစ်ယောက်ကို လက်ထောင်နိုင်းသည်။ လက်လေးချောင်း ထောင်၏။

"လုပ်ပါဦးကွ .. ဒီမှာ လက်ဘယ်နှစ်ချောင်းထောင်းထားလဲ ပြောပါဦး"

"လေးချောင်း"

ထိုသို့ပင် လူများက လက်အထောင်ခိုင်းပြီး မေးသမျှအားလုံးမှန်သည်။

"ဒီလူ့လက်ထဲမှာ ဘာရှိသလဲကွ"

"စီးကရက်ရှိတယ်"

ရယ်ကြသည်။

"ဒီမိန်းသမီးကြီးက ဘာထူးခြားသလဲကွ"

"မျက်မှန်ပါတယ်"

ဝါးကနည်းရယ်သံများ ထွက်လာကြသည်။ မေးသမျှမှန်အောင် ဖြေနိုင်သည်။

"ဒီဆရာက အသားဖြူသလား။ မဲသလားကွ"

"တော်တော်မဲပါတယ်"

ကုလားကြီးကိုကြည့်ပြီး သဘောကျစွာရယ်ကြသည်။

"လူမမြင်ဘဲနဲ့ ဘယ်လိုသိတာလဲ။ အချက်မသိရင် ခက်ပါတယ်။ အချက်သိရင် လွယ်ပါတယ်၊ ပညာကိုဝယ်ချင်ရင် ဒီစာရွက်လေးတစ်ရွက် တစ်ကျပ်နဲ့ဝယ်သွား သိပါလိမ့်မယ်"

ထိုအချိန်က တစ်ကျပ်မှာ နို့ဆီတစ်ဘူး ငါးမတ်ကာလဖြစ်သည်။

ကျွန်တော် တစ်ကျပ်ပေး၍ ဝယ်ခဲ့သည်။



မေးသူက ရှေ့ဆုံးစကားလုံးကို သင်္ကေတဖြင့်မေးခြင်းဖြစ်သည်။

"အေး .. ငှက်ဘယ်နှစ်ကောင်လဲ" မေးလျှင် ..

အေးမှာ တနင်္ဂနွေ (၁)ဖြစ်သည်။ ရှေ့မှာအေးခံ၍မေးလျှင် တစ်ကောင်

"ကဲ .. ငှက်ဘယ်နှစ်ကောင်လဲ" မေးလျှင် ..

ကဲမှာ တနင်္လာ (၂) ဖြစ်သည်။

"ဆိုပါဦး .. နှင့်စလျှင် အင်္ဂါ (၃)"

"လုပ်ပါဦးကွဆိုလျှင် လုပ်မှာ ဗုဒ္ဓဟူး(၄)"

"ပြောပါဦးနှင့်စလျှင် (၅)"

"ဟော့ .. နှင့်စလျှင် သ ဟ (၆)"

ဒီလူ့လက်ထဲမှာ ဘာရှိလဲမေးလျှင် စီးကရက်ရှိသည်ဖြေရမည်။ မေးသူက စီးကရက်လက်ကြားရှိသူကိုသာ မေးရမည်။

ဒီအမျိုးသမီး၊ ဒီအမျိုးသား ဘာထူးခြားလဲမေးလျှင် မျက်မှန်ပါသည် ဖြေရမည်။ မျက်မှန်ပါသူကိုသာ ညွှန်းပြ၍မေးမည်ဖြစ်သည်။

ဒီလူ အသားဖြူသလား မဲလားမေးလျှင်

နောက်မှမဲကိုသာ ဖြေရမည်။ မေးသူက တော်တော်မဲသူကိုပြ၍ မေးမည်ဖြစ်သည်။

ဤအခြေခံကိုယူ၍ ဟန်နှင့်ပန်နှင့်အသုံးချလျှင် သမာဓိလိုလို၊ တယ်လီပသီလိုလို၊ အကြားအမြင်ရသလိုလို အထင်ကြီးစရာဖြစ်ပါသည်။ အချက်မသိလျှင်ခက်သော်လည်း အချက်သိလျှင် လွယ်ပါသည်။ အချက်ကိုသိခြင်း သိမြင်အောင် ဆင်ခြင်ခြင်းဖြင့် လိမ်ညာဓားမှဝေးကြပါစေ။

■

www.burmeseclassic.com

www.burmeseclassic.com

## ကောက်သော်မစားလောက်

'ရာဇဝတ်ဘေး မြေးမလွတ်'၊ 'မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ' 'သက်ရောက်မှုတိုင်းတွင် တူညီသော တုန့်ပြန်မှုရှိသည်' ဟူသော စကားများရှိသည်။ ထိုစကားများသည် ကေန်တရားကိုပြဆိုနေသော နိယာမများလည်းဖြစ်၏။ မကောင်းသောအကျိုးရမည်မှာ ကေန်ဖြစ်၏။

လိမ်ညာခြင်းသည် အကုသိုလ်အမှုဖြစ်၏။ ကံ(၈)ပါးမှာ မုသာဝါဒကံကို ကျူးလွန်ခြင်းဖြစ်သည်။ လိမ်ညာခြင်းဖြင့် သူတစ်ပါးကို ပစ္စည်းဥစ္စာ ဆုံးရှုံးစေသည်။ ပူပင်သောက ဖြစ်ရသည်။ အရှက်တကွဲ ကြုံရသည်။ မကျေမချမ်းနိုင်သော ဒေါသကိုလည်း ဖြစ်စေသည်။ မိမိ၏လိမ်ညာမှုကြောင့် တစ်ဖက်သားရရှိသွားသော ဆုံးရှုံးမှုများနှင့် ဆိုးကျိုးများဖြစ်သည်။

ထိုအကုသိုလ်၏ တန်ပြန်သက်ရောက်မှုအဖြစ် ယခုဘဝမှာပင် ဆင်းရဲနွမ်းပါးမည်။ လိမ်ညာစား၍ ကြီးပွားချမ်းသာသူမရှိ။ မိမိလိမ်ညာခဲ့သူများကို ရှောင်တိမ်းရခြင်းသည်ပင် ကြီးစွာသော ဆင်းရဲဖြစ်နေ၏။ သူတစ်ပါး စီးပွားပျက်သကဲ့သို့ လိမ်ညာသူမှာ စီးပွားပျက်သည်။ ပို၍ဆိုးသည်က ဥပဓိရုပ်ပျက်၍ ကျက်သရေမရှိခြင်းဖြစ်သည်။ ပူပင်သောကများနှင့် ဆင်းရဲဒုက္ခများကိုလည်း ရောက်စေတတ်သည်။ ရာဇဝတ်ဘေးဖြစ်၍ ကြာရှည်ပြေးမလွတ်ပါ။ ဖမ်းဆီးခံရသည်နှင့် အချုပ်အနှောင်ခံရပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၄၂၀)ဖြင့် ထောင်ဒဏ်(၇)နှစ်ထိ ချမှတ်နိုင်သည်။ ဖိုးတွမ်တီးရဲ့လိမ်



လူညာဘွဲ့အမည်ရ၍ လူအများတို့ အထင်သေးခံရသည်။ လူကောင်း၊ သူကောင်းများအပေါင်းအသင်းမလုပ်ချင် ရှောင်ရှားကြသည်။ ထို့ကြောင့် လိမ်ညာတတ်သူများမှာတစ်သက်တာတွင် မိတ်ကောင်း၊ ဆွေကောင်း မရနိုင်တော့ပါ။ မိမိ၏ သားစဉ်မြေးဆက်အထိ လူလိမ်လူညာမျိုးရိုးအဖြစ် အထင်သေးခြင်း၊ ဝိုင်းပယ်ခြင်း၊ ရှောင်ကြဉ်ခြင်းများ ခံရသည်။

နောင်တမလွန်မှာလည်း 'စေတီယလို မုသားဆို မြေမျိုရဲကျ' ဆိုသကဲ့သို့ အပယ်ငရဲမှာခံရသည်။ စေတီယသည် ဘုန်းရှိသောမင်းဖြစ်၏။ အာခံတွင်းမှ စက်ပြောင်ပြောင်အရောင်ထွက်၏။ သို့သော် မုသားဆိုမိသဖြင့် စေတီယမင်း၏အာခံတွင်းမှ စက်ပြောင်ပြောင်အရောင်ကွယ်သည်။ ဘုန်းကံများအားလုံး ပျောက်ကွယ်သည်။ မဟာပထဝီမြေ ထက်ခြမ်းကွဲ၍ ငရဲမီးလျှံများ ထွက်ပေါ်လာပြီး စေတီယမင်းကိုဆွဲ၍ အပယ်ငရဲမှာကျခံ၏။

ပစ္စုပ္ပန်လည်း မကောင်း၊ နောင်သံသရာလည်း မကောင်းသော လိမ်ညာစားချင်စိတ်ကို ရှောင်ကြဉ်သင့်သည်။

လိမ်ညာရန် စတင်ကြံစည်စိတ်ကူးသည်နှင့် အကုသိုလ်အမှုကို စတင်ပြုခြင်းဖြစ်သည်။ စက္ကန့်တိုင်း အကုသိုလ်မီတာတက်နေပြီ။ မကောင်းသော လိမ်ညာလိုစိတ်ကြောင့် ဥပဓိရုပ်လည်း တင့်တယ်မှုပျက်လေသည်။

လိမ်ညာရသည်မှာလည်း လွယ်ကူသောကိစ္စမဟုတ်ပါ။ ဦးနှောက်ဉာဏ်သုံး၍ လိမ်ညာရန်ကြံစည်ရသည်။ တွေးတောဆင်ခြင်ရသည်။ ဇာတ်လမ်းဆင်ရသည်။ သူတစ်ပါးနှင့် ပူပေါင်းလိမ်ညာမည်ဆိုလျှင် ဇာတ်တိုက်လေ့ကျင့်ရသည်။ လုပ်ငန်းစပြီဆိုသည်နှင့် အန္တရာယ်ဘေးကို စိုးရွံ့တုန်လှုပ်နေရပြီ။ ရိပ်မိသွားလျှင် အဖမ်းခံအဆီးခံရမည်။ မဟုတ်မခံတတ်သော ဒေါသကြီးသူနှင့်တွေ့လျှင် အရိုက်အနှက် အထိုးအကြိတ်ကို သေမတတ်ခံရတတ်သည်။ တစ်ခါတစ်ရံတွင် အနိဋ္ဌာရုံများစွာနှင့် ရင်ဆိုင်ရတတ်သည်။ မကောင်းမှုပြုသူသည် အားလုံးရှုံး၍ အားလုံးကို ကြောက်ရသည်။

ဤဉာဏ်ကိုသုံးပြီး စွန့်စွန့်စားစား ကြိုးစားအားထုတ်မှုဖြင့် သားအာဗိဝ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသောအလုပ်များကိုသာ ကြိုးစားမည်ဆိုလျှင် လိမ်ညာသည်ထက် ပို၍ စီးပွားဖြစ်နိုင်သည်။ တစ်သက်လုံး ကြိုးစားသွားလျှင် သူဌေးကြီးများ စာရင်းဝင် ဖြစ်သွားနိုင်သည်။ ရလျှင်လည်း စင်ကြယ်သည်။ ချမ်းသာလျှင်လည်း ဂုဏ်ကျက်သရေ တင့်တယ်သည်။ ပစ္စုပ္ပန်ရော နောင်သံသရာပါ ကောင်းသည်။

ကျွန်တော် အသက် (၃၀)ခန့်က ရောက်ရှိနေထိုင်သော မြို့ကလေးတွင် ဆံပင်ညှပ်ဆိုင်တစ်ဆိုင်ရှိသည်။ ဆံပင်ညှပ်သူမှာ အသက်(၄၇) နှစ်ခန့်ရှိပြီး အသားဖြူဖြူနှင့် ဥပဓိရုပ်ကောင်းသူဖြစ်သည်။ သူ့ဆိုင်လေးမှာ ဈေးနားမှ လူစည်ကားရာ လမ်းထောင့်ဖြစ်၍ ဆံပင်ညှပ်သူများသလို လုပ်ငန်းကောင်း၍ အကူ(၁)ယောက်ကိုပင် ထားရသည်။ သူ့ဝင်ငွေမှာ ကောင်းပါသည်။

ကျွန်တော်က သူ့ဆိုင်မှာပင် ဆံပင်အမြဲညှပ်၍ ရင်းနှီးလာသည်။

တစ်နေ့တွင် ကျွန်တော်ဆံပင်ညှပ်နေစဉ် သူက "ဆရာ ပိုက်ဆံငါးဆယ်လောက်များ ပါသလား" ဟု မေးသည်။

ထိုအချိန်က ငွေ(၅၀)ကျပ်မှာ အလွန်အဖိုးတန်၏။ ဂဇက်တက်အရာရှိ၏ လစာမှာ (၃၅၀)ဖြစ်၍ ထမင်းလခပေးစားလျှင် တစ်လ (၃၀)ကျပ်သာ ဖြစ်သည်။

"ခုတော့ ဘယ်ပါမလဲဗျာ၊ ဘာဖြစ်လို့လဲ"

သူမှာ အကူအညီလိုသည်ထင်၍ ကူညီချင်စိတ်နှင့် မေးမိသည်။

"ကျွန်တော် အရေးတကြီး ပေးစရာရှိနေလို့ ဆရာ၊ တနင်္လာနေ့ကျရင် ပြန်ပေးနိုင်ပါတယ်"

သူပြောသည့်ရက်က စနေနေ့ဖြစ်၍ (၂)ရက်သာကြာမည်ဖြစ်ပါသည်။

"သိပ်အရေးကြီးနေရင်တော့ အိမ်လိုက်ယူလေ၊ အိမ်မှာတော့ ရှိပါတယ်"

"မပါဘူး"ဟု ပြောပြီး ကိစ္စပြတ်ပါလျက် ကျွန်တော်က အညာလွယ်စွာနှင့် အညာခံချင်သူ ဖြစ်နေပါသည်။



သူ လိုက်ယူပါသည်။ ငွေ (၅၀)ကျပ်ပေးလိုက်သည်။

သူပြောသည့် တနင်္လာနေ့ညနေမှာ ရုံးအပြန်တွင် သူ့ဆိုင်ဝင်သည်။ သူမရှိ။

နောက်တစ်နေ့သွားသည်။ မတွေ့ရ။ စနေနေ့ရောက်၍ ရက်တစ်ပတ်ပြည့်ပြီ။ သူ့ဆိုင်သွားစောင့်သည်။ တွေ့ပြီ။ သူ့မှာ ငွေအဆင်မပြေသေး၍ဟု ပြောပြီး တနင်္လာနေ့ထပ်ချိန်းသည်။ သွားသည်။ မတွေ့ရ။ ရှောင်တိမ်းနေပြန်သည်။

ခါတိုင်းဆိုလျှင် ကျွန်တော်ရုံးပြန်တိုင်း သူ့ကို ဆံပင်ညှပ်လျက်တွေ့ရသည်။ ကျွန်တော်၏ ရုံးအပြန်လမ်းမှာ သူ့ဆိုင်ရှေ့မှဖြစ်သည်။

သူ့တပည့်ကို မေးကြည့်သည်။ ယခင်က ဤကဲ့သို့မဟုတ်။ အလုပ်ကြိုးစားသည်။ ဆိုင်မြဲသည်။ ခုတလော ဆိုင်မှာမရှိသည့်အချိန်များနေသည်ဟု သိရသည်။

"အခြားလူတွေဆီကရော ငွေချေးတာရှိသလား" ဟု မေးကြည့်ရာ ရှိကြောင်းနှင့် အကြွေးရှင်များကို ရှောင်တိမ်းရဟန်တူကြောင်း လူငယ်က ပြောပြသည်။

"သူ့မှာ ဘာဒုက္ခရှိလို့လဲ၊ ဘာလုပ်ဖို့ ငွေချေးတာလဲ"

အကြောင်းနိုင်လုံလျှင် ခွင့်လွှတ်ချင်ပါသည်။

သို့သော် အကြောင်းက မခိုင်လုံ။ သူ့မိန်းမအတွက် အလှပြင်ဆိုင်ဝယ်ခုလုပ်ပေးချင်၍ ရင်းနှီးသူများထံမှ ငွေချေးသည်။ ဆိုင်ဖွင့်ပေးပြီး ဝင်ငွေကမကောင်းသေး။ အကြွေးများမပေးနိုင်၍ အကြွေးရှောင်သည်။ ရှောင်ရဖန်များတော့ ဆိုင်အလုပ်ပျက်သည်။ သူ့ဝင်ငွေ လျော့လာသည်။ ထပ်ပြီးချေးရ ငှားရ လိမ်ညာရသည်မှာ မရှက်တော့ပါ။ ကြွေးထူမှု သန်းများမယားဖြစ်လာပြီ။ မျက်နှာပြောင်တိုက်ရဲလာသည်။

သို့သော် ဒေါသကြီးသော ကြွေးရှင်တချို့၊ ကြောက်ရသော ကြွေးရှင်တချို့၏ရန်ကြောင့် ဆိုင်မှာမကပ်နိုင်၊ ရှောင်တိမ်းရချိန်များလာ၍ ဆိုင်စီးပွား

www.burmeseclassic.com

www.burmeseclassic.com



ရေးပျက်သွားသည်။ ဖောက်သည်လည်း ပျက်ကုန်သည်။

တစ်နှစ်ခန့်အတွင်းမှာပင် သူ့မိန်းမ၏ဆိုင်ရော သူ့ဆိုင်ပါရောင်းပြီး လင်မယားနှစ်ယောက်စလုံး ထိုမြို့မှ ပျောက်ကွယ်သွားကြပါသည်။

ဥစ္စာမရှိ၍ ကတိမတည်သည်ကို သူတစ်ပါးက ခွင့်လွှတ်လျှင်လည်း ကိုယ့်ဘက်ကတော့ မာနရှိသင့်သည်။ လုပ်ငန်းတိုးချဲ့လိုလျှင် ကိုယ်နိုင်သော အတိုင်းအတာနှင့်သာ တစ်ဆင့်ထက်တစ်ဆင့် တိုးချဲ့သင့်သည်။ သူများဥစ္စာကို ချေးငှားပြီး လွယ်လွယ်ကူကူနှင့် ကတိမဖျက်သင့်ပါ။ ထိုသို့ပြုလျှင် မိတ်ဆွေအပေါင်းအသင်းပျက်သည်။ မိမိ၏ ဥပဓိရုပ်ပျက်သည်။ လုပ်ငန်းလည်းပျက်၍ ဘဝပါပျက်သွားတတ်သည်ကို သတိထားသင့်ပါသည်။

ကိုယ်ပိုင်တိုက်နှင့် ကားနှင့် အရောင်းအဝယ်လုပ်ငန်းနှင့် သိန်းရာဂဏန်းခန့် ချမ်းသာနေသူတစ်ဦးသည် ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲလာသည်နှင့်အမျှ အလျင်အမြန် ချမ်းသာချင်စိတ်များ ကြီးမားလာသည်။ နိုင်ငံခြားနှင့်ပါ ဆက်သွယ်၍ ကုန်ပစ္စည်းများ မှာယူရောင်းချသည်။

ထိုအချိန်က အော့ဖ်ဆက်ပုံနှိပ်စက်တစ်လုံး သိန်း (၂၀)ခန့်ကျသည်။ (၁၀)သိန်း စရန်ငွေယူပြီး ဂျပန်ပြည်မှမှာပေးသည်။ မှန်မှန်ကန်ကန်ပင် ဖြစ်သည်။ ဝယ်သူက သဘောကျသွားသည်။ နောက်တစ်လုံး ထပ်မှာပြန်၏။ သိန်း (၂၀)ကို အားလုံးကြိုတောင်းသည်။ ဝယ်သူကယုံကြည်၍ ပေးလိုက်၏။ အော့ဖ်ဆက်လည်းမရပါ။ ငွေလည်း တစ်ပြားမျှ ပြန်မရပါ။ အမျိုးမျိုးလိမ်ညာပြောပြီး တိမ်းရှောင်နေသည်။ နောက်တော့ ကိုယ်လိုအလိမ်ခံရသူတွေ အများကြီးဖြစ်သည်။ သိန်းနှစ်ရာဖိုးခန့်ရှိသည်ကို အော့ဖ်ဆက်မှာသူသိသွားသည်။ လိမ်ညာခံရသူများအားလုံးညှိပြီး တရားစွဲကြသည်။

လိမ်ညာသူမှာ ထောင်(၅)နှစ်ကျသွားသည်။ သူ၏ မူလရှိပြီးသားစီးပွားလည်း အားလုံးပျက်ပြီး မိသားစုပါ ဟိုရောက်သည်ရောက်၊ ဟိုလူကြောက်ရ၊ သည်လူကြောက်ရ၊ အခြေပျက်အနေပျက်နှင့် ဘဝပျက်သွားသည်။



သူ့နောက်မှ သူ့လောက်မရှိသူများ ရိုးရိုးသားသား ကြိုးစားလုပ်ဆောင်ရင်း ချမ်းသာကြွယ်ဝသူများ ဖြစ်သွားကြသည်။

မူလအတိုင်း ရိုးရိုးသားသား ပုံမှန်လုပ်ကိုင်နေလျှင်ပင် သူ့ဘဝ သူ့အလုပ်အကိုင်နှင့် သူ့မိသားစုနှင့် တင့်တင့်တယ်တယ်နေရမည်။ သူတစ်ပါးထံမှ ရသမျှ လောဘတက်၍ လိမ်ညာယူချင်သောကြောင့် နေ့ချင်းညချင်း သိန်း (၁၀၀)မှ သိန်း (၂၀၀)ခန့်အထိ ဖြစ်လာသော်လည်း အကြွေးရှောင်ရင်း၊ လိမ်ညာရင်း ဖောက်သည်များ၊ လုပ်ငန်းများပျက်ပြီး နောက်ဆုံးမှာ မူလရှိသည်များပါ အားလုံးဆုံးပါးသွားခြင်းဖြစ်သည်။ ထောင်ပါကျ၍ မိသားစုပါ ဘဝပျက်သွားရသည်။

လိမ်ညာသူများ သတိထား၍ သင်ခန်းစာယူသင့်ကြသည်။ လိမ်ညာရန် အကြံဉာဏ်ထုတ် ကြိုးစားအားထုတ်ရသည်များကို ရိုးရိုးသားသား စီးပွားရေးလုပ်ငန်းများမှာ အကြံဉာဏ်ထုတ်၊ ကြိုးစားအားထုတ်လျှင် တစ်ဆင့်ထက်တစ်ဆင့် တိုးတက်နိုင်ပါသည်။ လိမ်ညာသည့်ပြစ်ဒဏ်အဖြစ် ထောင်ကျခြင်းဘေးမှလည်း ကင်းဝေးကြမည်။ မိသားစုပါ အေးချမ်းပျော်ရွှင်စွာနှင့် တင့်တင့်တယ်တယ် နေထိုင်နိုင်ကြမည်။

သူတစ်ပါးလုပ်စာကို လိမ်ညာ၍စားလိုသည့် မကောင်းသော အကုသိုလ်စိတ်ကို ရှောင်ကြဉ်ခြင်းဖြင့် လိမ်ညာသည့်အပြစ်ဒဏ်သင့်ခြင်းမှ ကင်းဝေးလွတ်မြောက်ကြပါစေ။

■

www.burmeseclassic.com

www.burmeseclassic.com

# မိန်းကလေးများသတိထား

ယခုတစ်လောတွင် မိန်းကလေးများကို လိမ်ညာလှည့်ဖြား၍ ရောင်းစား သည်များ မကြာခဏ ကြားသိနေရသည်။

မိန်းကလေးတို့၏သဘာဝ အရွယ်ကလေးရောက်လာသည်နှင့် လှလှ ပပ ဝတ်ချင်စားချင်သည်။ ကောင်းကောင်းနေ၊ ကောင်းကောင်းစားချင်သည်။ မိဘမောင်ဖွားတို့ရဲ့ အထိန်းအချုပ်မှကင်းပြီး လွတ်လပ်စွာ လှုပ်ရှားသွား လာလိုသည်။ အပျံသင်စငှက်ငယ်နှယ် ကောင်းကင်အနှံ့ အတောင်ပံဖြန့်၍ ပျံကြည့်လိုခြင်းဖြစ်၏။

ထိုသို့ လွတ်လပ်စွာ ပျံသန်းခြင်းဖြင့် တွေ့ကြုံရမည့် အန္တရာယ်များကို မသိကြ၊ မမြင်ကြ၊ စဉ်းစား၍မကြည့်ကြ၊ ဖြစ်ခါမှ ဖြစ်ကရော။ ကံကို ၍ ဆူးပုံနင်းချင်ကြသည်။

ငယ်ရွယ်သောမိန်းကလေးများ၏ အားနည်းချက်ကိုသိသော မိန်း လည်သိန်းကြွယ်တို့သည် အမျိုးသမီးချင်း စာနာထောက်ထားမှုမရှိ။ သမီး ချင်း မစာနာ၊ ကိုယ့်တစ်နပ်စာအတွက် သူတစ်ပါးဘဝပျက်အောင် လိမ်ညာ ၍ အန္တရာယ် ချောက်ကမ်းပါးအတွင်းသို့ မညှာမတာ ပို့ဆောင်ရက်ကြသည်။

စားသောက်ဆိုင်ကြီးမှာ အလုပ်ရမည်။ ကုန်တိုက်ကြီးမှာ ဈေးရောင်းရမည်။ ကောင်းကောင်းဝတ်ရမည်။ ကောင်းကောင်းစားရမည်။ နေဖို့လည်း ကောင်းကောင်းရမည်။ လခလည်း ခြောက်သောင်းရမည်။



လေးလ ကြာလျှင်ရှစ်သောင်းရမည်။ တစ်နှစ်ဆိုလျှင် တစ်သိန်းရမည်။ ပင်ပင် ပန်းပန်းလည်းမလုပ်ရ။ လှလှပပဝတ်ဆင်ပြီး သက်သက်သာသာ အလုပ် လုပ်ရမည်ဟုမက်လုံးပေး၍ မြူဆွယ်သည်။

ဒေသခံပွဲစားက နှစ်သောင်းသုံးသောင်းပေးသော ပွဲခကိုမက်၍ ကိုယ့် ရပ်ရွာမှ ရင်းနှီးသိကျွမ်းသော မိန်းကလေးများကို စည်းရုံးသွေးဆောင်၍ စုစည်းပေးသည်။

စာမတတ်၊ ပေမတတ်၊ စာတတ်သော်လည်း စာမဖတ်၊ အသိပညာ ဗဟုသုတနည်းပါးသော မိန်းကလေးများခမျာ ဆင်ခြင်စဉ်းစားနိုင်မှုလည်း အားနည်းကြသည်။ ယုံအောင်ပြောလျှင် ယုံရန် အသင့်ဖြစ်နေကြသည်။ အချို့က မိဘမသိအောင်လိုက်သည်။ အချို့မှာ မိဘမရှိ၍ အလွယ်တကူ လိုက်နိုင်ခွင့်ရှိသည်။ အချို့ကတော့ မိဘဖြစ်သူကပါ အသိအမြင်ဆင်ခြင် နိုင်မှုနည်းပါး၍ တားရကောင်းမှန်းမသိ၊ အလိုတူအလိုပါ ခွင့်ပြုကြသည်။

သုံးယောက်မှ ငါးယောက် ခြောက်ယောက်အထိ အသုတ်လိုက်ပါ သွားကြသည်။ တစ်ဆင့်ပြီးတစ်ဆင့် လက်ပြောင်းရောင်းစားရင်း နယ်စပ် မြို့များ သို့ရောက်သွားသည်။

အချို့က နယ်စပ်ကိုကျော်၍ တစ်ဖက်နိုင်ငံရောက်သည်အထိ ရောင်းစားခြင်းခံလိုက်ရသည်။

စားသောက်ဆိုင်မှာ အလုပ်ရပါသည်။ ကောင်းကောင်းဝတ်ရပါသည်။ ကောင်းစွာ ပြင်ဆင်ပေးပြီးမှ ညသည်ကို ခန္ဓာကိုယ်နှင့်ဧည့်ခံရန် အခန်းတံခါး ပိတ်ပေးခြင်းခံရသည်။ အန္တရာယ်နှင့် ရင်ဆိုင်တွေ့ပြီဆိုတော့ ထွက်ပြေးစရာ လမ်းမရှိ။ စိုးရွံ့တုန်လှုပ်စွာ ငိုကြွေးရုံမှတစ်ပါး အားကိုးရာနတ္ထိ။ ကျောချမှ စားပြမှန်းသိသော်လည်း နောက်ကျပြီ။

မကျေနပ်သော်လည်း ဘယ်သူ့ကိုတိုင်ရမှန်းမသိ။ အိမ်ထဲမှ အိမ်ပြင် ထွက်၍မရ။ အချို့က ခြံဝင်းအမြင့်ကြီး ကာထားသည်။ သူတို့မှာ လူမိုက်များ ရှိသည်။ သူတို့ခိုင်းသည်ကိုမလုပ်ဘဲ ငြင်းဆန်လျှင် နှိပ်စက်ညှဉ်းပန်းခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးရန်ကြိုးစားလျှင် အသေသတ်၍ အပြတ်ရှင်းသည် အထိ ရက်စက်ကြသည်။ ကိုယ့်ဒေသ၊ ကိုယ့်ရပ်ကိုယ့်ရွာမှာ ဘာအန္တရာယ်မှမရှိ။ ကိုယ့်နိုင်ငံ၏ တရားဥပဒေက ကိုယ့်ကိုလုံခြုံအောင် အကာအကွယ် ပေးထားသည်။ ချစ်ချယ်သည့်ထင်သော မိဘနှင့်မောင်ဘွားတို့သည် ကိုယ့်အတွက် အန္တရာယ်ကင်းအောင် ကာကွယ်နေကြသူများဖြစ်သည်။

မိဝေးဖဝေး ကိုယ့်ဒေသနှင့်ဝေးရာတွင် သူ့လက်ချုပ်တွင်မှရှေ့ဖြစ်၍ သူထားသလိုနေပြီး သူခိုင်းသလိုလုပ်ရသည်။ မတတ်သာသည့်အဆုံး ရေစုံမျောပါရင်း နောက်ဆုံးမှာ ကြောက်စရာကောင်းသော အိပ်ချ်အိုင်ဗွီရောဂါပိုးကို ရရှိသည်။ အိပ်ချ်အိုင်ဗွီပိုး စွဲကပ်ပြီဆိုလျှင် အနေးနှင့်အမြန် ကိုယ်ခံအားနည်းသော အေအိုင်ဒီအက်စ်ရောဂါ ဖြစ်တော့မည်။ ထိုရောဂါသည် ကုရာနတ္ထိဆေးမရှိသေး၍ မချိမဆန့်ရောဂါဝေဒနာများကိုခံစားပြီး အသက်ဆုံးပါးကြရသည်။

မကြာသေးခင်ကပင် နယ်စပ်မြို့တစ်မြို့မှာ မိန်ကလေးများကို မတော်မတရား ခိုင်းစားနေရာမှ မိန်းကလေးတစ်ယောက်၏ စွန့်စားထွက်ပြေးတိုင်ကြားမှုကြောင့် တာဝန်ရှိသူများသိရှိပြီး ကယ်တင်ခဲ့ရသည်။ မိန်းကလေးများကို မတရားခိုင်းစားသူများကို တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခဲ့သည်။

မတရားခိုင်းစားခံရသူများကို ဆေးစစ်ရာ မိန်းကလေး(၃)ယောက်မှာ အိပ်ချ်အိုင်ဗွီရောဂါပိုးကို တွေ့ရသည်။ ထိုပိုးသည် မိမိကိုယ်ထဲသို့ရောက်ပြီဆိုလျှင် ပျောက်ကွယ်သွားအောင် လုပ်၍မရ၊ သို့သော်ကိုယ်ခံအားနည်းသော ရောဂါဆိုးကြီးအဖြစ် ပေါ်မလာသေးသမျှ လူကောင်းနှင့်ခြားနားခြင်းမရှိ၊ ထိုမိန်းကလေးများ ကိုယ်ရပ်ကိုယ့်ရွာ ပြန်ရောက်လာ၍ အိမ်ထောင်ပြုလျှင် အိမ်ထောင်ပြုသောယောကျ်ားကို အိပ်ချ်အိုင်ဗွီကူးတော့မည်၊ မွေးလာသောကလေးမှာ အိပ်ချ်အိုင်ဗွီရောဂါပိုး ပါလာတော့မည်။ နောက်ဆက်တွဲ ကြေကွဲစရာများစွာကို ရင်ဆိုင်ကြရမည်။



ထိုမိန်းကလေးများက အိမ်ထောင်မပြုဘဲနေလျှင်လည်း အနေအထိုင်ဆင်ခြင်ပါမှ ရောဂါပြန့်ပွားခြင်းကင်းမည်။ ငယ်ရွယ်သူများဖြစ်ကြ၍ အနေအထိုင်မဆင်ခြင်လျှင် သူတို့နှင့်ဆက်ဆံသူမှန်သမျှ ရောဂါပြန့်ဝေခံရမည်။ သူ့ပတ်ဝန်းကျင်မှာ ရောဂါဆိုးပြန့်ပွားစရာ အန္တရာယ်ရှိနေသည်။

ထို့ကြောင့် မသိမလိမ္မာသော မိန်းကလေးများ လိမ်ညာလှည့်ဖြားခံရသည့်ဘေးမှ ဝေးကြရန် မိဘမောင်ဖွားတို့မှာ တာဝန်ရှိသလို ရပ်မိရပ်ဖများ၊ ရပ်ရွာအကြီးအကဲများ၊ တစ်ရပ်ကွက်တည်း အတူနေသည့် သိမြင်နားလည်သော လူကြီးလူငယ်များအားလုံးမှာ တာဝန်ရှိပါသည်။ မြို့နယ်မှာလည်း တာဝန်ရှိပါသည်။ ငါ့သားသမီးမဟုတ်၊ ငါ့အဆွေ၊ ငါ့အမျိုးမဟုတ်ဟု မျက်ကွယ်ပြုလျှင် ကိုယ့်ရပ်ကိုယ့်ရွာမှ မိန်းကလေးများအပေါ် တာဝန်မဲ့ရာရောက်ပါသည်။ ကိုယ့်ရွာမှ သားသမီးသည် ကိုယ့်သားသမီးသာဖြစ်ပါ၏။ ကိုယ့်နိုင်ငံမှ သားသမီးသည် ကိုယ်သားသမီးဖြစ်ပါ၏။ 'နေသာသပ လေညာက'ဟု သဘောထား၍မရပါ။ အမျိုးကို ကာကွယ် စောင့်ရှောက်လိုစိတ်ရှိသင့်ကြပါသည်။

မသိမလိမ္မာသူတို့သည် စာမတတ် ပေမတတ်၊ တတ်သော်လည်း စာမဖတ်မို့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် သူတို့အဟွက်ရေးသော သုကိပေးစာများကိုလည်း ဖတ်မိကြမည်မဟုတ်။ စာဖတ်သူ သိသူများက ကိုယ့်ရွာ၊ ကိုယ့်ရပ်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်အမျိုးသမီးများကို စောင့်ရှောက်ကြရမည်ဖြစ်ပါသည်။

လူပွဲစား မိန်းမလည်ဆိုသူများသည်လည်း တစ်နပ်စားဉာဏ်နှင့်ကြသူများဖြစ်သည်။ သိပ်အဆင့်ရှိသူများ မဟုတ်ပါ။ ကိုယ့်ထက်အသူများကို လိမ်ညာနိုင်ရုံအဆင့်သာ ရှိပါသည်။ ထို့ကြောင့် ရွာရပ်တစ်ခုသို့ ရောက်လာလျှင် လုပ်ပုံကိုင်ပုံ ပိပိရိရိရှိသည်မဟုတ်ပါ။ ဒေသခံပွဲစားကိုအားကိုးပြီး စည်းရုံးမြူဆွယ် လုပ်ဆောင်ကြရာတွင် လူအတော်များများသိပြီးမှ မိန်းကလေးများ ပါသွားကြခြင်းဖြစ်ပါသည်။ ကိုယ်ရွာကိုယ့်ရပ်မှ

www.burmeseclassic.com

www.burmeseclassic.com



သမီးငယ်လေးများ လိမ်ညာခံရခြင်းဖြစ်ပါသည်။ မိမိတို့ပါ အလိမ်အညာခံရခြင်းဖြစ်သည်။ ကိုယ့်ရွာကိုယ့်ရပ်မှ သမီးငယ်များ စော်ကားခံရခြင်းသည် မိမိတို့ပါ စော်ကားခံရခြင်းဖြစ်သည်။

ရပ်ရွာတိုင်းတွင် ဆယ်အိမ်မှူး၊ ရာအိမ်မှူးမှအစ တစ်ရွာလုံး တစ်ရပ်ကွက်လုံးကို စောင့်ရှောက်ရန်တာဝန်ရှိသော ရယကအဖွဲ့ဝင်များ ရှိကြ၏။ အခြားလည်း သိမြင်နားလည်၍ ဆင်ခြင်နိုင်သော ဉာဏ်ပညာရှိသည့် လူကြီးလူငယ်များရှိ၏။ ခပ်ညံ့ညံ့မိန်းမလည်ကြီးများ ကိုယ်ရပ်ကွက်မှ သမီးငယ်များကို လှည့်ဖြားခေါ်ဆောင်မသွားနိုင်အောင် နိုးကြားသောအသိဖြင့် ိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်အမျိုးအနွယ်များကို စောင့်ရှောက်ကြရမည်။ သိနားလည်သူများက တာဝန်သိစွာ စောင့်ရှောက်ကာကွယ်ကြလျှင် မိန်းကလေးများ လိမ်ညာဘေးနှင့် ကြုံရမည်မဟုတ်ပါ။

ကိုယ့်ရပ်ကိုယ့်ရွာမှ ကိုယ့်သားသမီးများကို လိမ်ညာလှည့်စားရန်ရောက်လာသူများကိုလည်း အချိန်မီဖမ်းဆီး၍ ထိရောက်စွာ အရေးယူနိုင်မည်ဖြစ်ပါသည်။

မြို့နယ်အဆင့် တာဝန်ရှိသူများသည်လည်း မိမိတို့မြို့နယ်အတွင်းမှာ ဤဖြစ်ရပ်မျိုး ကင်းရှင်းအောင် တာဝန်ယူစောင့်ရှောက်ကြရမည် ဖြစ်ပါသည်။ လှုပ်ရှားမှုများကို သတိထား၍ကြည့်လျှင် သိနိုင်ပါသည်။

လမ်းခရီးတစ်လျှောက်မှာလည်း မိန်းကလေးများ ခေါ်ဆောင်သွားသည်ကို တွေ့မြင်သူများ သတိထားမိနိုင်ပါသည်။ သိနားလည်သူအားလုံး ကိုယ့်နိုင်ငံမှ ကိုယ့်သမီးငယ်များကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါသည်။

မတော်မတရား လိမ်ညာဖျက်ဆီးသူများကို ကာကွယ်တားဆီး ကြရမည်။ သို့မှသာ ကျွန်တော်တို့၏သမီးငယ်များ လိမ်ညာဘေးမှ ဝေးကြပါလိမ့်မည်။ သူတို့ကို အညာခံရသည်ကို အကြောင်းပြုပြီး နောက်ဆက်တွဲဖြစ်ပေါ်လာမည့် ကြေကွဲစရာများ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်နိုင်ငံသို့



အန္တရာယ်ရောဂါဆိုး ကြီးယူလာပြီး ဖြန့်ဝေပေးခြင်းများမှ ကင်းဝေးကြမည် ဖြစ်ပါသည်။

(မိန်းကလေးများ လိမ်ညာဘေးမှ ဝေးကြပါစေ၊ ကျေးရွာရပ်ကွက်တိုင်းမှ သိနားလည်သူများသည် မိမိတို့ကျေးရွာရပ်ကွက်ရှိ သမီးငယ်များ လိမ်ညာဘေးမှဝေးအောင် စောင့်ရှောက်နိုင်ကြပါစေ ...)

■

www.burmeseclassic.com

www.burmeseclassic.com

## မိန်းကလေးများ လိမ်ညာဘေးမှဝေးပါစေ

အေးမွန်သည် မင်္ဂလာဒုံဈေးထဲမှ စက်ချုပ်ဆိုင်တစ်ဆိုင်တွင် အလုပ်သင် စက်ချုပ်သမလေးဖြစ်သည်။ အတော်အသင့် ချုပ်တတ်နေပြီဖြစ်၍ ဆိုင်ရှင်အတွက် အကူအညီရပြီဖြစ်သည်။

အေးမွန်၏မျက်နှာလေးမှာ နာမည်နှင့်လိုက်အောင် အေးချမ်း၍ ရည်ရည်မွန်မွန်ရှိသည်။ ထိုမျက်နှာလေးနှင့်လိုက်ဖက်စွာ ခန္ဓာကိုယ်အရိုက်အရိုတို့မှာ အပိုအလိုမရှိ၊ အချိုးအဆစ်ပြေပြစ်လှပသည်။

နံနက်(၇)နာရီတွင် ဆိုင်ရှင်အစ်မကြီးနှစ်ယောက်နှင့်အတူ အေးမွန်ဆိုင်ကိုရောက်၍ တံခါးပေါက်များဖွင့်ပြီးသည်နှင့် မျက်စောင်းထိုးမှာ လှမ်းမြင်နေရသည့် မိုးမွှင့်လက်ဖက်ရည်ဆိုင်သွားပြီး လက်ဖက်ရည်သုံးခွက်နှင့် အီကြာကွေးဝယ်သည်။

ဤကိစ္စ နေ့စဉ်လုပ်နေကျဖြစ်၍ အေးမွန်ရောက်လာသည်နှင့် မိုးမွှင့်လက်ဖက်ရည်ဆိုင်မှ ဖျော်ဆရာလှဝင်းက အသင့်ဖျော်ထားသည့် လက်ဖက်ရည်သုံးခွက်ကို အေးမွန်ယူလာသည့် ဓာတ်ဘူးမှာထည့်ပေးသည်။ အီကြာကွေးပူပူသုံးခုကိုလည်း ပလတ်စတ်အိတ်ငယ်နှင့် ထည့်ပေးသည်။

ထိုတဒင်္ဂလေးမှာပင် လှဝင်းသည် အေးမွန်၏မျက်နှာလေးကို အနီးကပ်အားပါးတရ ကြည့်ခွင့်ရ၏။ ကျန်တစ်နေ့လုံးမှာတော့ အဝေးကသာ မြင်ခွင့်ရသည်။



လှဝင်းသည် ရိုးသားကြိုးစား၍ စားပွဲထိုးမှတစ်ဆင့် ဖျော်ဆရာအဆင့်သို့ ရောက်လာသူဖြစ်သည်။ လက်ဖက်ခြောက်စပ်ပုံ၊ လက်ဖက်ခြောက်နှပ်ပုံမှအစ လက်ဖက်ရည်ဖျော်ခြင်းကို စိတ်ဝင်စားစွာ နည်းလမ်းရှာအတုယူ၍ ကောင်းသည်ထက်ကောင်းအောင် ကြိုးစားသည်။

ဆိုင်မှာအမြဲလာသောက်သည့် ဖောက်သည်တို့၏ အကြိုက်ကိုလည်း သတိထားသည့် လှဝင်း၏ကြိုးစားမှုကြောင့် မိုးမွှင့်လက်ဖက်ရည်ဆိုင်မှာ အရောင်းတက်လာသည်။ ဆိုင်ရှင်ကလည်း လှဝင်းကို ယုံကြည်အားထားသည်။

လှဝင်း၏ရည်မှန်းချက်မှာ ကိုယ်တိုင်ဆိုင်ပိုင်ရှင်ဖြစ်၍ ကိုယ့်ဘဝကိုယ်ရပ်တည်နိုင်လျှင် အေးမွန်ကလည်း ကိုယ်တိုင်အပ်ချုပ်ဆိုင်ထောင်နိုင်သော အဆင့်သို့ရောက်၍ နှစ်ယောက်အတူ သာယာလှပသော ဘဝလေးတစ်ခု ထူထောင်ကြရန်ဖြစ်သည်။

အေးမွန်ကိုလည်း ဖွင့်ပြောထားပြီးဖြစ်သည်။ အေးမွန်ကိုယ်တိုင်ကလည်း လှဝင်း၏ စိတ်ကူးလေးမှာ သင့်တင့်ကောင်းမွန်စွာ ကြည်နူးစရာဖြစ်မည်ကို နားလည်ပါ၏။

ထို့ကြောင့် နှုတ်မှအတိအကျ ထုတ်ဖော်လက်ခံခြင်း မပြုသော်လည်း မျက်လုံးများမှတစ်ဆင့် မျက်နှာအမူအရာနှင့် လက်ခံသောသဘောကို ဖော်ပြထားပြီးဖြစ်ပါသည်။

ဤကြားထဲမှာပင် မိုးမွှင့်သို့ဆိုင်ကယ်ဖြင့် လက်ဖက်ရည်လာသောက်သော လူငယ်တစ်ယောက်က အေးမွန်ကို အမှတ်မထင်မြင်သွားသည်။ သူတို့စက်ဆိုင်မှာ ညှိသည်လာ၍ လက်ဖက်ရည်လာဝယ်လျှင် အေးမွန်ကိုယ်တိုင်လည်း လူငယ်ကို အမှတ်မထင်ကြည့်မြင်လိုက်သည်။

လူငယ်ကပြုံးပြသည်။ အေးမွန် ဘာမှုမစဉ်းစားလိုက်ရဘဲ ပြန်ပြုံး မိလျက်သားဖြစ်သွားပြီးမှ မျက်လွှာချပြီး ခေါင်းငုံ့လိုက်ရသည်။

လူငယ်၏ပုံမှာ အဖျော်ဆရာလှဝင်းလို ချွေးသံရွှဲရွှဲနှင့် အိုမဲတာပေပေ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ဂျင်းဘောင်းဘီအပြာနှင့် အဖြူရောင်တီရှပ်နှင့် လက်ထဲမှာလည်း ရွှေရောင်သော့တွဲပြားပါသော ဆိုင်ကယ်သော့ကိုကိုင်လျက် အေးမွန် လက်ဖက်ရည်ဆိုင်မှ ပြန်ထွက်လာသောအခါ မိန်းကလေးတို့၏ သိတတ်သော သဘာဝအရ လူငယ်ကြည့်နေမည်ကို မကြည့်ဘဲနှင့်သိပါသည်။ စိတ်ကို ထိန်းချုပ်ထားသည့်ကြားမှပင်လူငယ်ရှိရာသို့ မျက်လုံးတစ်ချက် ဝင့်ကြည့် လိုက်မိသည်။

လူငယ်ကပြုံးပြတော့ အေးမွန်ရင်ထဲမှာ ထူပူပြီး နှလုံးခုန်သံမြန်ခဲ့ရသည်။

နောက်တော့ ဆိုင်ကယ်နှင့်လူငယ်က မိုးပွင့်လက်ဖက်ရည်ဆိုင်သို့ မနက်တစ်ခါ၊ နေ့ခင်းတစ်ခါထိုင်ပြီး အေးမွန်ကိုကြည့်သည်။ မျက်လုံးချင်း ရင်းနှီးပြီဆိုတော့ အေးမွန်တို့ဆိုင်သွားပြီး ယောက်ျားအင်္ကျီချုပ်သလားဟု မေးသည်။ ဆိုင်ရှင် ဒုတိယအစ်မက ယောက်ျားအင်္ကျီချုပ်သည်။

မကြာမီလူငယ်သည် အေးမွန်တို့စက်ဆိုင်သို့ အရောက်များလာ၏။

အင်္ကျီတစ်ထည်ပြီးတစ်ထည် အပ်နိုင်၍ ဝှေလည်းသုံးနိုင်သောလူငယ် ကို ဆိုင်ရှင်အစ်မကြီးနှစ်ယောက်က အရေးပေးသလို အေးမွန်ကလည်း မျက်နှာသာပေးသည်။ လက်ဖက်ရည်ဆိုင်မှ လှမ်းမြင်နေရသော လှဝင်းခမျာ ရှေ့မှာရေနွေးကြိုသော မီးသွေးမီးပူထက် ရင်ထဲမှာအဆများစွာ ပူလောင် သော ဝေဒနာကို ခံစားရသည်။ နံနက်ခင်းမှာ လက်ဖက်ရည်လာဝယ်သော အေးမွန်ကိုမသိမသာ သတိပေးသည်။ အေးမွန်က ဘာမှပြန်ပြောခြင်းမရှိ။ သို့သော်အေးမွန်၏အကြည့်များ ပြောင်းသွားသည်ကို လှဝင်း သတိထား မိသည်။

ဆိုင်ကယ်နှင့်လူငယ်က အေးမွန်တို့ဆိုင်သို့ ပို၍အလာစိပ်လာသည်။ အေးမွန်နှင့် တရင်းတနှီးပြောဆိုရယ်မောနေကြသည်များကို ပတ်ဝန်းကျင်မှ မြင်ရသည်။ အကြည့်များကလည်း အဓိပ္ပာယ်အပြည့်နှင့် ဖြစ်နေကြပြီ။

မိုးပွင့်လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုဘငွေက အေးမွန်ကို အသေအချာ မသိသော လူငယ်တစ်ယောက်ကို မယုံလွယ်သင့်ကြောင်း၊ အပြင်ပန်းကြည့်



ပြီး ယုံလွယ်လျှင် ဒုက္ခရောက်တတ်ကြောင်း၊ လှဝင်းမှာ ရိုးသားကြိုးစားသူဖြစ်၍ အိမ်ထောင်ဖက်စဉ်းစားသင့်ကြောင်း၊ ပြင်ပြင်ဆင်ဆင်နှင့်နေလျှင်လှဝင်း၏ ရုပ်ရည်မှာလည်း ဆိုင်ကယ်နှင့်လူငယ်ထက် မညံ့ကြောင်း၊ ဆိုင်ကယ်ကို အထင်မကြီးသင့်ကြောင်း သတိပေးစကားပြောသည်။ အေးမွန်နားမဝင်ပါ။ နောက်ရက်များတွင် အေးမွန်တစ်ယောက် လူငယ်၏ ဆိုင်ကယ်နောက်မှ လိုက်ပါသွားသည်ကို တွေ့ရသည်။ နောက်တော့ အတိအလင်းတွဲဖြစ် သွားသည်။ ရန်ကုန်မြို့ထဲသို့ ဆိုင်ကယ်နှင့်သွား၍ ရုပ်ရှင်ကြည့်ကြသည်။ နယ်မြို့များသို့ ဟိုအကြောင်း၊ သည်အကြောင်းများနှင့် သွားသည်။ ဆိုင်ကယ် နှင့်လည်း သွားသည်။ ကားနှင့်လည်းသွားသည်။

လက်ဖက်ရည်ဖျော်ဆရာလေးလှဝင်း၏ စိတ်ကူးထဲမှနန်းတော်လေး ပြိုကျပျက်စီးသွားသည်။

'နှမြောလိုက်တာ အေးမွန်ရယ်'

လှဝင်းရင်မှာ ခံစားရလွန်းသည်။ လှဝင်းကိုကြည့်ပြီး သူ့ဆရာလည်း စိတ်မကောင်းဖြစ်ရ၏။

သုံးလခန့်ကြာပြီးနောက် ဆိုင်ကယ်ဆရာ အလာကျဲသွားသည်။ ကြာလာသည်နှင့်အမျှ ပို၍ပို၍ ကျဲလာ၏။ နောက်ဆုံးမှာ လုံးဝမလာတော့ပါ။

အေးမွန်တစ်ယောက် မျှော်တော်ဇောနှင့်မောနေချိန်မှာ ပတ်ဝန်းကျင် ကတော့ အတင်းများစွာပြောစရာဖြစ်နေကြပြီ။

ပတ်ဝန်းကျင်ကို ရင်မဆိုင်နိုင်၍လား၊ အခြားအကြောင်းကြောင့်လား အေးမွန်တစ်ယောက် စက်ဆိုင်မှပျောက်သွားသည်။

မော်ဘီမြို့နယ်ထဲမှ သူ့ဇာတိရွာသို့ ပြန်သွားခြင်းဖြစ်သည်ဟု စကား ထွက်လာသည်။

'မှားလိုက်တာ အေးမွန်ရယ်'

ထိုအချိန်တွင် မိုးပွင့်လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုဘငွေက ဆိုင်အသစ် ဖွင့်သောကြောင့် မင်္ဂလာဒုံဈေးထဲမှ မိုးပွင့်လက်ဖက်ရည်ဆိုင်ကို လှဝင်းသို့

www.burmeseclassic.com

www.burmeseclassic.com



လွှဲပြောင်းပေးခဲ့၏။

လှဝင်းမျှော်မှန်းသည့်အတိုင်း ကိုယ်ပိုင်လက်ဖက်ရည်ဆိုင်နှင့်ဖြစ်လာသည်။ အေးမွန်နှင့် မင်္ဂလာဆောင်ရန်ရည်မှန်းပြီး စုထားသောငွေမှာ ဆိုင်ကလေးကို ပြုပြင်တိုးချဲ့ရန်ဖြစ်သွားခဲ့သည်။ အကြော်ဆရာကောင်းကောင်းငှား၍ ပဲပလာတာ၊ စမူဆာနှင့် မုန့်မျိုးစုံပါတင်သည်။

လှဝင်းဆိုင်မှာ တစ်နေ့တစ်ခြား ပို၍ရောင်းကောင်းလာသည်။ လှဝင်းကိုယ်တိုင်လည်း ဖျော်စရာမလိုတော့ပါ။ တပည့်တစ်ယောက်ကို ကိုယ့်လက်ကျရအောင် အသေအချာသင်ပေးပြီး လှဝင်းက ကောင်တာထိုင်သည်။

မီးဖိုနှင့်ဝေးသွား၍ လှဝင်းလှလှပပဝတ်ဆင်နိုင်ပြီ။

သို့သော် အေးမွန်ရှိခဲ့သော စက်ဆိုင်ကလေးဆီသို့မြင်တိုင်း လှဝင်းရင်နာရသည်။

'လွမ်းလိုက်တာ အေးမွန်ရယ်'

ဆိုင်ကယ်သမားရောက်မလာခင်မှ အေးမွန်ဘဝကလေးကို လွမ်းဆွတ်မိသည်။ အေးမွန်က မှားမိသည့်အတွက် ဝမ်းနည်းစကားဆိုသော်လည်း လှဝင်းရင်မှာ ရှင်သန်ခဲ့သောအချစ်သစ်ပင်လေး ညှိုးနွမ်းခဲ့လေပြီ။

ဖြစ်ရပ်မှာ တကယ်ကြုံတွေ့ခဲ့ရခြင်းဖြစ်၍ သင်ခန်းစာယူစရာဖြစ်ပါ၏။

ဘဝကို လက်တွေ့ကျစွာ တွေးမြင်ခြင်းမရှိဘဲ အပေါ်ယံကြည့်၍ စိတ်ကူးယဉ်မိသောကြောင့် မိန်းမလှလေးများ တစ်ယောက်ပြီးတစ်ယောက် ပြောင်း၍ ချစ်တတ်ကြသူ၏ လှည့်စားခြင်းကို အေးမွန်ခံခဲ့ရသည်။

လှည့်စားသူက လွယ်လွယ်စွန့်ခွာသွားသော်လည်း ခံရသူက ပြန်၍မရှင်ပြင်၍မလန်း၊ လက်လွှန်ပန်းအဖြစ်ညှိုးနွမ်း၍ သဘာဝလက်ဆောင်မှန်အဖြစ်ပေးခဲ့သောအလှမှာ အကျိုးမဲ့ဖြစ်ရသည်။

အေးမွန်လိုမိန်းကလေးများစွာရှိပါသည်။

ရုံးတစ်ရုံးမှ အထက်တန်းစာရေး မောင်မောင်မြင့်သည် ရုပ်ရည်ချောချော



ဖြစ်၍ အဝတ်အဆင်ကလည်း သပ်သပ်ရပ်ရပ်ရှိသည်။ တချို့သော အရာရှိများပင် မောင်မောင်မြင့်လောက် အရာရှိပုံမပေါက်။

လုပ်ရည်ကိုင်ရည်မှာလည်း တော်သည်။ ပြောပုံဆိုပုံကလည်း သွက်လက်ချက်ချာသည်။

ထိုအချိန်ကုန်သွယ်ရေးဆိုင်များမှာ လှည့်ပတ်ပစ္စည်းလျှောက် ပစ္စည်းထုတ် ပြန်ရောင်းပြီး မောင်မောင်မြင့် ဝင်ငွေကောင်းနေသည်။ သူများဒုးယားသောက်ချိန်တွင် မောင်မောင်မြင့်က ငါးသုံးလုံးဘူး စားပွဲပေါ်တင်သောက်သူဖြစ်သည်။

မောင်မောင်မြင့်မှာ မိန်းမရှိသည်။ ကလေးသုံးယောက်ရှိသည်။ သို့သော် နောက်ထပ် မိန်းမယူလိုက်သည်မှာလည်း တစ်နှစ်တစ်ယောက်ဖြစ်သည်။ ယူသည့်မိန်းကလေးများအားလုံး အချောအလှလေးတွေချည်းဖြစ်သည်။

လှလှပပ သပ်သပ်ရပ်ရပ် ဝတ်ဆင်နေတိုင်သော မောင်မောင်မြင့်ကို မိန်းကလေးများ အထင်ကြီးသည်။ မောင်မောင်မြင့်က လူပျိုလူလွတ်အဖြစ် ယုံအောင်ပြောပြီး ရအောင်ယူသည်။

ယူပြီးသည့်နောက် မယားကြီးနှင့် ကလေးများရှိကြောင်း သိသွားလျှင်လည်း အရေးမစိုက်။ ဤမိန်းကလေးနှင့်တွေ့စဉ်က မယားနှင့်ကွဲနေ၍ လူပျိုဖြစ်ကြောင်း ဆက်ပြီးမပေါင်းချင်လျှင် ပြဿနာမရှိ၊ ကိုယ်တိုင်ခွာထုတ်ရမည့်အလုပ် ပြီးသွားသည်ဟု သဘောထားသည်။

မောင်မောင်မြင့် အသက်(၃၇)နှစ်မှာ မိန်းမ(၁၇)ယောက်ယူပြီးဖြစ်သည်။ နောက်ယူသောမိန်းမများကို တစ်နှစ်ထက်ပို၍ မပေါင်း။ တချို့ကိုဆိုလျှင် (၆)လခန့်ပေါင်းသည်။ တချို့မိန်းမများတွင် ကလေးကျန်ရစ်သည်။ သို့သော် မောင်မောင်မြင့်မှာ ဖခင်စိတ်မရှိ၊ မိန်းကလေးအပေါ်မှာလည်း နမချင်းစာနာစိတ်မရှိ၊ မိမိသာယာမှုတစ်ခုတည်းအတွက် အတ္တလွန်ကဲသူဖြစ်သည်။

မောင်မောင်မြင့် မိန်းမတစ်ယောက်ယူလာတိုင်း ဘာမျှသေသေချာချာ မစုံစမ်းပဲ လွယ်လွယ်ယုံရဲသော မိန်းကလေးများကိုသာ လူများက အံ့ဩ

www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။

ရန်ကုန်မြို့ရှိ နာမည်ကြီးကုန်တိုက်ကြီးတစ်ခုမှ ကောင်တာတာဝန်ခံ မိန်းမချောလေးတစ်ယောက်မှာလည်း မော်တော်ကားအမျိုးမျိုး၊ ဆိုင်ကယ်အမျိုးမျိုးနှင့် လာလေ့ရှိသော လူငယ်တစ်ယောက်ကို အထင်ကြီးရာမှ ချစ်သူအဆင့်သို့ ရောက်သွားကြသည်။ လူငယ်က ပဲခူးမြို့ရှိ နာမည်ကြီး ဆေးလိပ်ခုံကြီးတစ်ခု၏သားဟု ဆိုသည်။

တစ်ရက်တွင် ပဲခူးသို့ ဘုရားဖူးအဖွဲ့နှင့် မိန်းကလေးကိုလိုက်ပါရန် ခေါ်ပြီး လူငယ်က မိန်းကလေးကို မိဘများနှင့် မိတ်ဆက်ပေးချင်၍ သူ့တိုက်ကို လိုက်ခဲ့ရန်ခေါ်သည် မိန်းကလေးလိုက်သွားသည်။ ပြန်မလာတော့ပါ။ လူငယ်ကတစ်ခါတည်း ခိုးပြေးခြင်းဖြစ်သည်။

မိဘများက အတူသွားသူများ၏ ပြောပြချက်အရ ဆေးလိပ်ခုံသွားမေးသည်။ ထိုဆေးလိပ်ခုံတွင် ထိုအရွယ် ထိုသားမျိုးမရှိကြောင်း သိရသည်။

တစ်ပတ်ကျော်ကြာမှ ပြန်တွေ့ရသောအခါ လူငယ်သည်ဝပ်ရှော့တစ်ခုမှ အလုပ်သမားဖြစ်ကြောင်း သိရသည်။ ဝပ်ရှော့ပိုင်ရှင်၏သားနှင့် သူငယ်ချင်းဖြစ်၍ သူငယ်ချင်း၏ ဘောင်းဘီအင်္ကျီများကို ငှားဝတ်ပြီး ဝပ်ရှော့မှာ လာပြင်သည့် ကားအမျိုးမျိုး ဆိုင်ကယ်အမျိုးမျိုးနှင့် စတိုးဆိုင်သို့သွားခြင်း ဖြစ်သည်။

သက်ဆိုင်ရာတိုင်ကြားပြီး ထိရောက်စွာအရေးယူခဲ့သော်လည်း မိန်းကလေးခမျာ ခြေလွန်၊ လက်လွန်၊ ခရီးလွန်ပြီးဖြစ်ခဲ့ပြီ။ မလွန်မီက မယုံလွယ်ကြဖို့လိုပါသည်။

မိန်းမလေးများ လိမ်ညာဘေးမှဝေးပါစေ။

■

# လိမ်ရောင်းလိမ်ဝယ်လိမ်လည်သူများ

## ဆန်အလိမ်အညာ

ဆန်ဈေးကောင်းသောအချိန်တွင် ရပ်ကွက်များသို့လှည့်လည်၍ ဆန်ရောင်းသူများ ပေါ်ပေါက်လာ၏။ ရောင်းသူ သုံးယောက်ခန့်ရှိသည်။ အမျိုးသားတစ်ယောက်၊ အမျိုးသမီးနှစ်ယောက်၊ တစ်ခါတစ်ရံ အမျိုးသားနှစ်ယောက်၊ အမျိုးသမီးတစ်ယောက်။

ဆန်အိတ်ပိုင်းများကို ထမ်း၍ရွက်၍ သယ်လာကြသည်။ သူတို့နှင့်အတူ အသင့်ချက်ပြီးယူလာသော ထမင်းကိုလည်း ချိုင့်လေးနှင့်ထည့်၍ယူလာသည်။ ဝယ်သူကို ထမင်းပြသည်။ သူတို့ကိုယ်သူတို့ ပုသိမ်မှလာသည်၊ ဖျာပုံမှလာသည်။ လယ်သမားများဖြစ်သည်။ ကိုယ့်လယ်ထွက်ဆန်ကို ကိုယ်တိုင်ကြိတ်ခွဲပြီး ရောင်း၍ ဤဈေးမျိုးနှင့် ရောင်းနိုင်ခြင်းဖြစ်ကြောင်း ပြောသည်။ ကာလပေါက်ဈေးထက် လျှော့ရောင်းသည်။

ထမင်းလည်းကောင်း၊ ဈေးလည်းချို၍ သူတို့ပြောသည့်အတိုင်း ဝယ်သည်။ "ဒီအိတ်အပိုင်းကတစ်တင်းပါ၊ ဒီအိတ်ပိုင်းက ဆယ်ပြည်ပါ၊ ဒါကရှစ်ပြည်ပါ၊ ဒါကလေးပြည်ပါ" ဟုပြောသည်။

ဝယ်သူကျေနပ်အောင် ဆန်ကိုထုတ်၍ အသင့်ပါလာသောပြည်တောင်းဖြင့် ချင်ပြသည်။ ဝယ်သူကကျေနပ်စွာ ငွေပေးချေ၍ဝယ်သည်။

"တစ်လက်စတည်းနဲ့ ဒီဆယ်ပြည်ကိုလဲ ယူလိုက်ပါ"ဟု ဈေးသည်မှ ရောင်းပြန်သည်။ "သဘောနဲ့ပြန်ရမှာမို့ အချိန်မမီမှာစိုးလို့ပါ။ တစ်ရက်ပဲနေရင်

www.burmeseclassic.com

www.burmeseclassic.com



နေစရိုက်၊ စားစရိုက်နဲ့ မကာမိလို့ပါ'' ဟုတောင်းတောင်း ပန်ပန်ပြောကြသည်။

ဝယ်သူကလည်း အားနာ၍ ဝယ်လိုက်သည်။ တစ်တင်း၊ ဆယ်ပြည်၊ ခြောက်ပြည်စသည်ဖြင့် အိတ်ပိုင်းသုံးမျိုးခန့်ဖြစ်သည်။

''ပန်းပင်လေးတွေ လှလိုက်တာ၊ ဘာပန်းပင်ခေါ်သလဲ''

အိမ်မှာစိုက်ထားသော ပန်းပင်များကို စိတ်ဝင်စားစွာမေးသည်။ အိမ်ရှင်မက လိုက်ပြ၊ ရှင်းပြသည်။

အနားမှာရှိနေသော အိမ်မှာအကူအညီမိန်းကလေးကို ''ရေသာလွန်းလို့ ရေတစ်ခွက်လောက်ပေးပါ''

ကျွန်တစ်ယောက်က ရေတောင်းသည်။ မိန်းကလေးက အိမ်ထဲသွား ရေခပ်သည်။

ဆောဆောက ချင်တွယ်ထားပြီးဖြစ်သော ဆန်ပိုင်းလေးများကို သူတို့မှာရှိသော ဆန်အိတ်ပိုင်းများနှင့် လဲလှယ်ထားလိုက်သည်။

နှုတ်ဆက်ထွက်ခွာသွားပြီးနောက် အိမ်ရှင်များက ဆန်အိတ်ပိုင်းများကိုအိမ်ထဲသို့ သယ်ခဲ့ကြသည်။ အချို့က အိတ်ပိုင်းများကို သေးငယ်နေသည်ထင်၍ ပြန်ချင်ကြည့်သည်။ အချို့က ညနေပိုင်းလောက်မှ သံသယရှိ၍ ချင်တွယ်သည်။

ချက်ချင်း ချင်းတွယ်သူများပင် ဆန်သည်များကို ပြန်ရှာသောအခါ အစအနပင်မတွေ့ရအောင် လျင်မြန်စွာပျောက်သွားတတ်ကြသည်။

ဆန်အိတ်ပိုင်းများမှာ ဆန်ပြည်ချင်အရေအတွက်များ လျော့နည်းခြင်း၊ ဆန်အညံ့များနှင့် လဲလှယ်သွားခြင်းတို့ကို ပြုလုပ်သွားကြသည်။ အိတ်ပိုင်းသုံးခုပေါင်းလျှင် ခြောက်ပြည်မှ ရှစ်ပြည်အထိပင် လျော့နည်းနေတတ်သည်။

ဝယ်သူများမှာ အလိမ်အညာခံရ၍ ငွေကြေးဆုံးရှုံးသည့်ထက် အရှက်ရ မကျေမနပ်ဖြစ်ကြရသည်။ သနား၍ ဝယ်ယူသည်ကို လိမ်ညာသောကြောင့်လည်း ပို၍မကျေမနပ်ဖြစ်ရသည်။



## ဆီအလိမ်အညာ

ဆန်ကို လိမ်ညာရောင်းသူရှိသကဲ့သို့ ဆီကိုလည်း လိမ်ညာရောင်းသည်။ ဆီရောင်းချသော အိမ်ဆိုင်၊ ဈေးဆိုင်များသို့ ဆီပုန်းကို မနိုင်မနင်းဆွဲလာပြီး၊ မိမိတို့အခင်းထွက် မြေပဲကိုကြိတ်ခွဲလာသည့် မြေပဲဆီစစ်စစ်ဖြစ်ကြောင်း၊ ဈေးတွင်ရောင်းရာ ဆိုင်ကြီးများကဈေးနှိမ်၍ အဆင်မပြေကြောင်းပြောပြီး ဈေးလျှော့ရောင်းသည်။ ဆီသည်က ဆီကိုနမ်းကြည့်သည်။ လျှာဖြင့်လျက်ကြည့်သည်။ သေချာသည်။ ဘာမျှရောမစပ်ထားသော မြေပဲဆီစစ်စစ်ဖြစ်သည်။ ဤဈေးနှင့်ရသည်မှာ တန်လှသည်သည်ဟု ဝယ်လိုက်သည်။

နောက်မှ အရောအစပ်လုပ်ပြီး ရောင်းရန်ဆီကို ထုတ်ချင်သည်။ (၁)ပိဿာခန့်သာမြေပဲဆီစစ်စစ်ထွက်လာသည်။ ပုန်းက အပေါ်ပိုင်းမှာ ကန့်ပိုင်းလုပ်ထားသည်။ အောက်ဖက်မှအပိုင်းကို ဖောက်ကြည့်သောအခါ ရေများဖြစ်နေသည်။ ပဲဆီစစ်စစ်တစ်ပိဿာထည့်ပြီး ရေကိုးပိဿာနှင့်ပေါင်း ရောင်းစပ်ရောင်းသွားခြင်းဖြစ်သည်။ ဝယ်မိသူများမှာ အရှုံးများစွာဖြစ်ရသည်။

သံဖြူပုန်းလုပ်သူပါ အလိုတူအလိုပါ လိမ်ညာရန် ကူညီခဲ့ခြင်းဖြစ်သည်။

## ပန်းပင်အလိမ်အညာ

အချို့သောဈေးများတွင် ပန်းပင်လိမ်ညာရောင်းသူများ ရှိ၏။ လမ်းဘေးမှ ပျံကျရောင်းသူများ ဖြစ်ကြသည်။ ရပ်ကွက်များတွင်လည်း လှည့်လည်လိမ်ညာရောင်းနေကြသည်။ မသိသူများ ဈေးသက်သာသည်ထင်၍ ဝယ်မိရာမှ အလိမ်အညာခံကြရသည်။

ကစ်စ်မီကွစ်ကဲ့သို့ ပန်းကိုင်းများကို အမြစ်တုများတပ်၍ အပင်အဖြစ်ရောင်းသောကြောင့် မသိသူများ ဝယ်မိရှာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိန်းကမှန်းတို့သည်လည်း သူ့အပင်နှင့် သူ့အပွင့်မဟုတ်ဘဲ ရိုးရိုးပိန်းကမှန်းပင်တွင် အရိုးတန်ရှည်ပါးသော ပိန်းကမှန်းပွင့်များကို အရွက်အရင်းမှ ခွကြားတွင် သွင်းထားရှိ တန်ဖိုးကြီးသောအပင်အဖြစ် ဈေးကြီးပေး၍ ဝယ်မိကြသည်။ အပွင့်ကလည်း တော်တော်နှင့်ညှိုးသည်မဟုတ်၍ မသိနိုင်။ ရက်ကြာပြီး အပွင့်ညှိုးနေ၍ နတ်ကြည့်မှ အပင်နှင့်အပွင့်မှန်သည့် အလိမ်အညာ ဖြစ်သည်ကို သိရသည်။

## ဝယ်သူကလိမ်ညာခြင်း

ရောင်းသူကလိမ်ညာသလို ဝယ်သူကလိမ်ညာခြင်းလည်း ရှိ၏။ မကြာမီကပင် ကျွန်တော်မိတ်ဆွေတစ်ယောက်၏ အထည်ဆိုင်တွင် အထည်အလိပ်လိုက် လိမ်ညာခံလိုက်ရ၏။ လူငယ်တစ်ယောက်၊ အထည်လာဝယ်သည်။ အလိပ်လိုက်ဈေးကိုမေးသည်။ဈေးပြောတော့ နည်းနည်းဆစ်သည်။ ရောင်းနိုင်သောဈေးဖြစ်၍ ရောင်းလိုက်သည်။ ဆရာ့ထံမှာ ပိုက်ဆံလိုက်ယူပါဟုဆိုသည်။ အတော်ခပ်လှမ်းလှမ်းမှ အအေးဆိုင်တွင် ဆရာစောင့်နေသည်။ ဆိုင်မှအလုပ်သမားတစ်ယောက် အထည်အလိပ်ကို ထမ်းပိုးရင်း ငွေယူရန်လိုက်လာသည်။ အထည်အလိပ် ကိုတော့ဆရာက သဘောကျသည်။ "တခြားဘာအရောင်တွေရှိသေးသလဲ" ဟုမေးသည်။ ရှိသော အရောင်ကိုပြောပြတော့ အပြာနုရောင် တစ်လိပ် ထပ်ယူမည်ဟု ဆိုသည်။

ဆရာက ပထမအထည်လိပ်ဖိုးနှင့် ဒုတိယအထည်လိပ်ဖိုးပါ သူ့တပည့်ကို ပေးလိုက်သည်။ တပည့်ဖြစ်သူနှင့်ဆိုင်မှပါလာသူက သူတို့အထည်ဆိုင်သို့ ပြန်သွားကြသည်။ ဆရာက အထည်အလိပ်တစ်ခုနှင့်အတူ အအေးဆိုင်မှာ ကျန်ရစ်သည်။



တပည့်နှင့် ဆိုင်မှလူတို့အတူလာကြရာမှ လမ်းဆေးမှ လက်ဖက်ရည်ဆိုင်တစ်ဆိုင်နားရောက်ချိန်တွင်

"ခဏလေးနော်၊ ကျွန်တော် စီးကရက်တစ်ဘူးလောက် ဝယ်ချင်လို့"

ဟု ဆိုသောကြောင့် ဆိုင်မှလူက လမ်းဆေးမှရပ်စောင့်နေသည်။

ထိုလူက ဆိုင်ထဲဝင်သွားသည်။ အတော်ကြာသည်အထိ ပြန်ထွက်မလာ။ ငါးမိနစ်ကြာသည်အထိ ဆိုင်မှလူကစောင့်သည်။ (၇)မိနစ်ခန့်ကြာသောအခါ ဆိုင်ထဲဝင်ကြည့်သည်။ မရှိတော့ ဆိုင်၏အခြားဘက်အပေါက်မှထွက်၍ လမ်းပေါ်သို့ရောက်ပြီး ထွက်သွားပြီ။

အထည်ဆိုင်များ သွားသလားဟုဆိုင်သို့ပြန်လာသည်။ ဆိုင်လည်း ရောက်မလာ။ လိမ်ညာပြီဟု သံသယဖြစ်လေသည်။ အအေးဆိုင်ကို အထည်လိပ်တစ်ခုနှင့် ကျန်ခဲ့သောဆရာဆိုသူထံသွားကြည့်သည်။ အထည်လိပ်ရော ဆရာပါမရှိတော့ပါ။ အထည်တစ်လိပ် ပါသွားသည်။

လက်တစ်လုံးခြား လိမ်ညာမှုကလေးများဖြစ်သည်။

ငွေပေး၍ လက်ငင်းဝယ်ယူခြင်းမဟုတ်ဘဲ ဆရာကလွှတ်လိုက်သည်။ ဟိုလိုက်ခဲ့ပါ။ ဒီလိုက်ခဲ့ပါဟုခေါ်နေလျှင် ပုံမှန်မဟုတ်တော့ပါ။

(လိမ်နည်းများကိုသိထားခြင်းဖြင့် လိမ်ညာခံရသားမှကင်းဝေးကြပါစေ)

■

www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်သိန်းကျော် လိမ်ညာနည်း

ဟိုတယ်လုပ်ငန်းများနှင့် အခြားသော စီးပွားရေးလုပ်ငန်းကြီးများကို တွဲဖက်လုပ်ကိုင်သော လုပ်ငန်းရှင်ကြီးတစ်ဦး၏ မန်နေဂျာသည် ဆိုကန်သည်ကြီးတစ်ဦး၏ ဆိပ်ပွဲရုံသို့ ဖုန်းဆက်၏။ ဆီဝေပါ(၁၀)လုံး ဟိုတယ်ကြီးတစ်ခုသို့ပေးရန် ဟိုတယ်အမည်နှင့်တကွ မှာကြားသည်။ ည(၇)နာရီခွဲ အချိန်ခန့်တွင် ဖုန်းဆက်မှာကြားခြင်းဖြစ်၍ ချက်ချင်းပေးပို့ရမည်ဖြစ်သည် နာမည်ကြီးလုပ်ငန်းကြီးဖြစ်၍ ပွဲရုံမှလည်း အစဉ်သဖြင့် ဖောက်သည်ဖြစ်ချင်သောကြောင့် ပေးပို့မည်ဖြစ်ကြောင်း စီစဉ်ပေးသည်။ သို့သော် ကားစီစဉ်ရ လူစီစဉ်ရ ပစ္စည်းတင်ရနှင့်(၈)နာရီခွဲအချိန်ခန့်တွင်မှ မှာကြားသောနေရာသို့ ဆီပေပါ(၁၀)လုံးပါသော မော်တော်ကားရောက်သွားသည်။

သို့သော် ဟိုတယ်တွင် ညစာခံပွဲတစ်ခုရှိသည်။ ညစာခံပွဲက မပြီးသေး။ ဆီလာပို့သောကားကို မန်နေဂျာ၏ကိုယ်စား တာဝန်ရှိသူတစ်ဦးက တွေ့သည်၊ မှာကြားသည်မှာမှန်ကြောင်း။ သို့သော် ဟိုတယ်မှာ ညစာခံပွဲမပြီးသေး၍ ချရန်မသင့်တော်ကြောင်း သူတို့ကုမ္ပဏီမှပိုင်သည့် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုသို့ အပို့ခိုင်းသည်။ ထိုလူပါ တစ်ခါတည်းလိုက်လာသည်။

ဆီပေပါများကို ကားပေါ်မှမချဘဲ ဆောက်လုပ်ရေးအိမ်ရာစခန်းသို့ဆက်သွားကြသည်။

ထိုနေရာသို့ ရောက်သောအခါ မော်တော်ကားကို အပြင်ဘက်



လမ်းဘေးမှာပင် အရပ်ခိုင်းခဲ့ပြီး ဦးဆောင်ခေါ်လာသူက ဆောက်လုပ်ရေးလုပ်ငန်းတစ်ခု လုပ်ဆောင်နေဆဲဖြစ်သော အဆောက်အဦးဝင်း တစ်ခုအတွင်းသို့ ဝင်သွားသည်။

ခဏအကြာတွင် ပြန်ထွက်လာသည်။

ကိုထောင်မှူး အပြင်သွားနေကြောင်း ဆီပေပါများကို ဤနေရာမှာပင် ချထားခဲ့ရန်၊ ဤနေရာမှတစ်ဆင့် သူတို့လုပ်ငန်းခွဲများကို ခွဲဝေပေးရမည် ဖြစ်ကြောင်း ပြောကြား၍ ဆီပေပါများကို ချလေသည်။ ဆောက်လုပ်နေဆဲ အဆောက်အဦးနှင့် ခြံဝင်းအိမ်ရှေ့မှ လမ်းဘေးမှာပင် ချထားခဲ့ရသည်။

"ငွေရှင်းဖို့ကျတော့"

ပွဲရုံမှ ဆီပေပါများလိုက်ပို့သည့် လူငယ်ကမေးသည်။

"ဟာ . . ခင်ဗျားတွေ့တဲ့အတိုင်းပဲလေ၊ မန်နေဂျာက ညစာခံပွဲမပြီးတော့ ထွက်လို့မရသေးဘဲ၊ မနက်ကျတော့ ရုံးချိန်အတွင်းလာလိုက်ပါ၊ ထုတ်ပေးမှာပေါ့"ဟုဆိုသည်။

လူငယ်ခမျာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ ပိုက်ဆံတစ်ခါတည်း လက်ခံရမည်ဟု နားလည်ထားသည်။ သို့သော် ကုမ္ပဏီက ဘာမျှထူးထူးခြားခြား ပြောကြားလိုကခြင်းမရှိ၊ နာမည်ကြီးသူဌေးအမည်နှင့် ကုမ္ပဏီဖြစ်၍ ယုံယုံကြည်ကြည်နှင့် အချိန်မီအောင် အမြန်စီစဉ်ပေးပို့လိုက်ခြင်းသာဖြစ်သည်။

"ခင်ဗျားကလဲဗျာ . . ဒီလောက် နာမည်ကြီးသူဌေးနဲ့ ကုမ္ပဏီအနေနဲ့ အသေးအဖွဲပါ၊ ဒါဆို . . ခင်ဗျားကို ပစ္စည်းလက်ခံရရှိကြောင်း ကျွန်တော်စာရေးပေးလိုက်ရမလား"

လူငယ်၏ဝေဝေဝါးဝါးဖြစ်နေသည်ကို တစ်ဖက်လူက နားလည်၍ မကျေမနပ်ပြောသည်။

"အေးဗျာ . . အဲဒါဆိုရင်တော့ အထောက်အထားလေးရှိတော့ ကောင်းတာပေါ့၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့ ကျွန်တော်ကလည်း ကျွန်တော့်ပွဲရုံကို ပြန်ပြောရမှာမို့ပါ"

www.burmeseclassic.com



လုယက်ကပင် တောင်းတောင်းပန်ပန် ပြန်ပြောပါသည်။

တစ်ဖက်လူက သူ့မှာပါသောအိတ်အတွင်းမှ စာရေးပက်တစ်ခုကိုထုတ်ယူပြီး ပွဲရုံအမည်ဖြင့်ပေးပို့သော ဆီပေပါ(၁၀)လုံးကို ဟိုတယ်ကြီးမှ လက်ခံရရှိကြောင်းစာရေး၍ လက်မှတ်ထိုးပေးလိုက်သည်။ အောက်တွင်မှ အမည်နှင့် ဟိုတယ်နာမည်ကိုပါ ရေးပေးလိုက်သည်။

ပွဲရုံမှလူငယ်မှာ ထိုစာကိုပင် အနိုင်အမာပြု၍သွားပြီး ပွဲရုံသို့ပြန်ပါသည်။

ပွဲရုံရောက်သောအခါ သက်ဆိုင်ရာဟိုတယ်သို့ ဖုန်းဆက်သည်။ မန်နေဂျာနှင့် အဆက်အသွယ်ရအောင် ကြိုးစားသည်။ မန်နေဂျာက သူဟို့အနေဖြင့် ဆီပေပါ(၁၀)လုံးမှာကြားခြင်းမရှိကြောင်း ပြောသည်။

ဟိုတယ်မှာ ညှိခံပွဲရှိနေ၍ မန်နေဂျာ၏ ကိုယ်စားလှယ်မှ ကြိုဆိုပြီး ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေရာ အိမ်ရာစခန်းသို့ ပြောင်းပို့ရသည် ဆိုခြင်းကိုလည်း ဘာမှုမသိပါ။

ပွဲရုံမှလူများ ကားဖြင့်လိုက်ကြသည်။ ဆီပေပါများ ချထားခဲ့သည့် နေရာတွင် ဘာမှုမရှိတော့ပါ။ ကိုယ်စားလှယ်ဆိုသူလည်း မရှိတော့ပါ။ သူသည် ဆီပေပါ(၁၀)လုံးကို လိမ်ညာ၍ယူသွားသူဖြစ်ပါ၏။

တစ်ချိတည်းနှင့် (၇)သိန်းကျော်ပါသွားသော လိမ်ညာမှုကြီးဖြစ်ပါသည်။

အလားတူဖြစ်ရပ်များရှိပါ၏။ ဤဆောင်းပါးမှာ လိမ်ညာတတ်သူတို့၏ လုပ်ဆောင်လေ့ရှိပုံ ယေဘုယျသဘာဝများကို သတိထား၍ ရှောင်ရှားနိုင်ကြပါစေရန် သတိပေးလိုက်ခြင်းသာ ဖြစ်ပါသည်။

ကုမ္ပဏီကြီးများ၊ ပွဲရုံကြီးများအပါအဝင် လုပ်ငန်းရှင်များ၊ ရိုးရိုးသားသား လုပ်ကိုင်စားသူများ၊ လိမ်ညာသောမှ ဝေးကြပါစေ။

■

# စာသင်တိုက်ကြီးသို့ ဆန်အိတ်(၁၀၀)

BURMESE CLASSIC .com

နာမည်ကြီးပရိယတ္တိစာသင်တိုက်ကြီးသို့ သားသားနားနား သပ်သပ်ယပ်ယပ်ဝတ်ဆင်ထားသူတစ်ဦး ရောက်လာပြီး သူ၏လူကြီးက (အမည်ပြောလိုက်ရုံနှင့် လူအများသိသော လုပ်ငန်းရှင်ကြီးတစ်ဦး (သို့) သူဌေးကြီးတစ်ဦး၏ အမည်ကိုပြောခြင်းဖြစ်သည်) ဤကျောင်းတိုက်သို့ ဆန်အိတ်(၁၀၀)လှူဒါန်းမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူကျောင်းတိုက်မှ တိုက်အုပ်တိုက်ကြပ်များနှင့် တွေ့ဆုံပြောဆိုသည်။ လှူဒါန်းမည့်ရက်ကို နောက်မှညှိနှိုင်း သတ်မှတ်မည်ဟု ဆိုသည်။

ပထမတစ်ခေါက်တွင် ဆန်အိတ်(၅၀)လာချမည်ဖြစ်ကြောင်း အလှူယ်တကူချထား၍ ရမည့်နေရာကို စီစဉ်ပေးပါရန် ပြောဆိုသည်။ ကြိုတင်မှာကြား ချက်အရ သက်ဆိုင်ရာမှလာရောက်၍ ဆန်အိတ်များထားမည်ကို ကြိုတင် သိရှိထားပါရန် လျှောက်ထားခြင်းဖြစ်ကြောင်းကိုလည်း ပြောကြားသည်။ ကျောင်းတိုက်မှ ဆ[illegible]အိတ်များချထားရန် အဆင်ပြေမည့်နေရာ စီစဉ်သတ်မှတ် ပေးသည်။

ထိုပုဂ္ဂိုလ်သည် ဆန်ပွဲရုံကြီးတစ်ခုသို့သွား၍ သူ၏လူကြီး (ပရိယတ္တိစာသင်တိုက်မှာ အသုံးပြုခဲ့သောအမည်ကိုပင် ပြောကြားသည်။) ဤ ပရိယတ္တိစာသင်းတိုက်ကြီးသို့ ဆန်အိတ် (၁၀၀)လှူမည်ဖြစ်ကြောင်း၊ ယခုဆန်အိတ် (၅၀) ဦးစွာတင်ပို့ရန်ဖြစ်ကြောင်း၊ ဆန်အိတ်(၂၀)ဖိုးကို ကြိုတင်၍

www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့မည်ဖြစ်ကြောင်း၊ နောက်တစ်ခေါက်တွင် ဆန်အိတ်(၁၀၀)ဖိုး အကြွေးပေးချေမည်ဖြစ်ကြောင်း ယုံလောက်စေသည့်အကြောင်းများနှင့် ရှင်းလင်းပြောကြားသည်။

လူပုဂ္ဂိုလ်၏ သပ်သပ်ရပ်ရပ်ရှိခြင်း၊ အပြောအဆိုကလည်း ယုံလောက်သောအကြောင်းများဖြစ်နေခြင်း၊ ပြောသောလူကြီး၏ အမည်မှာလည်း လေးစားလောက်သူဖြစ်ခြင်း၊ ဆန်အိတ်ပို့ရမည့် ကျောင်းတိုက်ကြီးမှာလည်း နာမည်ထင်ရှား၍ လူသိများသော ကျောင်းတိုက်ကြီးဖြစ်နေခြင်း၊ ဆန်အိတ်(၂၀)အတွက်ငွေကိုလည်း ကြိုတင်ပေးချေထားခြင်းကြောင့် ဆန်အိတ်(၁၀၀)ရောင်းရမည်ကိုလည်း သဘောကျ၍ ပွဲရုံမှအစီအစဉ်မဖြင့်ပင် မော်တော်ကားငှား၍ ပရိယတ္တိစာသင်တိုက်ကြီးသို့ ဆန်အိတ်များသွားပို့ပေးသည်။

ဆန်အိတ်(၂၀)ဖိုးပေးချေသူက ကျန်သည့်အိတ်(၈၀)ဖိုးပေးချေရန် သူ့လူကြီးထံသို့ပြန်၍ အလုပ်ဌာနမှ ငွေယူရမည်ဟု ပြောဆိုထွက်သွား၏။

ဆန်ပွဲရုံမှ ပေးပို့သောဆန်အိတ်(၅၀) ပရိယတ္တိစာသင်တိုက်သို့ ရောက်သွားသည်။ သက်ဆိုင်ရာကျောင်းတိုက်ကလည်း ဆန်အိတ်များ အလွယ်တကူချထားနိုင်ရန် စီစဉ်ပေးသည်။ ဆန်အိတ်များချထားခဲ့သည်။

နောက်ထပ် နာရီဝက်ခန့်အကြာတွင် မှုလကလာရောက်လျှောက်ထားသူပင် ကျောင်းတိုက်သို့ရောက်လာ၍ ဆန်အိတ်များကိုကြည့်ပြီး ပေးပို့သော ဆန်အိတ်များမှာ မှာကြားသည့် အမျိုးအစားမဟုတ်ကြောင်း ဤဆန်များကိုသာ သူ့လူကြီးတွေ့လျှင် စိတ်ဆိုးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သူ့လူကြီးမှာကြားသည်အတိုင်း ပို၍ကောင်းသည့်ဆန်နှင့် ပြန်လဲရမည်ဖြစ်ကြောင်း သံဃာတော်များကို ပြောဆိုလျှောက်ထားပြီး ကားတစ်စီးငှား၍ ဆန်အိတ်(၅၀)ကို ပြန်တင်သွားသည်။

နောက်ထပ် မည်သည့်ဆန်အိတ်မှ ကျောင်းတိုက်သို့ ထပ်မံမရောက်လာတော့ပါ။ ဆန်ပွဲရုံမှလူများသာ လိုက်လာကြပါသည်။ ဆန်အိတ်(၂၀)ဖိုး



ပေးပြီး ဆန်အိတ်(၅၀)ယူသွားကြောင်း၊ ဆန်အိတ်(၁၀၀)ယူမည်ပြောသွားပြီး နောက်ထပ်လည်းရောက်မလာ၍ ဆန်အိတ်(၅၀)ပို့ထားခဲ့သောကျောင်းတိုက်သို့ လာရောက်စုံစမ်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထိုအခါကျမှ ဆန်အိတ်(၅၀)ကို ကျောင်းတိုက်မှပြန်သယ်ယူသွားကြောင်းနှင့် လိမ်ညာခြင်းဖြစ်ကြောင်း သိရတော့သည်။

ထင်ရှားသောကျောင်းတိုက်နှင့် ထင်ရှားသူများ၏ အမည်ကိုအသုံးချပြီး တစ်ချိုးကောင်းလိမ်ညာသွားခြင်းဖြစ်သည်။

စာသင်ကျောင်းတစ်ခုကို ခုတုံးလုပ်၍ စာသင်ကျောင်းဆောက်ရန် အကြောင်းပြချက်ဖြင့် ဘိလပ်မြေအိတ်များကိုလည်း ဤနည်းဖြင့်လိမ်ညာခဲ့ခြင်းရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ထီလက်မှတ်နှင့် လိမ်ညာဘေး

နာမည်ကျော် နာမည်ကြီးထီလုပ်ငန်းကြီးတစ်ခု၏ အမည်နှင့် ရောင်းချသော ထီဆိုင်တစ်ခုတွင် လွန်ခဲ့သည့် လေးလခန့်က မင်္ဂလာနံပါတ်တွဲထိုးခဲ့သည်။ ထီပေါက်လျှင် အကြောင်းကြားနိုင်ရန် အမည်နှင့်ဖုန်းနံပါတ် ပေးခဲ့သည်။

လူတစ်ယောက်က ထိုဖုန်းကိုဆက်၍ မိန်းကလေး၏ အမည်ကို ခေါ်သည်။ မိန်းကလေးဖုန်းကိုင်သောအခါ ထီဆိုင်ကြီး၏အမည်နှင့် ဖုန်းဆက်ကြောင်းပြော၍ မိန်းကလေးကို ထိုဆိုင်မှ ထီးထိုးခဲ့ခြင်းရှိမရှိ မေးသည်။ မိန်းကလေးက ထိုးခဲ့ဖူးကြောင်း ပြောသည်။ ထိုးခဲ့လျှင် ကံထူးသူ ဖြစ်နေကြောင်း ပြောသည်။ မိန်းကလေး စိတ်လှုပ်ရှားနေပြီ။ ထိုးခဲ့သည့် ထီပေါက်နေပြီ။ ထီလက်မှတ်များက သန့်ရှင်းရေးလုပ်သည့် အထဲပါသွားပြီ။

"ထီပေါက်နေလို့လား"

မိန်းကလေးက ပြန်မေးသည်။

ထီပေါက်သကဲ့သို့ပင် ကံထူးနေကြောင်း၊ သူတို့ဆိုင်မှာ ထီထိုးသူများရဲ့ အမည်စာရင်းပါတဲ့ လယ်ဂျာစာအုပ်တိုက် သူတို့ကိုးကွယ်တဲ့ (တောင်နာမည်နှင့် ဆရာတော်ကြီး၏ အမည်ကိုပြော၍) ဆရာတော်ကြီး သိမ်ဝင်တဲ့အခါ ထည့်ပေးလိုက်ကြောင်း၊ ဆရာတော်ကြီး အဓိဋ္ဌာန်ထွက်သည့်အခါလယ်ဂျာ စာအုပ်ပါ ထီထိုးသူများ အမည်စာရင်းကို ကြည့်၍ လူလေးသောင်းကျော်ထဲမှ



တစ်ယောက်၏ အမည်ကိုရွေးချယ်ပြီး အတိတ်ကပြခဲ့သည်။ ကောင်းမှုကံ အကျိုးပေးချိန်ကျရောက်နေသူဖြစ်ကြောင်း၊ သိန်းသုံးရာဆုပေါက်ရန် တွေမြင်ရကြောင်း၊ ထီဆုကြီးပေါက်လျှင်လည်း သာသနာပြုမည့်သူဖြစ်သည်ဟု ပြောကြားကြောင်း၊ ထို့ကြောင့်ထီးထိုးရန် အကြောင်းကြားခြင်းဖြစ်ကြောင်း ထီပေါက်လျှင် ပေါက်သည့်ငွေမှပြီး ဆရာတော်ကြီးတည်နေသော ဘုရားမှာလှူရမည်ဖြစ်ကြောင်း။ တခြားဘုရားမှာ လှူချင်လည်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားပါသည်။

"အဲဒီတော့ ထီထိုးရင် ကျွန်မက ဘယ်မှာထိုးရမှာလဲ"

မိန်းကလေးက ပြန်မေးသည်။

ဆရာတော်ကြီးက နေ့ရက် အချိန်နာရီနှင့် ညွှန်ကြားထားခြင်းဖြစ်၍ သူတို့ဆီမှ လူလွှတ်ပြီးထီလက်မှတ်ပေးပို့မည်ဖြစ်ကြောင်း ပြောသည်။

နေ့ရက်နှင့် အချိန်ကိုမေးရာ ယနေ့ညနေနှစ်နာရီမှ ခုနှစ်နာရီအတွင်း ဖြစ်ကြောင်းပြောသည်။ ဖုန်းဆက်သည့်အချိန်က နေ့ခင်း(၂)နာရီ စဉ်းစားချိန်၊ တိုင်ပင်ချိန် သိပ်မရှိ။ မိန်းကလေး ဘာပြန်ပြောရမှန်းမသိ၊ ဆရာတော်ကြီး အဓိဋ္ဌာန်ဝင်ပြီးမှ ကိုယ့်နာမည်ရွေးသည်ဆိုခြင်းကိုလည်း ဝမ်းသာသည်။ သိန်း(၃၀၀)ဆုကြီးလည်း ရချင်သည်။ ဘုရားအလှူလည်း လှူချင်သည်။

သို့သော် ဟုတ်မှဟုတ်ရဲ့လား။ အလိမ်အညာတွေလား စဉ်းစားနေရသည်။

"ဘယ်လိုလဲ သိပ်စိတ်မပါသလိုဘဲ စိတ်ဝင်စားရဲ့လား။"

တစ်ဖက်မှ ဖိအားပေးသော အမေးဖြစ်သည်။

"ထီလက်မှတ်ဖိုးက ဘယ်လောက်ကျမှာလဲ"

ရှစ်သောင်းခွဲလောက်ကျမယ်

ငွေကများသည်။ မိန်းကလေးပို၍ စဉ်းစားရပြန်ပြီ။ ငွေမတတ်နိုင်၍ မဟုတ်။ အမှန်အကန်လား။ အကြံအဖန်လား စဉ်းစားရခြင်းဖြစ်သည်။

ထီလက်မှတ် အိမ်ရောက်လျှင် ဘုရားကန်တော့ပွဲမှာ ထည့်ထားရမည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း၊ မိသားစုမဟုတ်သော တခြားလူများ ကိုင်ခွင့်မရှိ ကိုင်သူက အကုသိုလ်များသူဖြစ်လျှင် အကျိုးပေးမည့် ကုသိုလ်ကံများ ကြောင်း။ ထိုထိုးသူသည် မွေးနေ့မှာ သက်သက်လွှတ်စားပြီး သပြေကိုင်းညွှန့် ဘုရားလှူရမည်ဖြစ်ကြောင်း။ နိုဝင်ဘာလ(၃)ရက်နေ့တွင် သူ့တို့အိမ်မှာ ဆရာတော်ကြီးကြွလာမည်ဖြစ်ကြောင်းနှင့် လာရောက်ဖူးမျှော်ရမည် ဖြစ်ကြောင်း၊ ကားမရှိလျှင် လာခေါ်မည်ဖြစ်ကြောင်း တစ်ဖက်မှဆက်ပြောနေပါသည်။

မိန်းကလေးက အဖေ အမေနှင့် တိုင်ပင်ပြီးမှ အကြောင်းပြန်ပါမည်။ ဖုန်းနံပါတ်ပေးရန်ပြောသည်။ တစ်ဖက်မှ ဖုန်းနံပါတ်ပေးသည်။

ငါးနာရီလောက် ဖုန်းပြန်ဆက်ပါမည်ပြောသောအခါ ငါးနာရီဆိုလျှင် နောက်ကျကြောင်းနှင့် သုံးနာရီခန့် အကြောင်းပြန်ကြားရန်ပြောသည်။ အချိန်က တစ်နာရီပင် မကျန်တော့ပါ။

မိန်းကလေးက ကျွန်တော့်ကိုလာရောက် ပြောပြတိုင်ပင်ပါသည်။ ကျွန်တော်ကြားဖူးထားပါသည်။ ရိုးသား၍ သဘာဝတရားကြည်ညိုလေးစားသော အဒေါ်ကြီးတစ်ယောက်ကို ဤနည်းမျိုးနှင့် ဆင်တူစွာ ထီလက်မှတ်လာရောင်းသွားသည်။ အဒေါ်ကြီးက ထီလက်မှတ်ရာစီးအုပ်ကို ဖြေ၍ပင် မကြည့်ဘဲ ငွေပေးချေလိုက်သည်။ ထီလက်မှတ်အုပ်ကို ကန်တော့ပွဲအတွင်း ထည့်ထားသည်။ ထီဖွင့်၍မပေါက်သည့်အခါကျမှ ထီလက်မှတ်အုပ်ကို ဖြေကြည့်ရာ ထိပ်နှစ်ဖက်မှ ထီလက်မှတ်နှစ်စောင်သာ အစစ်အမှန် ဖြစ်သည်ကို တွေ့ရသည်။ ယခုကိစ္စမှာလည်း ဆရာတော်ကြီးပြောသည် ဆိုသော စကားကို ကြိုမပြောဘဲ အချိန်ကပ်ပြီးမှ ပြောသည်။ စဉ်းစားချိန်ပေးသည်မှာလည်း တစ်နာရီခန့်သာဖြစ်သည်။ ရိုးသားသည်ဟု မထင်ကြောင်း မိန်းကလေးကို သတိပေးလိုက်သည်။

မိန်းကလေးစိတ်ပျက်သွားသည် ဆရာတော်ကြီး အမည်ကို ကြား၍ ကြည်ညိုသဒ္ဓါဖြစ်မိကြောင်း။ ဤကဲ့သို့သော ဆရာတော်ကြီး၏ အမည်ကို



အသုံးမချသင့်ကြောင်း မိန်းကလေးက စိတ်မကောင်းစွာ ပြောပါသည်။

မကျေမနပ်ဖြစ်၍ ထီဆိုင်ကြီးကိုဖုန်းဆက်မေးသည်။ ထီဆိုင်ကြီးက သူတို့ဆက်တာမဟုတ်ကြောင်း ဆိုင်ခွဲတစ်ခုခုက လုပ်တာဖြစ်မည် ထင်ကြောင်း ပြောပါသည်။

ကိစ္စပျက်သွားပြီ၊ မိန်းကလေးဖုန်းဆက်ပြန်ကြားခြင်းမပြုတော့ပါ။ ကိုယ်တိုင် လိမ်ညာခံရသည် မဟုတ်သေး၍လည်း ဘာမှုမလုပ်တော့ပါ။

ထီလုပ်ငန်းရှင်ကြီးများ သတိထားသင့်ပါသည်။ ကိုယ့်အမည်ကို သုံး၍ လိမ်ညာရန် ကြံစည်ခြင်းဖြစ်သည်။ မသိပါ၊ မဟုတ်ပါဟုဆိုသော်လည်း ကိုယ့်အမည်နှင့် ဖွင့်ထားသောဆိုင်တစ်ခုခုမှာ ထီထိုးပြီး ဖုန်းနံပါတ်နှင့် နာမည်ကို ပေးခဲ့ခြင်းဖြစ်သည်၊ မိမိတို့ ထီလုပ်ငန်းနှင့် ပတ်သက်မှုရှိနေပါသည် မိမိတို့လုပ်ငန်းအမည်ကို အသုံးပြုခြင်းဖြစ်နေသည်။

စီးပွားရေးလုပ်ငန်းကြီးများ လုပ်ရာတွင် "နာမည်ကောင်း" ဆိုသည်မှာ အလွန်အရေးကြီးပါသည်။ မကျေနပ်၍ ပြဿနာကို အဆေအချာဖော်ထုတ်သူနှင့်ကြုံလျှင် ရှင်းရလင်းရဖြစ်လိမ့်မည်။ ကိုယ်ထိခိုက်နိုင်ပါသည်။ မိမိနှင့် ပတ်သက်ဆက်စပ်နေသောဆိုင်ခွဲများ မော်တော်ကားနှင့် လှည့်လည် ရောင်းချသူများကို အသိပေးသင့်သည်၊ သတိပေးသင့်သည်။ မိမိ၏ နာမည် ကောင်းကို ကာကွယ်သင့်သည်။

လူအများ လိမ်ညာဘေးမှ ကင်းဝေးကြပါစေ။

**လယ်တွင်းသားစောချစ်**

www.burmeseclassic.com